# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁)ရက် ၊ တနင်္လာနေ့ ၊ (12-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိလျှောကျမှုကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိလျှောကျမှုကို တွေ့ရစဉ်။

**ပုသိမ် အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးစွာ မမြရေလှောင်တမံ အရေးပေါ်ရေပိုလွှဲကို မြေတူးစက်တစ်စီးဖြင့် ၃၁၂ ပေမှ ၃၀၇ ပေသို့ ထပ်မံနှိမ့်ချ၍ ရေလျှော့ချနိုင်ရန် ဆောင်ရွက်နေမှု၊ တမံအိလျှောကျမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ

**စာမျက်နှာ ၂၁ ကော်လံ ၁**

## နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှုမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလတို့တွင် အပူချိန်များမြင့်မားခြင်း၊မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

**စာမျက်နှာ ၂၁ ကော်လံ ၄**

## ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ အနုပညာရှင်များ လာရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည့် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ယနေ့မွန်းလွဲပိုင်းတွင် အနုပညာရှင်များ လာရောက်ကြည့်ရှုလေ့လာ၍ ကျောက်မျက်ရတနာများ ဝယ်ယူအားပေးကြသည်။

ဦးစွာ အနုပညာရှင်များက မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်၊

**စာမျက်နှာ ၂၀ ကော်လံ ၄**



၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ အနုပညာရှင်များ လာရောက်ကြည့်ရှုအားပေးကြစဉ်။



ဘားအံမြို့နယ် သံဝေဇနိယဗုဒ္ဓဂယာခရီးစဉ်ဒေသတွင် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လှုပ်ရှားမှု ဆောင်ရွက်ကြစဉ်။

## ဘားအံမြို့နယ် သံဝေဇနိယဗုဒ္ဓဂယာခရီးစဉ်ဒေသတွင် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆောင်ရွက်

**ဘားအံ အောက်တိုဘာ ၁၁**

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသ ၂၂ ခုတွင် ပါဝင်သည့် ဘားအံမြို့နယ် ခလောက်ထောင်ကျေးရွာအနီးရှိ သံဝေဇနိယ ဗုဒ္ဓဂယာခရီးစဉ်ဒေသ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဗုဒ္ဓဂယာချစ်သူများ၊ ခလောက်ထောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ဗုဒ္ဓဂယာခရီးစဉ်ဒေသ ပရဝဏ်အတွင်းရှိ စွန့်ပစ်ပလတ်စတစ်နှင့်အမှိုက်များဖယ်ရှားခြင်း၊သန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါအသိပညာပေးလှုပ်ရှားမှုကို ကရင်ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ၊ ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဗုဒ္ဓဂယာချစ်သူများနှင့် Clean Hpa-an တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး

**စာမျက်နှာ ၂၁ ကော်လံ ၄**

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၁၃ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ရတနာပုံ ယနေ့ ဖတ်စရာ**

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ၊ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

စာမျက်နှာ - ၁၇

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာလူမျိုးတို့၏ မြန်မာ့လက်ဖက်ယဉ်ကျေးမှု

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး မှီတင်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ နယ်မြေဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာပွဲတော်များနှင့်အစားအသောက်များသည်လည်း တစ်နေရာနှင့် တစ်နေရာ တူညီမှုမရှိဘဲ ကွဲထွက်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မည်သည့်နေရာ၌တွင်မဆို ပွဲလမ်းသဘင်အခမ်းအနား၌ မြင်တွေ့ရလေ့ရှိသော အစားအစာတစ်ခုမှာလည်း လက်ဖက်ဖြစ်ပေသည်။

ယနေ့ကမ္ဘာပေါ်တွင် လက်ဖက်သည် နိုင်ငံပေါင်းများစွာသုံးစွဲနေသော အရွက်တစ်မျိုးဖြစ်ပြီး လက်ဖက်စို၊ လက်ဖက်ခြောက်နှစ်မျိုးရှိကာ မြန်မာနိုင်ငံတွင် မြန်မာလူမျိုးတို့သည် ရှေးယခင်မှစ၍ ယနေ့ချိန်ထိ လက်ဖက်ကို ယဉ်ကျေးမှုဓလေ့ရိုးရာ စားစရာအနေဖြင့်လည်းကောင်း၊ ပွဲလမ်းသဘင်များတွင် ဧည့်ခံကျွေးမွေးရာ စားစရာအနေဖြင့်လည်းကောင်း အသုံးပြုလျက်ရှိပေသည်။

မြန်မာ့ရိုးရာလက်ဖက်ယဉ်ကျေးမှုတွင် လက်ဖက်ကို လက်ဖက်စိုနှင့်လက်ဖက်ခြောက်အဖြစ်သုံးသည်ကိုတွေ့နိုင်သည်။ လက်ဖက်စိုကို အဆာပလာမျိုးစုံရောပြီး မြန်မာ့ရိုးရာအစားအစာ လက်ဖက်သုပ်အဖြစ် စားသုံးလေ့ရှိကြသကဲ့သို့ ယဉ်ကျေးမှုတစ်ရပ်အနေဖြင့်လည်း ဧည့်ခံကျွေးမွေးလေ့ရှိကြသည်။ လက်ဖက်ခြောက်တွင်လည်း အချိုခြောက်နှင့် အခါးခြောက်ဟူ၍ နှစ်မျိုးရှိပြီး အချိုခြောက်ကို နှပ်၍ နို့ဆီ၊ သကြားတို့ဖြင့်ဖျော်၍ လက်ဖက်ရည်အချိုအဖြစ် သောက်သုံးကြသည်။ အခါးခြောက်ကို လက်ဖက်ရည်ကြမ်း(ရေနွေးကြမ်း) အဖြစ် သောက်သုံးကြသည်။ ထို့ကြောင့် မြန်မာတို့၏ လက်ဖက်ရည်ကြမ်းသောက်ယဉ်ကျေးမှုနှင့် ရှင်ပြုနားသအလှူပွဲ၊ မင်္ဂလာဧည့်ခံပွဲများတွင်သာမက အိမ်၏ဧည့်ခန်းတွင် လက်ဖက်သုပ်ပွဲများနှင့် ဧည့်ခံကျွေးမွေးသည်ကို တွေ့မြင်ကြရသည်မှာ အစဉ်အလာတစ်ရပ်ပင်ဖြစ်သည်။

မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို ယူနက်စကိုသို့ လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ဆက်လက်တင်သွင်းနိုင်ရေးအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးတင်ပို့ထုတ်လုပ်ရောင်းချသူများအသင်းတို့နှင့် ပူးပေါင်း၍အဆိုပြုလွှာများ ပြုစုရေးသားခြင်း၊ ရပ်ရွာလူထုအဖွဲ့အစည်းများ၏ ထောက်ခံချက်များ ရယူခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း စသည့်အချက်အလက်များကို ၂၀၂၅ ခုနှစ်တွင် ရယူခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး မှီတင်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အမျှ ဒြပ်ရှိနှင့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစုံလင်စွာ တည်ရှိခြင်းသည် လူမျိုးတစ်မျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ ပွဲလမ်းသဘင်၊ အလှူပွဲ၊ မင်္ဂလာပွဲ၊ ဧည့်ခံပွဲများတွင် မပါမပြီးဖြစ်သော မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဆက်လက်တင်သွင်းနိုင်ရေး ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မတ် ၂၀ ရက်တွင် ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထားပြီးဖြစ်သည်။

သို့ဖြစ်ရာ "အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက်"ဟု ဆိုသကဲ့သို့ လက်ဖက်သည် အရွက်များထဲတွင် အကောင်းဆုံးဖြစ်သည်။ မြန်မာလူမျိုးတို့စားသုံးလေ့ရှိသော လက်ဖက်၏အရသာကို လူကြိုက်များသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ချစ်စရာယဉ်ကျေးမှုတစ်ခုတွင် မြန်မာ့လက်ဖက်ယဉ်ကျေးမှု၊ လက်ဖက်စားသုံးမှုဓလေ့သည် ဂုဏ်ယူဖွယ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ်သို့ ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထားခြင်းကို အားပေးဂုဏ်ယူပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၈၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ဘုတလင် အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၈၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၉၂ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၈၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၀၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နေကြာ ၄၈၉၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ ပိုးမွှားကင်းစင်စေရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် ပေါက်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စဉ့်ကိုင် အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၉၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၉၅ သန်းကို ထုတ်ချေးပေးထားကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးကပြောပြ၍ သိရသည်။

အောင်ရဲကျော်

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးတန်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



မြောင်းမြ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးတန်ပိသာချိန် ၅၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ငါးတန်ပိသာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးတန်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်ကနေ ထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးတန်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ကုန်ချိန်အများအပြား တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# မော်လမြိုင်မြို့နယ် ကော့ခပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၁၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကော့ခပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ကော့ခပိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကော့ခပိုကျေးရွာ၌ လမ်းအရှည် ပေ ၁၃၂၀၊ အကျယ် ၁၄ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၄၁ ဒသမ ၉ သန်းဖြင့် Nova Light ကုမ္ပဏီက ဩဂုတ်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်မည်ဖြစ်ကြောင်း မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၈ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျောက်ပုံကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို ရန်ပုံငွေကျပ် ၅၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးအပြင် လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဩဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဧည့်မထဆန်သည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်က ဆန်စပါးအပြင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ စက်တင်ဘာလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဧည့်မထဆန်က အရောင်းအဝယ်ဖြစ်နေပါတယ်။ ဧည့်မထဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်" ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသဖြင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာ၌ မုန့်ဖုတ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

**ပုသိမ်ကြီး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မုန့်ဖုတ်နည်းသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၀ ရက်က နန္ဒာကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးပြုကာ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် မုန့်ဖုတ်နည်းနှင့် ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် အောက်တိုဘာ ၆ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**မြောင် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းစိုက်ခင်းများကို စက်တင်ဘာလပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၂ ဒသမ ၁၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ အစေ့ထုတ်ပြောင်း ၂၁၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ အစေ့ထုတ်ပြောင်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အစေ့ထုတ်ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)



# ထိုက်တန်တဲ့ လူ့ဘဝ

ချစ်နိုင်(စိတ်ပညာ)

**"ကျွန်တော်တို့ရဲ့ဘဝကို မှန်ကန်တဲ့နည်းတွေနဲ့ ဘယ်လိုနေထိုင်သွားကြမလဲ။ မှန်ကန်တဲ့နည်းနဲ့ နေထိုင်သွားရင်ကံကြမ္မာက ကျွန်တော်တို့ရဲ့ဘဝကို တာဝန်ယူသွားပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့အိပ်မက်တွေကို အမှန်တကယ် ဖြစ်လာစေပါတယ်။"**

**ဒေါက်တာ ရန်ဒီပေါ့ရှ်(၁၉၇၈-၂၀၂၄)**
**ပါမောက္ခ၊ အမေရိကန်၊**
**ကာနယ်ဂီမယ်လွန် တက္ကသိုလ်**

**နိဒါန်း**

စာဖတ်သူများဟာ အသက်အရွယ်ဘယ်လောက်ရှိကြမှန်းကို စာရေးသူမသိပါ။ အတန်းပညာ ဘယ်လောက်အထိ ကျောင်းနေခဲ့ဖူးသလဲ စာရေးသူက မသိပါ။ စီးပွားရေး၊ အိမ်ထောင်ရေး စတဲ့အချက်များမဆိုထားနဲ့ ဒီစာကို ဖတ်နေသူဟာ အမျိုးသားလား၊ အမျိုးသမီးလားဆိုတာတောင်မှ စာရေးသူက လုံးဝ မပြောတတ်ပါဘူး။ သို့ရာတွင် စာရေးသူက စာဖတ်သူကို ကိုယ့်နိုင်ငံသား၊ ကိုယ့်ဆွေမျိုးရင်းချာ၊ မိသားစုဝင်ထဲကလို ချစ်ခင်လေးစားတန်ဖိုးထားပြီး ဒီစာကို ရင်ထဲအသည်းထဲက ခံစားချက်နဲ့ လှိုက်လှိုက်လှဲလှဲ ရေးလိုက်တာဖြစ်ပါတယ်။ ဒါက မှန်သောစကားပါပဲ။

အမှန်တရားဆိုတာက အမြဲတမ်းတော့ မချိုလှပါ။ ကိုယ့်စိတ်ကြိုက် ခံစားချက်နဲ့ တိုင်းတာတဲ့အခါမှာ အချို့အမှန်တရားက ချိုတဲ့ဟာလည်းပါ၊ ခါးတဲ့အရာလည်းရှိ၊ အမျိုးမျိုးတော့ အရသာကွဲပြားတတ်ပေတယ်။

**အမှန်**

အမှန်ဆိုတာဘာလဲ။ အမှန်တရားဆိုတာ ဘာလဲ။ အကျယ်မပြောသာပေမယ့် အကျဉ်းသဘောအနေနဲ့ အရိယသစ္စာဆိုတဲ့ ဂေါတမမြတ်စွာဘုရား ဟောကြားတော်မူတဲ့ သစ္စာလေးပါးဆိုတာ ရှိလေတယ်။

| | | |
|---|---|---|
| ၁။ | **ဒုက္ခသစ္စာ** | = တဏှာ လောဘကြောင့်ဖြစ်တဲ့ ဝဋ်ဆင်းရဲ အကျိုးတရားများ၊ |
| ၂။ | **သမုဒယသစ္စာ** | = ဝဋ်ဒုက္ခတို့ကို ဖြစ်စေတဲ့ တဏှာလောဘ၊ |
| ၃။ | **နိရောဓသစ္စာ** | = ဆင်းရဲအပေါင်း ချုပ်ငြိမ်းကင်းပြတ်ရာ မဂ္ဂသစ္စာရဲ့ အကျိုးဖြစ်တဲ့ နိဗ္ဗာန်၊ |
| ၄။ | **မဂ္ဂသစ္စာ** | = နိဗ္ဗာန် ရောက်ကြောင်းလမ်းကောင်းအမှန် မဂ္ဂင်ရှစ်ပါး၊ |

သိစရာက အထက်ပါလေးချက်စလုံးဖြစ်ပေမယ့် မိမိတကယ် နေ့စဉ်ပြုမူလုပ်ဆောင်ရမှာက မဂ္ဂင်ရှစ်ပါးဆိုတဲ့ လက်တွေ့အမှန်တရား လုပ်ငန်းရှစ်ချက်သာ အဆက်မပြတ်ပြုလုပ်ရမှာဖြစ်ပါတယ်။ မသိသူ၊ နားမလည်သူသာ များကြပါတယ်။ ကြားဖူးပေမယ့် လုပ်ဆောင်ရကောင်းမှန်း မသိကြ မကျင့်ကြသူများပါတယ်။ ထားပါတော့လေ ကိုယ့်သဘောပါ။ သစ္စာတရားဆိုတာ လိုက်နာကျင့်သုံးသူအတွက်တော့ ကောင်းကျိုးတရား မရေမတွက်နိုင်လောက်အောင် ရစေတဲ့ သဘောတရားပါ။ မြတ်စွာဘုရားဖြစ်ရန် ပါရမီဖြည့်ရတဲ့ ပါရမီ ၁၀ ပါးဆိုတာရှိတယ်။ ဘုရားလောင်းသာ သူတစ်ယောက်ထဲကျင့်စရာ မဟုတ်ပါ။ လူတိုင်းကျင့်သုံးရင် ဘဝတိုင်းအတွက် ကောင်းကျိုးရစေတဲ့ လုပ်ငန်းစဉ်တွေပါ။ အဲဒီ ၁၀ ချက်ထဲမှာ **သစ္စာပါရမီ**တဲ့= မှန်ကန်ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင်ခြင်း။

ဂေါတမမြတ်စွာဘုရား (ဘီစီ ၅၆၃-၄၈၃) က လူနတ်ဗြဟ္မာများကို ဟောကြားရုံသာမက ရှေ့ဆောင်လမ်းပြ ကိုယ်တိုင်လဲ စံနမူနာပြ ကျင့်သုံးပြမူပြခဲ့တယ်လို့ ယူဆသင့်ပါတယ်။ သစ္စာပါရမီကို ဆက်လက်လေ့လာပြီး အသုံးချစေလိုပါတယ်။

လူတော်လူကောင်းဖြစ်ချင်ရင် ကတိတည်ရပါတယ်။ သစ္စာရှိရပါတယ်။ သစ္စာဆိုတာ မှန်ကန်သော စကား (အပြောအဆို)၊ အလုပ် (အပြုအမူ)တို့အပြင် အတွေး(စိတ်ကူးစိတ်သန်း)တို့ဖြစ်ကြပါတယ်။ အပြောက မှန်ကန်ရမယ်။ ဒါမှ ကောင်းကျိုး ရတယ်။ အလုပ်ကလဲ မှန်ရမယ်။ သစ္စာပဲမို့ ကောင်းကျိုးရတယ်။ အတွေးလဲမှန်ဖို့ လိုပါတယ်။ ဒါမှ ကောင်းကျိုးဖြစ်မှာ။ သစ္စာမဲ့သူ၊ သစ္စာမရှိသူ၊ သစ္စာဖောက်သူတို့အတွက်က ဆိုးကျိုးပြစ်ဒဏ်တွေသာ မလွဲမသွေရပေလိမ့်မယ်။

သစ္စာဆိုတဲ့ အမှန်တရားက နိယာမငါးပါးဆိုတာ အပါအဝင် လောကသဘာဝအခြေခံသဘောတရားများ (Principles) တွေလည်း ပါဝင်တယ်။ နိယာမငါးပါးကို အသုံးချတတ်ဖို့ရာ အကျယ်ကို ဆက်လက်လေ့လာသင့်တယ်။

**❖ လူ့ဘဝမှာလူဖြစ်လာသခိုက် ထိုက်တန်တဲ့ ဘဝတစ်ခုအနေနဲ့ ဖြတ်သန်းနိုင်အောင် လိုအပ်တာက တစ်ခုကိုမှန်ကန်အောင်ရွေးချယ်တတ်ဖို့ပဲလိုတယ်။ အဲဒါက သင်ဘယ်သူ့အတွက် အသက်ရှင်တာလဲဆိုတဲ့ သင့်ရဲ့ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အဲလ်ဘတ် အိုင်းစတိုင်းဆိုတဲ့ ရူပဗေဒသိပ္ပံပညာရှင် (၁၈၇၉-၁၉၅၅)က ဘာပြောခဲ့သလဲ။ အောက်ပါ အဖိုးတန် အမှာစကားပါပဲ။ "အခြားလူသားတို့ ကောင်းကျိုးအတွက် အသက်ရှင်ခြင်းဖြစ်သော ဘဝတစ်ခုသည်သာ ထိုက်တန်သည့် ဘဝတစ်ခုဖြစ်ပေသည်"တဲ့။ ❖**

| | | |
|---|---|---|
| ၁။ | **စိတ္တနိယာမ=** | စိတ်ရဲ့အစဉ်အတိုင်း ဖြစ်ပျက်တတ်သော သဘောတရား။ |
| ၂။ | **ကမ္မနိယာမ=** | ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ ကမ္မနိယာမ အကြောင်းကြောင့် ချမ်းသာ ဆင်းရဲစသဖြင့် ဆက်နွယ်ပုံသဘောတရား။ |
| ၃။ | **ဗီဇနိယာမ =** | သစ်စေ့၊ သစ်ညွန့်စသည်တို့မှ အပင်၊ အသီး၊ အဖူး အပွင့်ဖြစ်တဲ့ သဘော၊ သရက်ပင်က ကြက်ဟင်းခါးသီး မသီးပါ။ မြေပဲစေ့က နှမ်းပင်မထွက်လာပါ။ |
| ၄။ | **ဥတုနိယာမ =** | နွေ၊ မိုး၊ ဆောင်းတို့ရဲ့ သဘာဝ၊ နေ့တာ၊ ညတာ တိုခြင်း၊ ရှည်ခြင်းရဲ့ သဘာဝ။ |
| ၅။ | **ဓမ္မနိယာမ =** | ရေဟာမြင့်ရာမှ နိမ့်ရာသို့ စီးခြင်း၊ မီးကပူခြင်း၊ သစ်ညွန့်တို့ အထက်သို့ တက်ခြင်း၊ |

ခတ်ကြီးလေးပါးရဲ့ နိယာမစသဖြင့် သိပ္ပံ၊ ရူပ၊ ဓာတု၊ ပထဝီ၊ သမိုင်းစတဲ့ သိစရာနိယာမ၊ သဘောသဘာဝအမှန်တရားတွေကို များများသိလေလေ၊ ပိုမိုမှန်ကန်တာတွေကို ရွေးချယ်အသုံးချတတ်လေလေ ဖြစ်ပေမှာပေါ့ကွယ်။ ပညာရပ်တွေ၊ နိယာမတွေ၊ သဘောတရားတွေဟာ ပကတိအမှန်သစ္စာတွေပဲ။

ပြောင်းလဲမှုတွေရှိပေမယ့် သမုတိသစ္စာဆိုတာလည်း အသုံးချရတာပဲမို့ သိသင့်ကြတာပဲလေ။ သစ္စာဆိုတဲ့ အမှန်သဘောကိုတော့ အောက်ပါအချက်များ အလေးအနက်မှတ်သားဖို့ရာ တိုက်တွန်းပါရစေ...

**၁။ အမှန်တရားကို တွေ့အောင်ရှာတတ်ပါစေ။**
**၂။ အမှန်တရားကို ရဲရဲရင်ဆိုင်ပါ။**
**၃။ အမှန်တရားကို လက်ခံရပါမယ်။**
**၄။ အမှန်တရားကို ဆန့်ကျင်ဇီလာမပြုနဲ့။**
**၅။ အမှန်တရားကို မဖုံးကွယ်ချင်နဲ့။**
**၆။ မှန်ကန်တိုင်း ပြောရမယ်တော့ မဆိုလိုပါ၊ အခြေအနေ အချိန်အခါ၊ လူပုဂ္ဂိုလ်အရ သင့်မသင့် ချင့်ချိန်ရပါမယ်။**
**၇။ အမှန်တရားကို သင့်၊ မသင့် သမ္မဇဉ်တရားနဲ့ စဉ်းစားရမယ်။**
**၈။ သစ္စာဆိုတာ ပါရမီဖြစ်အောင် ကျင့်သုံးရမယ်။ (မရှိမဖြစ်)အဖိုးတန် အလေ့အကျင့် အပြုအမူမျိုးဖြစ်တယ်။ မရှောင်လွှဲနဲ့။ မပစ်ပယ်လေနဲ့။**
**၉။ ဘုရားအလောင်းတော် ကျင့်သုံးခဲ့တဲ့ ပါရမီ ၁၀ ပါးမှာ ပါဝင်တဲ့ "သစ္စာပါရမီ"ကို မိမိတို့ ကျင့်သုံးပါက မုချကောင်းကျိုးတိုးတက်အောင်မြင်စေမှာပါ။**
**၁၀။ အမှန်တရားကို လိုက်နာကျင့်ကြံပြုမူသူဟာ လူ့ဘဝကို အမှန်တကယ်နေရကျိုးနပ်သူ (အမြတ်ရသူ)ဖြစ်ပါတယ်။**

အမေရိကန်နိုင်ငံ ပစ္စဘတ်မြို့မှာရှိတဲ့ ကာနယ်ဂီမယ်လွန်တက္ကသိုလ်က ကွန်ပျူတာဌာန **ပါမောက္ခ ဒေါက်တာရန်ဒီပေါ့ရှ် (၄၆နှစ်)**ဟာ သူ့ဇနီး ၄၁ နှစ်ပြည့်ပြီး မကြာခင်ကွယ်လွန်သွားခဲ့ပါတယ်။ သူမသေခင်သူ့ရဲ့မုန့်ချိုအိတ်မှာ ကင်ဆာဖြစ်နေပြီးအသည်းထဲအထိ ပျံ့နှံ့ရောက်ရှိနေလို့ နောက်သုံးလနဲ့ ခြောက်လအတွင်း (ကုသလို့မရနိုင်တော့)သေရမယ်ဆိုတာ သိလိုက်ရပါတယ်။ **သူ့ဇနီးဂျေးလဲ** သိတယ်။

သူတို့မှာ **သားကြီးဒီလန် ငါးနှစ်၊ သားငယ် လိုဂန် လေးနှစ်နဲ့ သမီးလေး ကလိုဝီ တစ်နှစ်ခွဲ၊** ကလေးသုံးယောက်ရှိပါတယ်။ သူဟာ ကျန်းမာရေးအရ တက္ကသိုလ်က ဆေးခွင့်နဲ့နားလိုက်တယ်။ တက္ကသိုလ်မှထွက်ခွာ၊ ပြောင်းရွှေ့၊ အနားယူတဲ့ ပါမောက္ခတွေက တက္ကသိုလ်ကို နှုတ်ဆက်တဲ့အနေနဲ့ သူ့ကို "ဘဝခရီး" (Journey) ဆိုတဲ့ ခေါင်းစဉ်နဲ့ နောက်ဆုံးဟောပြောချက်တစ်ခုပြောပေးဖို့ တောင်းဆိုခဲ့ပါတယ်။ သူက ဒီစာတမ်းကို ဟောပြောဖို့ ပြင်ရင်းနဲ့ သူ့ဟောပြောချက်ရဲ့ ခေါင်းစဉ်ကို "မင်းအိပ်မက်မက်နိုင်ရင် အဲဒါကို မင်းဖြစ်အောင် လုပ်နိုင်တယ်"ဆိုတဲ့ အမည်နဲ့ နှုတ်ဆက်ဟောပြောသွားပါတယ်။ အဲဒီဟောပြောချက်ဟာ စာအုပ်အနေနဲ့ ၂၀၂၅ က ထွက်ခဲ့ရာမှာ စောင်ရေ ရှစ်သန်းကျော်ကုန်ခဲ့ပြီး အရောင်းရဆုံးစာအုပ်ဖြစ်သွားခဲ့ပါတယ်။ အဲဒီစာအုပ်ထဲက အခန်း (၄) တစ်ပုဒ် ကောက်နုတ်တင်ဆက်ခွင့်ပြုပါခင်ဗျာ-

**မိဘကိုရွေးချယ်တဲ့ ကံစမ်းမဲပေါက်တယ်**

ကျွန်တော် ကံကောင်းပြီး မိဘကိုရွေးချယ်တဲ့ ကံစမ်းမဲ ပေါက်ခဲ့ပါတယ်။ ပြောချင်တာက ကျွန်တော့်ရဲ့ ကလေးဘဝ အိပ်မက်တွေကို တကယ်ဖြစ်လာအောင်လုပ်ပေးတဲ့ မိဘတွေရခဲ့တယ်။

အမေဟာ ကျောင်းမှာ အင်္ဂလိပ်စာသင်ပေးတဲ့ ဆရာမတစ်ယောက်ဖြစ်ပြီး စိတ်ခတ်အလွန်မာသူလည်းဖြစ်တယ်။ သူဟာ ကလေးတွေကို စာတတ်စေချင်လွန်းလို့ စာတွေတွန်းပြီးသင်ပေးတယ်။ တချို့မိဘတွေက သူ့ကိုအမေဟာ ကလေးတွေအပေါ် မျှော်လင့်ချက်အကြီးကြီး ထားလွန်းတယ်ဆိုပြီး မကျေမနပ်ဖြစ်ကြတယ်။ ကျွန်တော်ကတော့ သားတစ်ယောက်အပေါ်ထားရှိတဲ့ သူ့ရဲ့မျှော်လင့်ချက်တွေကြောင့် ကြိုးစားချင်စိတ် ဖြစ်ပေါ်လာတဲ့အတွက် အမေ့ကို ကျေးဇူးတင်မိတယ်။

အဖေဟာ ဒုတိယကမ္ဘာစစ်အတွင်းက ဆေးတပ်သားတစ်ယောက်ဖြစ်ခဲ့ပြီး နာဇီဂျာမန်တွေကို အနိုင်တိုက်ခဲ့တဲ့ Battle of Bulge စစ်ပွဲကြီးမှာ ပါဝင်ခဲ့ပါတယ်။ စစ်ပွဲကြီးပြီးတော့ စစ်တပ်က ထွက်ပြီး အမေရိကန်နိုင်ငံမှာ လာရောက်အခြေချနေထိုင်သူတွေရဲ့ကလေးတွေကို အင်္ဂလိပ်စာသင်ပေးတဲ့ (အမြတ်အစွန်း မရှာတဲ့) အဖွဲ့အစည်းတစ်ခုကို တည်ထောင်လိုက်တယ်။ မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရဖို့ ဘာလ်တီမိုးမြို့မှာ မော်တော်ကား အာမခံရောင်းတဲ့ ကိုယ်ပိုင်အလုပ်တစ်ခု လုပ်တယ်။ သူ့ဆီက အာမခံဝယ်ကြသူတွေထဲက အများစုဟာ အကြွေးမဆပ်နိုင်ကြသူတွေနဲ့ ပိုင်ဆိုင်မှု (အိမ်၊ မြေ စတဲ့ အပေါင်ထားလို့ရတဲ့ပစ္စည်းတွေ) မရှိကြသူတွေဖြစ်ကြတယ်။ ဒါပေမဲ့ အဖေက သူတို့ရဲ့ မော်တော်ကားတွေကို အာမခံပေးနိုင်တဲ့ နည်းလမ်းတွေ ပြပေးတယ်။ သူတို့လည်းမော်တော်ကားတွေကို အာမခံထားနိုင်လို့ ဝမ်းသာကြတယ်။ လူတွေကိုကူညီတတ်တဲ့အဖေ့ကို ကျွန်တော်က ဟီးရိုး (လူစွမ်းကောင်း) လို့ မှတ်ယူတယ်။

ကျွန်တော်ဟာ မေရီလင်းပြည်နယ် ကိုလံဘီယာမြို့က အလယ်အလတ်တန်းစားမိသားစုမှာ အဆင်ပြေပြေနေပြီး ကြီးပြင်းလာခဲ့တယ်။ အိမ်မှာ ငွေကြေးကြောင့် ပြဿနာတက်တာမျိုး တစ်ခါမှ မဖြစ်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ မိဘတွေဟာ အသုံးအစွဲကြီးသူတွေ မဟုတ်ကြဘူး။ ပိုက်ဆံကို အလွန်ချွေတာကြတယ်။ မိသားစု အပြင်ထွက်ပြီး ညစာစားတဲ့အကြိမ် အလွန်နည်းတယ်။ ရုပ်ရှင်လည်း တစ်နှစ်လုံးမှ တစ်ကား၊ နှစ်ကားပဲ ကြည့်ကြတယ်။ "ရုပ်ရှင်ကြည့်မယ့်အစား တီဗီပဲကြည့်ပါ" လို့ အဖေပြောလေ့ရှိတယ်။ "အဲဒါကြည့်လို့ ပိုက်ဆံမကုန်ဘူး။ အဲဒါထက်ပိုပြီးအကျိုးရှိချင်ရင် စာကြည့်တိုက်မှာ စာသွားဖတ်ပါ" လို့လည်း သူဆက်ပြောတယ်။

ကျွန်တော် အသက် နှစ်နှစ်နဲ့ အစ်မ အသက်လေးနှစ်မှာ အမေက ကျွန်တော်တို့နှစ်ယောက်ကို ခေါ်ပြီး ဆပ်ကပ်ပွဲတစ်ခု သွားကြည့်ကြတယ်။ ကျွန်တော် အသက် ကိုးနှစ်အရွယ်ရောက်တော့ ဆပ်ကပ်ပွဲတစ်ခု မြို့မှာလာရောက်ဖျော်ဖြေတယ်။ အဲဒီဆပ်ကပ်ပွဲကြည့်ချင်လို့ အမေ့ကိုပူဆာတယ်။ အမေက ခုလိုပြောတယ်။ "မင်း အရင်က ဆပ်ကပ်ပွဲကြည့်ခဲ့ဖူးပြီးပြီမို့ သွားမကြည့်ရဘူး" တဲ့။ လွန်ခဲ့တဲ့ ခုနစ်နှစ်က ဆပ်ကပ်ပွဲကြည့်ခဲ့ဖူးတာကို ပြောတာပါ။ အမေ အဲဒီလိုပြောလို့ အမေဟာ မှတ်ဉာဏ်ကောင်းတယ်လို့ ချီးကျူးရမှာလား သို့မဟုတ် ကပ်စေးနဲလွန်းတယ်လို့ ရှုတ်ချရမှာလားဆိုတာ မပြောတတ်ပါဘူး။

ယနေ့ခေတ်ထုံးစံအရဆိုရင် အဲဒါဟာ သားသမီးကို ဖိနှိပ်ချုပ်ချယ်တယ်လို့ ပြောရမှာပါ။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ အဲဒီလို ပြောခံရတာကို ကြည်နူးမိပါတယ်။ ကျွန်တော်ဟာ ဘဝမှာ သူများတွေထက် တစ်ပန်းသာခဲ့တယ်။ အကြောင်းက မှန်တဲ့အရာတွေကို သွန်သင်ညွှန်ပြပေးတဲ့ အမေနဲ့အဖေ ရှိနေခဲ့ကြလို့ပါ။ မိဘတွေဟာ အိမ်အတွက် ပစ္စည်းများများစားစား မဝယ်ကြဘူး။ ဒါပေမဲ့ စဉ်းစားတွေးတောတာတွေ အများကြီးလုပ်ကြတယ်။ အဲဒါဘာကြောင့်လဲဆိုတော့ အဖေဟာ လက်ရှိဖြစ်ပျက်နေတာတွေ၊ သမိုင်းအချက်အလက်တွေ၊ ဘဝတွေနဲ့ ပတ်သက်ပြီး အလွန်စပ်စု သိချင်တယ်။ ကျွန်တော် ကြီးပြင်းလာတဲ့အခါ **စာမျက်နှာ ၅ သို့ ➤**

# ၂၀၂၄ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

á စာမျက်နှာ ၄ မှအဆက်

မိသားစုနှစ်မျိုးနှစ်စား ရှိတယ်ဆိုတာ သိလာခဲ့တယ်။

(၁) ညစာစားရင်း အဘိဓာန်စာအုပ်ကြည့်သူတွေနဲ့

(၂) အဲဒါကို မလုပ်သူတွေ

ကျွန်တော်တို့မိသားစုဟာ ပထမအမျိုးအစားထဲမှာ ပါဝင်တယ်။ ညတိုင်း ကျွန်တော်တို့ဟာ ညစာစားရင်းကနေ အဘိဓာန်စာအုပ်ကို ကြည့်ဖြစ်ကြ တယ်။ အဘိဓာန်စာအုပ်ဟာ ထမင်းစားပွဲကနေ ခြေလှမ်းခြောက်လှမ်းအကွာက စာအုပ်စင်ပေါ်မှာ ရှိတယ်။ "မင်းတို့ စကားလုံးအဓိပ္ပာယ်မသိရင် အဘိဓာန်စာအုပ်မှာ ရှာကြည့်ကြ” လို့ အဖေက ပြောတတ်တယ်။ အိမ်မှာနေရတာဟာ ပျင်းစရာမကောင်းဘူး။ ပျင်းရင် ဘာလုပ်ရမလဲဆိုတာ ကျွန်တော်နဲ့အစ်မ သိကြတယ်။ အဘိဓာန်စာအုပ်ကိုဖွင့်ပြီး စကားလုံး အဓိပ္ပာယ်ရှာကြတယ်။ စွယ်စုံကျမ်းစာအုပ်ကိုဖွင့်ပြီး သိချင်တာတွေကို ရှာဖတ်ကြတယ်။

အဖေဟာ မယုံနိုင်လောက်အောင် ပုံပြောကောင်းသူ တစ်ယောက်ပါ။ အကြောင်းအရာတစ်ခုပေါ်လာတိုင်း ပုံပြင်ပြောပြတယ်။ သူဟာ လူ့ကျင့်ဝတ်ဆိုင်ရာ ရယ်စရာပုံပြင်လေးတွေလည်း ပြောပြတယ်။ ပုံပြင်မျိုးစုံပြောပြတတ်တဲ့ ဆရာတစ်ဆူပါ။ ကျွန်တော် သူ့ဆီက အဲဒီအကျင့်ကို ရလိုက်တယ်။ နောက်ဆုံးပို့ချချက် ဟောပြောတာကို အင်တာနက်မှာကြည့်ရတဲ့ အစ်မ "တမ်မီ"က ခုလို ပြောပြတယ်။ သူဟာ ကျွန်တော့်ပါးစပ် လှုပ်နေတာကို မြင်ပေမယ့် ကျွန်တော့်စကားပြောသံမကြားရဘဲ အဖေစကားပြောသံပဲ ကြားနေတယ်တဲ့။ကျွန်တော်ဟာ အဖေပြောခဲ့တာတွေထဲက တချို့ကို ပြန်သုံးနေမှန်း သူသိပါတယ်။ ကျွန်တော် အဲဒီအချက်ကို မငြင်းပါဘူး။ တကယ်လည်း စင်မြင့်ပေါ်မှာ ဟောပြောနေရင်း အဖေဟာ အနားမှာရှိနေသလို ခံစားရတယ်။

လူတွေနဲ့ စကားပြောရင် အဖေ့အကြောင်း ပြောပြတတ်တယ်။ အဖေ့အကြောင်းဆိုတာထက် အဖေရဲ့ရှုမြင်တွေးခေါ်တတ်တဲ့ သဘောတရားတွေပါ။ ကျွန်တော်က အဖေပြောခဲ့တယ်ဆိုတဲ့ သဘောတရားကို ပြောပြတဲ့ အခါ လူတွေက တတိယလူပြောတာကို လက်ခံပြီး ကျွန်တော့်ကိုလည်း စိတ်ကြီးဝင်နေတယ်လို့ မထင်ကြဘူး။ ကျွန်တော်ဟာ အဖေ့စကားတွေကို အိတ်ထဲမှာဆောင်ထားပြီး အခွင့်အရေးရတိုင်း အသုံးပြုတတ်တယ်။ အဖေက ကျွန်တော့်ကို ဘဝမှာ လိုချင်တာကို ဘယ်လိုရအောင် ဆွေးနွေးညှိနှိုင်းရမယ်ဆိုတာ အကြံပေးတယ်။ သူက ခုလိုပြောတတ်တယ်။ "မင်း ဆုံးဖြတ်ဖို့လိုတဲ့အချိန်ရောက်တဲ့အထိ ဘယ်တော့မှ မဆုံးဖြတ်နဲ့"တဲ့။ နောက်ပြီး သူက ခုလိုမျိုးလည်း သတိပေးတတ်တယ်။ မင်းဟာ အလုပ်ထဲမှာဖြစ်ဖြစ်၊ လူတွေနဲ့ ဆက်ဆံရာမှာဖြစ်ဖြစ် အာဏာရှိနေရင် လူတွေကို မျှမျှတတ ဆက်ဆံပါ" တဲ့။ "မင်းဟာ ခိုင်းစေသူဖြစ်နေခြင်းဟာ လူတွေကို အနိုင်ကျင့်လို့ရတယ်လို့ မမှတ်ပါနဲ့"လို့လည်း ပြောတတ်တယ်။

မကြာသေးခင်ကပဲ တခြားသူတွေနဲ့ စကားပြောရာမှာ အဖေ့ပြောစကားကို ကိုးကားပြောခဲ့သေးတယ်။ ကျွန်တော်ပြောတဲ့ စကားတွေအတော်များများဟာ အဖေ့ဆီက လာပါတယ်။ အဖေဟာ ဘာမဆိုသိနေပုံပါပဲ။ အမေလည်း အတော်များများကို သိတယ်။ ကျွန်တော့်ဘဝတစ်လျှောက် အမေဟာ ကျွန်တော့်ရဲ့ ကြွစောင်းစောင်းနိုင်တတ်တာကို အမြဲ သတိပေးနေတတ်တယ်။ အဲဒီအတွက် အမေ့ကို ကျေးဇူးတင်ပါတယ်။ ယနေ့ တစ်စုံတစ်ယောက်က အမေ့ကို ကျွန်တော်ဟာ ငယ်စဉ်က ဘယ်လိုကလေးလဲလို့ မေးရင် အမေက သိပ်ပြီးဉာဏ်မထိုင်းပါဘူး။ နိုးနိုးကြားကြားရှိပါတယ်လို့ ဖြေတတ်တယ်။ အခုခေတ်မှာ မိဘတွေဟာ သူတို့ရဲ့ကလေးတွေကို သိပ်တော်တယ်လို့ ချီးကျူးတတ်ကြတယ်။ အမေက ကျွန်တော့်ကို နိုးနိုးကြားကြားရှိတယ်လို့ ပြောခြင်းဟာ ချီးကျူးတာလို့ ထင်ပါတယ်။

PhD ပါရဂူဘွဲ့အတွက် သင်တန်းတက်တော့ 'the theory quali-fier' ဆိုတဲ့ ဘာသာရပ်ကို ယူတယ်။ အဲဒီဘာသာကိုယူခြင်းဟာ ဘဝမှာ ခါတုကုထုံးနဲ့ကုသခံရခြင်းပြီးရင် ဒုတိယ အဆိုးဆုံးအရာ ဖြစ်မယ်ထင်ပါတယ်။ အမေ့ကို အဲဒီဘာသာရပ် စာမေးပွဲဟာ အလွန်ခက်ကြောင်း ပြောပြတော့ အမေက ကျွန်တော့်ကိုဖက်ပြီး လက်မောင်းကို အသာပုတ်ရင်း ခုလိုပြောတယ်။ "ငါ့သား၊ မင်း ဘယ်လိုခံစားရတယ်ဆိုတာ ငါနဲ့ မင်းအဖေ သိကြပါတယ်။ ဒါပေမဲ့ တစ်ခုတော့ သတိရစမ်းပါ။ မင်းအဖေဟာ မင်းအရွယ်မှာ နာဇီဂျာမန်တွေနဲ့ စစ်တိုက်နေတယ်ဆိုတာပါ"။ အဲဒီ အချိန်ကစပြီး စာခက်ကြောင်း အမေ့ကို နောက်ထပ် မပြောတော့ဘူး။

PhD ဘွဲ့ရပြီးတော့ အမေက သူ့မိတ်ဆွေတွေကို ကျွန်တော်နဲ့ ခုလို မိတ်ဆက်ပေးတယ်။ "ဒါ ငါ့သားပါ။ ဒေါက်တာတစ်ယောက်ပါ။ ဒါပေမဲ့ လူတွေကိုဆေးကုပေးတဲ့ ဆရာဝန်တော့ မဟုတ်ဘူးနော်"တဲ့။

မိဘတွေဟာ လူတွေကို ဘယ်လိုကူညီရမယ်ဆိုတာကို သိနေကြတယ်။ သူတို့ဟာ လူတွေကိုကူညီဖို့ ထူးခြားတဲ့နည်းတွေကို ရှာဖွေပြီး အဲဒါတွေကို ကိုယ်တိုင်လုပ်ကြတယ်။ ထိုင်းနိုင်ငံက တောနယ်တစ်ခုမှာ အဲဒီက မိန်းကလေးတွေကို ကျောင်းနေဖို့နဲ့ ပြည့်တန်ဆာ မဖြစ်စေဖို့ အယောက် ၅၀ နေနိုင်တဲ့ အဆောင်တစ်ခု ဆောက်ပြီး ထားပေးတယ်။

အမေဟာ အလှူအတန်း အလွန်လုပ်တယ်။ အဖေလည်း ရှိတာတွေ အကုန်လှူပြီး ပျော်နေတယ်။ အဖေဟာ ကျွန်တော်တို့အတွက် အိမ်ကောင်းကောင်း ဆောက်ပေးနိုင်ပေမယ့် ဆင်ခြေဖုံးရပ်ကွက်မှာ အိမ်သေးလေးပဲ ဆောက်ပေးတယ်။ သူများတွေအတွက် ပိုက်ဆံပိုသုံးနိုင်ဖို့ ကျွန်တော်တို့အတွက် ပိုက်ဆံလျှော့သုံးရတယ်လို့ သူပြောတယ်။ သူဟာ လူတိုင်းကို မေတ္တာထားတတ်တဲ့ ခရစ်ယာန်ဘာသာဝင်စစ်စစ် တစ်ယောက်လို့ မြင်ပါတယ်။ လူတန်းစားခွဲခြားခြင်း မရှိဘူး။ လူ့အဖွဲ့အစည်း တိုးတက်လာဖို့ အကြီးအကျယ် မျှော်လင့်ထားတယ်။ ဒါပေမဲ့ သူမျှော်လင့်ထားသလို ဖြစ်မလာတော့ စိတ်ပျက်သွားခဲ့တယ်။

အဖေ အသက် ၈၃ နှစ်အရွယ်မှာ သွေးကင်ဆာရောဂါဖြစ်တယ်။ ကြာကြာ အသက်မရှင်တော့ဘူးဆိုတာ သိလိုက်တာနဲ့ သူ့ခန္ဓာကိုယ်ကို ဆေးသိပ္ပံဌာနကို လှူဒါန်းလိုက်တယ်။ ထိုင်းနိုင်ငံက အဆောင်အတွက် ၆ နှစ်စာ ကုန်ကျစရိတ်ကို ပို့ပေးလိုက်တယ်။

နောက်ဆုံးပို့ချချက် ဟောပြောပွဲကို တက်ရောက်လာသူတွေကတော့ ပိတ်ကားပေါ်မှာ ဆလိုက်ထိုးပြတဲ့ ဓာတ်ပုံတစ်ပုံကို မှတ်မိကြမှာပါ။ အဲဒါက အိပ်ရာဝင်ဝတ်စုံ ဝတ်ထားပြီး တံတောင်ဆစ်ပေါ်မှာ ခေါင်းမှီထားတဲ့ ကျွန်တော့်ပုံပါ။ စိတ်ကူးယဉ်ပြီး အိပ်မက်ကြီးကြီးမက်နေပုံ သရုပ်ဆောင်ထားတာကို အဖေ ဓာတ်ပုံရိုက်ပေးတာပါ။

ကျွန်တော့်ကိုယ်ရှေ့က သစ်သားပျဉ်ချပ်ဟာ နံရံကပ်အိပ်စင်ရဲ့ ဘောင်ပါ။ လက်သမားပညာ နည်းနည်းပါးပါးတတ်တဲ့ အဖေက အဲဒီအိပ်စင်ကို လုပ်ထားပေးတာပါ။ မျက်နှာပေါ်က အပြုံး၊ သစ်သားပျဉ်ချပ်၊ သူ့ရဲ့မျက်လုံးတွေရဲ့ အကြည့်၊ ဒီဓာတ်ပုံဟာ မိဘကိုရွေးချယ်တဲ့ ကံစမ်းမဲပေါက်တယ်လို့ သတိပေးနေပါတယ်။

ကျွန်တော့်ကလေးတွေဟာ သူတို့ကို အလွန်ချစ်ပြီး အရွယ်ရောက်တဲ့အထိ ကျွေးမွေးစောင့်ရှောက်ပေးမယ့် အမေရှိပေမယ့် အဖေတော့ ရှိမှာ မဟုတ်တော့ဘူး။ အဲဒါဟာ အရှိတရားမို့ ကျွန်တော် လက်မခံချင်လည်း ရင်နာနာနဲ့ လက်ခံရမှာပါ။

**နိဂုံး**

လူ့ဘဝမှာလူဖြစ်လာသခိုက် ထိုက်တန်တဲ့ဘဝတစ်ခုအနေနဲ့ ဖြတ်သန်းနိုင်အောင် လိုအပ်တာက တစ်ခုကို မှန်ကန်အောင် ရွေးချယ်တတ်ဖို့ပဲလိုတယ်။ အဲဒါက သင် ဘယ်သူ့အတွက် အသက်ရှင်တာလဲဆိုတဲ့ သင့်ရဲ့ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ **အဲလ်ဘတ် အိုင်းစတိုင်းဆိုတဲ့ ရူပဗေဒသိပ္ပံပညာရှင် (၁၈၇၉-၁၉၅၅)က** ဘာပြောခဲ့သလဲ။ အောက်ပါ အဖိုးတန် အမှာစကားပါပဲ။

**"အခြားလူသားတို့ ကောင်းကျိုးအတွက် အသက်ရှင်ခြင်းဖြစ်သော ဘဝတစ်ခုသည်သာ ထိုက်တန်သည့် ဘဝတစ်ခုဖြစ်ပေသည်"တဲ့။**

## နှလုံးအလှပိုင်ရှင်များ

\- သဘာဝဝန်းကျင် အခြေပြု
သက်ရောက်မှု ဘေးဆိုးရန်၊
ကမ္ဘာ့မြေ နေရာအသီးသီး
ခါးစည်းလို့ခံ၊
မြေပြိုမှုနဲ့ ငလျင်ဒဏ်
ရေကြီးရေလျှံ မျိုးစုံပေါင်း၊
စုတ်သပ်ဖွယ် မကြင်မွေ့
မြင်တွေ့မကောင်း။

\- ကြုံဆုံလာ ဒုက္ခဘေး
အပူအအေး မျှလို့ယူ၊
အချိန်နေရာ ဒေသမခြား
စွန့်စားကာကူ၊
နှလုံးသားက အဖြူ
သူမတူတဲ့ စိတ်ထား၊
အတ္တနွယ် ပယ်ကာသတ်
မြတ်တဲ့လူသား။

\- ကြုံလာခဲ့ ဒီအရေး
ပြေးတွေ့လို့ရင်ဆိုင်၊
ခက်ခဲစွာ ရင်ဆိုင်နှင်း
လက်ခြင်းခိုင်ခိုင်၊
ပေးသောလက် တစ်စုံပိုင်
မယိမ်းယိုင် စေတနာမွေး၊
လှနှလုံးရှင် ပရဟိတသမား
လေးစားဖွယ်လေး။ ။

ကိုမျိုး(ပွင့်ဦး)

## ဝမ်းတွင်းမြို့နယ် တောင်ပုလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောင်းကုန်းကျေးရွာအုပ်စု တောင်ပုလုကျေးရွာ၌မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၄ဒသမ၆သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ပုလုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ်၂ဒသမ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ဦးကို ငွေကျပ် ၁၀ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၉ ဦးကို ငွေကျပ် ၂၄ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများအောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှသိရသည်။

အောင်ရဲကျော်

# ယူကရိန်းသမ္မတ ဇီလန်စကီး၏နေရာတွင် သမ္မတသစ်တစ်ဦး အစားထိုးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၁၁**

လက်ရှိ ယူကရိန်းသမ္မတ ဇီလန်စကီးကို သမ္မတသစ်တစ်ဦးဖြင့် အစားထိုးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၀ ရက်တွင် ယူကရိန်းနိုင်ငံကို ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ရယူခဲ့သော ဒီဇယ်လောင်စာဆီတင်ပို့မှုဆိုင်ရာ သဘောတူညီချက်ကို ယူကရိန်းသမ္မတဇီလန်စကီးက ဝေဖန်ခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ထိုသို့တုံ့ပြန်ချက်များ ပေါ်ထွက်လာခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည် သမ္မတသစ်တစ်ဦး ရွေးချယ်တင်မြှောက်ရန် အချိန်တန်ပြီ ဖြစ်ကြောင်း၊ လက်ရှိ ယူကရိန်းသမ္မတဇီလန်စကီးသည် ရုရှားရေနံချက်လုပ်ငန်းများကို တိုက်ခိုက်နေခြင်းဖြင့် ကမ္ဘာ့ဒီဇယ်လောင်စာဆီ တင်ပို့မှုကွင်းဆက်ကို ဖျက်ဆီးနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များကို ထုတ်ဖော်ပြောကြားထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်နှင့် သမ္မတပူတင်တို့ကြား ရရှိထားသည့် ဒီဇယ်လောင်စာဆီဖြည့်ဆည်းမှုဆိုင်ရာ သဘောတူညီချက်ကြောင့် ရုရှားနိုင်ငံသည် ပိုမိုအတင့်ရဲလာနိုင်သည်ဟု ယူကရိန်းသမ္မတ ဇီလန်စကီးက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြား ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)-ကမ္ဘာ့ဘဏ် အစည်းအဝေးများ လက်ခံကျင်းပရန် ထိုင်းအစိုးရ ပြင်ဆင်



**ဗန်ကောက် အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံသည် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်စဉ်အစည်းအဝေးများကို ဗန်ကောက်မြို့၌ ယနေ့မှ အောက်တိုဘာ ၁၈ ရက်ထိ လက်ခံကျင်းပရန် စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ အစည်းအဝေးများသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၁ နိုင်ငံတို့မှ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးများ၊ စီးပွားရေး မူဝါဒချမှတ်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များအပါအဝင် ကိုယ်စားလှယ်ဦးရေ ၁၅၀၀၀ ကျော်ထိ တက်ရောက်ကြဖွယ်ရှိသည်။

အိုင်အမ်အက်ဖ် - ကမ္ဘာ့ဘဏ် နှစ်စဉ်အစည်းအဝေးများ အတွက် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရန် ဗန်ကောက်မြို့တွင်းရှိ အစိုးရဌာနများသည်ယနေ့နှင့် အောက်တိုဘာ ၁၄ ရက်၊ ၁၅ ရက်တို့တွင် နေအိမ်များမှတစ်ဆင့် ရုံးအလုပ်များ လုပ်ကြရန် ဝန်ထမ်းများကို ညွှန်ကြားထားသည်။

ထို့ပြင် အောက်တိုဘာ ၁၆ ရက်ကိုလည်း အစိုးရနှင့် ဘဏ်လုပ်ငန်းများအတွက် အထူးအားလပ်ရက်အဖြစ် ကြေညာထားသည်။

အိုင်အမ်အက်ဖ်- ကမ္ဘာ့ဘဏ် အစည်းအဝေး ကာလအတွင်း ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမီလင်နှင့် စင်ကာပူသမ္မတ သာမင်ရှန်မူဂါရက်နမ် တို့သည်လည်း ဗန်ကောက်မြို့သို့ ရောက်ရှိနေမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တောင်ကိုရီးယား ကုန်သေတ္တာတင်သင်္ဘော အာတိတ်ရေလမ်းကြောင်းခရီးစဉ်ကို အဆုံးသတ်




**ဆိုးလ် အောက်တိုဘာ ၁၁**

တောင်ကိုရီးယား ကုန်သေတ္တာတင်သင်္ဘောသည် ၎င်း၏ပထမဆုံး အာတိတ် ရေလမ်းကြောင်းဖြတ် ဥရောပခရီးစဉ်ကို ယနေ့တွင် အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပင်စတားအက္ကရို ကုန်သေတ္တာတင်သင်္ဘောသည် ဩဂုတ် ၂၂ ရက်တွင် တောင်ကိုရီးယားနိုင်ငံမှ စတင်ထွက်ခွာခဲ့ပြီးနောက် ရက်ပေါင်း ၅၀ အကြာ ယနေ့တွင် ဗြိတိန်ရှိ ဖလစ်စတိုးဆိပ်ကမ်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဥရောပသို့ သွားရောက်ရာတွင် အခြား ရေလမ်းကြောင်းများအစား အာတိတ်ရေလမ်းကြောင်းကို အသုံးပြုခြင်းဖြင့် ခရီးစဉ်ကာလ သုံးပုံတစ်ပုံခန့် လျှော့ချနိုင်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်သည် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးအတွက် အာတိတ်ရေလမ်းကြောင်း အသုံးပြုနိုင်ရေးကိုဦးစားပေးမူဝါဒအဖြစ် ချမှတ်ထားသည်။

အဆိုပါ မူဝါဒအရ ၂၀၃၀ ပြည့်နှစ်အရောက်တွင် အာတိတ်ရေလမ်းကြောင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးအတွက် ပုံမှန်အသုံးပြုနိုင်ရန် ရည်ရွယ်ထားသည်။

သို့ရာတွင် တောင်ကိုရီးယားနိုင်ငံသည် အာတိတ်ရေလမ်းကြောင်း အသုံးချနိုင်ရေးအတွက် ရုရှားနိုင်ငံ၏ အကူအညီရယူရန် လိုအပ်သည်ဖြစ်ရာ အနောက်အုပ်စုမဟာမိတ်များနှင့် တောင်ကိုရီးယားနိုင်ငံတို့ကြား ပဋိပက္ခများရှိလာနိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပိုလန်နိုင်ငံ၌ ရက်သတ္တတစ်ပတ်မပြည့်မီကာလအတွင်း တတိယမြောက် စာသင်ကျောင်းတိုက်ခိုက်မှုဖြစ်ပွား

**ဝါဆော အောက်တိုဘာ ၁၁**

ပိုလန်နိုင်ငံ ဝါဆောမြို့ရှိ ပညာရေးကောလိပ်တစ်ခု၌ အမျိုးသမီးတစ်ဦး၏ ရန်ပြုတိုက်ခိုက်မှုကြောင့် အောက်တိုဘာ ၁၀ ရက်တွင် လူသုံးဦး ဒဏ်ရာရခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုသည် ပိုလန်နိုင်ငံ၌ ရက်သတ္တတစ်ပတ် မပြည့်မီကာလအတွင်း ဖြစ်ပွားခဲ့သည့် တတိယမြောက် စာသင်ကျောင်းတိုက်ခိုက်မှု ဖြစ်သည်။

ပညာရေးကောလိပ် တိုက်ခိုက်မှုတွင် ပြစ်မှုကျူးလွန်သူ အမျိုးသမီးသည် အန္တရာယ်ရှိသည့် အရာဝတ္ထုတစ်ခုကို အသုံးပြု၍ အသက် ၁၇ နှစ်ရှိ မိန်းကလေးတစ်ဦးကို တိုက်ခိုက်ခဲ့ပြီး ထိုတိုက်ခိုက်မှုအတွင်း အခြားကျောင်းသားနှစ်ဦးလည်း ဒဏ်ရာရခဲ့ကြောင်း ပိုလန်တာဝန်ရှိသူများက ပြောကြားထားသည်။

တိုက်ခိုက်မှုကျူးလွန်သူ အမျိုးသမီးကို ပိုလန်ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ယခုရက်သတ္တပတ် အစောပိုင်းတွင် စာသင်ကျောင်းတိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ပိုလန်ရဲတပ်ဖွဲ့သည် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်း ၅၀၀၀၀ ခန့်ကို ဝင်ရောက်စစ်ဆေး၍ လူ ၇၆ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အောက်တိုဘာ ၇ ရက်တွင် ပိုလန်အလယ်ပိုင်း မာဇိုဗီယန်ပြည်နယ် သက်မွေးပညာကျောင်းတစ်ကျောင်း၌ အသက် ၁၄ နှစ်ရှိ ကျောင်းသားတစ်ဦး၏ တိုက်ခိုက်မှုကြောင့်လူကိုးဦး သေဆုံးခဲ့သည်။

ထို့အတူ အောက်တိုဘာ ၈ ရက်တွင်လည်း မာဇိုဗီယန်ပြည်နယ် စာသင်ကျောင်း တစ်ကျောင်း၌ ကျောင်းသားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ကျောင်းဝန်ထမ်းတစ်ဦး သေဆုံး၍ နှစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဆော်ဒီအာရေဗျလေဆိပ်ကို ဟူသီလက်နက်ကိုင်အဖွဲ့ ထပ်မံတိုက်ခိုက် လူ ၁၂ ဦးသေဆုံး၍ ဦးရေ ၃၀၀ ကျော် ဒဏ်ရာရ

**ရီယာဒ် အောက်တိုဘာ ၁၁**

ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့ နိုင်ငံတကာ လေဆိပ်ကို အောက်တိုဘာ ၁၀ ရက်တွင် ရက်သတ္တပတ်အတွင်း တတိယအကြိမ်အဖြစ် တိုက်ခိုက်ခဲ့ရာ လူ ၁၂ ဦးသေဆုံး၍ ဦးရေ ၃၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



ကင်းခါလစ် နိုင်ငံတကာ လေဆိပ် တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရသူ ၁၀၉ ဦးထိရှိကြောင်း ဆော်ဒီအာရေဗျ တာဝန်ရှိသူများက ပြောကြားထားသည်။

အောက်တိုဘာ ၁၀ ရက် ကင်းခါလစ် နိုင်ငံတကာလေဆိပ် တိုက်ခိုက်ခံရမှုသည် ဆော်ဒီအာရေဗျနိုင်ငံအတွက် ၁၀ နှစ်ကျော်ကာလအတွင်း လူအသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်သည်။

ဟူသီ လက်နက်ကိုင်အဖွဲ့၏ အောက်တိုဘာ ၁၀ ရက် တိုက်ခိုက်မှုကို ပြတ်ပြတ်သားသားတုံ့ပြန်မည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျ ဦးဆောင်သည့် ပင်လယ်ကွေ့ ညွန့်ပေါင်းအုပ်စုက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့သည် အောက်တိုဘာ ၁၀ ရက်မတိုင်မီကလည်း ကင်းခါလစ်နိုင်ငံတကာလေဆိပ်ကို နှစ်ကြိမ်တိုက်ခိုက်ခဲ့ရာ လူလေးဦးသေဆုံး၍ လေဆိပ်၌ ရပ်ထားသည့် ဆော်ဒီအာရေဗျ ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်စီးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ဆိုဗီယက်ခေတ်သက်မဲ့မိုးလေဝသ ဂြိုဟ်တုဟောင်းတစ်စင်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲ



**ဝါရှင်တန် အောက်တိုဘာ ၁၁**

ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ဆိုဗီယက်ခေတ် သက်မဲ့ မိုးလေဝသ ဂြိုဟ်တုဟောင်းတစ်စင်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခဲ့ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Meteor 2 – 7 အမည်ရှိ အဆိုပါ ဆိုဗီယက်ခေတ်မိုးလေဝသဂြိုဟ်တု ပြိုကွဲမှုကို အမေရိကန်နိုင်ငံအခြေစိုက် အာကာသစောင့်ကြည့်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် လီယိုလက်ဘ်ကုမ္ပဏီက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

Meteor 2 – 7 မိုးလေဝသဂြိုဟ်တုပြိုကွဲမှုကြောင့် အပျက်အစီးအစအနများစွာ ပေါ်ထွက်လာကြောင်း လီယိုလက်ဘ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားသည်။

Meteor 2 – 7 မိုးလေဝသဂြိုဟ်တုသည် ဆိုဗီယက်ပြည်ထောင်စုက ၁၉၈၁ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ခြောက်လတာ ကာလအတွင်း ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ဂြိုဟ်တုပြိုကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ Meteor 2 – 7 ဂြိုဟ်တုပြိုကွဲမှုဖြစ်စဉ်သည် နောက်ဆုံးပြိုကွဲခဲ့သည့် ဂြိုဟ်တုပြိုကွဲမှုဖြစ်စဉ်ဖြစ်သည်။

Meteor 2 – 7 ဂြိုဟ်တုမတိုင်မီ ယူအက်အေ -၃၂ အမည်ရှိ အမေရိကန်သူလျှိုဂြိုဟ်တုတစ်စင်း စက်တင်ဘာလအတွင်း ပြိုကွဲပျက်စီးခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# အသက် ၁၀ နှစ်ရှိ အဝလွန်ကလေးများကို ကိုယ်အလေးချိန်လျှော့ချရေးဆေးများ ထိုးနှံပေးရေး WHO တိုက်တွန်း

**ဂျီနီဗာ အောက်တိုဘာ ၁၁**

အသက် ၁၀ နှစ်အရွယ်ရှိ အဝလွန်ကလေးများကို ကိုယ်အလေးချိန် လျှော့ချရေးဆေးများ ထိုးနှံပေးရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တိုက်တွန်းထားကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတကာကျန်းမာရေးကျွမ်းကျင်သူများ၏ အဆိုအရ ကလေးများနှင့်ဆယ်ကျော်သက်များသည်လည်း Mounjaro နှင့် Wegovy ကဲ့သို့ GLP –1 အုပ်စုဝင်ထိုးဆေးများကို အသုံးပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

အသက် ၁၀ နှစ်နှင့် ၁၉ နှစ်ကြားအဝလွန်ကလေးများနှင့် လူငယ်များအနေဖြင့် ပထမဦးစွာ ခါတ်စာရွေးချယ်စားသုံးမှု၊ လေ့ကျင့်ခန်းပြုလုပ်မှုတို့ဖြင့် ကိုယ်အလေးချိန်ကို လျှော့ချရန် ကြိုးပမ်းသင့်ကြောင်း ကျွမ်းကျင်သူများက အကြံပြုထားသည်။

အထက်ပါ နည်းလမ်းများဖြင့် ကိုယ်အလေးချိန်ကို လျှော့ချနိုင်ခြင်းမရှိခဲ့ပါက GLP –1 အုပ်စုဝင်ထိုးဆေးများ၊ ခွဲစိတ်ကုသမှုနည်းလမ်းများဖြင့် ကိုယ်အလေးချိန်ကို လျှော့ချနိုင်ကြောင်း ကျွမ်းကျင်သူများက အကြံပြုထားသည်။

သို့ရာတွင် အသက်ကိုးနှစ်အောက် ကလေးများအတွက်မူ ကိုယ်အလေးချိန်ကို လျှော့ချရာတွင် GLP –1 အုပ်စုဝင်ထိုးဆေးများကို မသုံးသင့်ကြောင်း WHO ကျွမ်းကျင်သူများက ပြောကြားထားသည်။

**Ref : Sputnik News**

**Trs : KKO**

# နိုင်ငံတကာအာကာသစခန်းမှ အာကာသယာဉ်မှူးလေးဦးပြန်လည်လိုက်ပါလာသော Crew - 12 မစ်ရှင်အာကာသလူသယ်ယာဉ် ကမ္ဘာပေါ်သို့အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၁**

နိုင်ငံတကာအာကာသစခန်းမှ အာကာသယာဉ်မှူးလေးဦး ပြန်လည်လိုက်ပါလာသော စပေ့အိတ်ကုမ္ပဏီ၏ Crew –12 မစ်ရှင် အာကာသ လူသယ်ယာဉ်သည် ကမ္ဘာပေါ်သို့အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ Crew –12 မစ်ရှင်၏ Crew Dragon အာကာသ လူသယ်ယာဉ်သည် အောက်တိုဘာ ၇ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ခဲ့ပြီး အောက်တိုဘာ ၈ ရက်တွင် ကမ္ဘာပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက် နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Crew Dragon အာကာသ လူသယ်ယာဉ်သည် အောက်တိုဘာ ၈ ရက်တွင် လော့စ်အိန်ဂျလိစ် ကမ်းရိုးတန်းကမ်းလွန် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ဆင်းသက်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီနှင့် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) တို့က ကြေညာထားကြောင်း သိရသည်။



Crew – 12 မစ်ရှင်အာကာသ လူသယ်ယာဉ်နှင့်အတူ နာဆာအာကာသယာဉ်မှူးများဖြစ်ကြသည့် ဂျက်ဆီကာမိုင်ရာ၊ ဂျက်ဟောသဝေး၊ ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအက်ဒီနော့နှင့်ရုရှားအာကာသယာဉ်မှူး အန်ဒရေဖီဒီအက်ဗ်တို့ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူးလေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ရှစ်လနီးပါးကြာ တာဝန်များထမ်းဆောင်ခဲ့ကြောင်း သိရသည်။

Crew – 12 မစ်ရှင်ကို ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# ADHD ရောဂါရှိနေသူများ၌ Dementia ဖြစ်နိုင်ခြေမြင့်တက်လာနိုင်

**နယူးယောက် အောက်တိုဘာ ၁၁**

စိတ်အားတက်ကြွမှုလွန်ကဲခြင်းရောဂါ(ADHD) ရှိနေသူများ၌ ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ဖြစ်နိုင်ခြေ သိသိသာသာမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ADHD ပြဿနာရှိနေသူများအပါအဝင် သက်ကြီးပိုင်း ၁၈၇၃၄၁ ဦးတို့ကို ဆယ်နှစ်ကြာ အချိန်ယူလေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ADHD မရှိသူများအုပ်စုတွင် Dementia ရောဂါဖြစ်ပွားမှုနှုန်းမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းသာရှိသော်လည်း ADHD ရှိနေသူများအုပ်စုတွင် Dementia ရောဂါဖြစ်ပွားမှုနှုန်းမှာ ၆ ဒသမ ၇ ရာခိုင်နှုန်းထိရှိနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက်အရွယ်ကို ထည့်သွင်းတွက်ချက်ပါက ADHD ရှိနေသူများတွင် Dementia ဖြစ်နိုင်ခြေမှာ နှစ်ဆမှလေးဆထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ADHD ပြဿနာသည် ဦးနှောက်၏ လုပ်ငန်းလည်ပတ်မှုစွမ်းဆောင်ရည် လျော့ပါးလာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



# ကမ္ဘာဂြိုဟ်နှင့် အဝေးဆုံးရေဒီယိုစွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ် (FRB) ပေါ်ထွက်လာရာနေရာကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်

**ကင်ဘာရာ အောက်တိုဘာ ၁၁**

ကမ္ဘာဂြိုဟ်နှင့် အဝေးဆုံး ရေဒီယိုစွမ်းအင် ပေါက်ကွဲမှုဖြစ်စဉ် (FRB) ပေါ်ထွက်လာရာနေရာကို နက္ခတ္တရူပ သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

FRB 20240304 B အမည်ရှိ အဆိုပါ ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုကို တောင်အာဖရိကနိုင်ငံအခြေစိုက် မီရာကတ်ရေဒီယိုတယ်လီစကုပ်ဖြင့် ဩစတြေးလျသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ ထပ်မံလေ့လာခဲ့ရာ ၎င်းရေဒီယိုစွမ်းအင် ပေါက်ကွဲမှုသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၁ ဘီလီယံကွာဝေးသည့် ကြယ်စုတစ်ခုမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့သည်။

သို့ဖြစ်ရာ FRB 20240304 B ရေဒီယို စွမ်းအင်ပေါက်ကွဲမှုမှ အလင်းရောင်များသည် စကြဝဠာ၏ သက်တမ်းနှစ်ပေါင်းသုံးဘီလီယံအရောက်တွင် ကမ္ဘာမြေဆီသို့ စတင်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

FRB 20240304 B ရေဒီယို စွမ်းအင်ပေါက်ကွဲမှုသည် ထောက်လှမ်းတွေ့ရှိခဲ့ဖူးသမျှ FRB များအနက် အဝေးလံဆုံးနှင့် ရှေးအကျဆုံး FRB ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

FRB ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများသည် အချိန်ကာလအားဖြင့် မီလီစက္ကန့်အနည်းငယ်မျှသာကြာမြင့်တတ်သော်လည်း ပေါ်ထွက်လာသည့် စွမ်းအင်ပမာဏမှာ တစ်နှစ်တာကာလအတွင်း နေမှထုတ်လွှတ်ပေးနိုင်သည့် စွမ်းအင်ပမာဏထက် အဆပေါင်းများစွာမြင့်မားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# Mandalar Futsal Leagueပြိုင်ပွဲ ဖိုင်နယ်ပွဲအဆင့်တွင် Mali Kyal Sinအသင်းနှင့် TG Unitedအသင်းတို့ တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်း ဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ဆပ် ကော်မတီက ကြီးမှူးကျင်းပနေသည့် Mandalar Futsal League ပြိုင်ပွဲ ဖိုင်နယ်ပွဲအဆင့်တွင် Mali Kyal Sin အသင်းနှင့် TG United အသင်းတို့ တွေ့ဆုံနေကြောင်း သိရသည်။

Mandalar Futsal League ပြိုင်ပွဲကို ပြီးခဲ့သည့် စက်တင်ဘာ ၁၅ ရက်မှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ပြိုင်ပွဲစနစ်အရ အုပ်စုပွဲစဉ်များအပြီးတွင် အဆင့်(၁)နေရာမှ အသင်းက ဖိုင်နယ်ပွဲအဆင့် တိုက်ရိုက်တက်ရောက်ခွင့်ရပြီး အဆင့်(၂)နေရာမှ အသင်းနှင့် အဆင့်(၃)နေရာမှ အသင်းတို့သည် Play – off အဆင့် ပွဲစဉ်ကစားပြီး အနိုင်ရရှိသည့်အသင်းက ဖိုင်နယ်ပွဲအဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

Mandalar Futsal League ပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် Mali Kyal Sin အသင်းက ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ပြီး Black Wolves အသင်းက ရမှတ် ၂၃ မှတ်ဖြင့် အဆင့်(၂)၊ TG United အသင်းက ရမှတ် ၂၁ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့သည့်အတွက် Black Wolves အသင်းနှင့် TG United အသင်းတို့က Play–off အဆင့်ကစားခဲ့ခြင်းဖြစ်သည်။

Mandalar Futsal League ပြိုင်ပွဲ Play–off အဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက် ၉ နာရီက Black Wolves အသင်းနှင့် TG United အသင်းတို့ကစားခဲ့ရာ TG United အသင်းက ၁၁ ဂိုး ခြောက်ဂိုးဖြင့် အနိုင်ရပြီးနောက် ဖိုင်နယ်ပွဲစဉ်အဖြစ် Mali Kyal Sin အသင်းနှင့် TG United အသင်းတို့ အောက်တိုဘာ ၁၅ ရက်တွင် ဆက်လက်ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# ၂၀၁၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဘာစီလိုနာအသင်း စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစ ရှစ်ပွဲဆက်အနိုင်ရ

**ဘာစီလိုနာ အောက်တိုဘာ ၁၁**



စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် အောက်တိုဘာ ၁၀ ရက်ညပိုင်းက ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ဂီတာဖေးအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအသင်းက အိမ်ကွင်း၌ သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီးနောက် ၂၀၁၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစ ရှစ်ပွဲဆက်အနိုင်ရခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်၌ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် ဂေါ်ဒွန်၊ ပွဲချိန် မိနစ် ၃၀ တွင် ဂျီးဆပ်၊ ပွဲချိန် ၇၃ မိနစ်တွင် ခွန်ဒီတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် ၂၀၁၃–၂၀၁၄ ဘောလုံးရာသီက နည်းပြ မာတီနိုတာဝန်ယူကိုင်တွယ်စဉ် စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစ ရှစ်ပွဲဆက်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါဘောလုံးရာသီနောက်ပိုင်း ရှစ်ပွဲဆက်အနိုင်ရရှိခြင်းမရှိဘဲ ယခုနှစ်ဘောလုံးရာသီမှသာ ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် အယ်ချီအသင်းကို ငါးဂိုးဂိုးမရှိ၊ဘီလ်ဘာအိုအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဗယ်လ်ကာနိုအသင်းကို ငါးဂိုး နှစ်ဂိုး၊ ဗလင်စီယာအသင်းကို ငါးဂိုး ဂိုးမရှိ၊ လီဗန်တေးအသင်းကို လေးဂိုး နှစ်ဂိုး၊ ရေဆင်းအသင်းကို ခုနစ်ဂိုး နှစ်ဂိုး၊ ဆီဗီလာအသင်းကို သုံးဂိုး တစ်ဂိုး၊ ဂီတာဖေးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အလားတူ ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပြိုင်ပွဲတွင် ရှစ်ပွဲကစားပြီးချိန် သွင်းဂိုး ၃၄ ဂိုးရှိလာခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် ရှစ်ပွဲကစားပြီးချိန်တွင် သွင်းဂိုးအများဆုံး ဘောလုံးရာသီ အဖြစ်လည်း ရပ်တည်ခဲ့ကြောင်းသိရသည်။

Ref : 365 Scores

Trs : STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ပွဲတည်းဂိုးပါဝင်ပတ်သက်မှုသုံးကြိမ်လုပ်ဆောင်နိုင်သည့် အသက်အကြီးဆုံး ဒုတိယမြောက်ကစားသမားအဖြစ် ချဲလ်ဆီးအသင်းမှ ဟန်ဒါဆန်ရပ်တည်

**လန်ဒန် အောက်တိုဘာ ၁၁**

ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ဟန်ဒါဆန်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်း ကစားသမားဟောင်းစီရော်နယ်ဒိုနောက်ပိုင်း တစ်ပွဲတည်းဂိုးပါဝင်ပတ်သက်မှု သုံးကြိမ်လုပ်ဆောင်နိုင်သည့် အသက်အကြီးဆုံး ဒုတိယမြောက် ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် အောက်တိုဘာ ၁၀ ရက်က ကစားခဲ့သည့် ချဲလ်ဆီးအသင်းက ဘုန်းမောက်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဟန်ဒါဆန်သည် ပွဲချိန် နှစ်မိနစ်နှင့်မိနစ် ၇၀ တို့တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူခဲ့သကဲ့သို့ ပွဲချိန် သုံးမိနစ်တွင် သွင်းယူခဲ့သည့် အသင်းဖော် ရော်ဂျာ၏ သွင်းဂိုးကိုလည်း ဂိုးဖန်တီးမှုလုပ်ဆောင်ခဲ့ပြီး ဂိုးပါဝင်ပတ်သက်မှု သုံးကြိမ်လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် တစ်ပွဲတည်း ဂိုးပါဝင်ပတ်သက်မှု သုံးကြိမ် လုပ်ဆောင်နိုင်ခဲ့သည့် အသက်အကြီးဆုံး ကစားသမားအဖြစ် စီရော်နယ်ဒိုက ၂၀၂၁ ခုနှစ်က ၃၇ နှစ်ဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး ယခုအခါဟန်ဒါဆန်က အသက် ၃၆ နှစ်ဖြင့် စီရော်နယ်ဒိုနောက်ပိုင်း တစ်ပွဲတည်း ဂိုးပါဝင်ပတ်သက်မှု သုံးကြိမ် လုပ်ဆောင်နိုင်သည့် အသက်အကြီးဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင်ဟန်ဒါဆန်သည် နှစ်မိနစ်တွင် ဂိုးသွင်းယူခဲ့ပြီး သုံးမိနစ်တွင် ဂိုးဖန်တီးမှု လုပ်ဆောင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုကို ပွဲချိန်အစောဆုံး လုပ်ဆောင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ်ပါ ရပ်တည်ခဲ့ကြောင်းသိရသည်။

Ref : The Athletic

Trs : STA

# အမေရိကန်လက်ဝှေ့သမား ဘီနာဗီဒက်က WBC လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်




**ဝါရှင်တန် အောက်တိုဘာ ၁၁**

WBC လိုက်ဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဘီနာဗီဒက်က ၎င်း၏ WBC လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်သည်ဟု အောက်တိုဘာ ၁၀ ရက်က ကြေညာခဲ့ကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

WBC လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို ၂၀၂၄ ခုနှစ် ဇွန်လက တစ်နိုင်ငံတည်းသား ဖြစ်သည့် ဂျီဗိုဒိုက်က ချန်ပီယံခါးပတ်စွန့်လွှတ်ခဲ့သည့်အတွက် အဆင့်(၁) နေရာမှ ဘီနာဗီဒက်က ရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဘီနာဗီဒက်သည် WBA၊ WBC ခရူဇာဝိတ်တန်းတို့တွင်လည်း ချန်ပီယံခါးပတ်များဆွတ်ခူးခဲ့ပြီးနောက် ယခုအခါ ခရူဇာဝိတ်တန်းတွင်သာ ထိုးသတ်လိုသည့်အတွက် WBC လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘီနာဗီဒက်သည် WBA၊ WBC ခရူဇာဝိတ်တန်းချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဩစတြေးလျလက်ဝှေ့သမား အိုပီတိုင်ယာနှင့် ထိုးသတ်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေသည်။

ဘီနာဗီဒက်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ၃၂ ပွဲ ထိုးသတ်ခဲ့ရာ ပွဲစဉ်အားလုံးအနိုင်ရထားပြီး အနိုင်ရရှိခဲ့သည့်ပွဲစဉ်များအနက် ၂၆ ပွဲကို အလဲထိုးဖြင့် အနိုင်ရယူခဲ့သူဖြစ်ကြောင်း သိရသည်။ **Ref : Source Boxing**

**Trs : STA**

# 2026 Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရန်နန် ဆွတ်ခူး

**ဝါရှင်တန် အောက်တိုဘာ ၁၁**



ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သည့် PGA Tour အဆင့် ပြိုင်ပွဲဖြစ်သည့် 2026 Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရန်နန်က ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ နောက်ဆုံးအကျော့ပွဲစဉ်များကို ယနေ့တွင် ကစားခဲ့ကြရာ ဘရန်နန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် လျော့ရိုက်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲအပြီး ဘရန်နန်၏နောက်တွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမားများဖြစ်သည့် မစ်ချယ်နှင့် ဘရိုတ်မန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီ လျော့ရိုက်ပြီး ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

ဘရန်နန်က "အခုလိုချန်ပီယံဆုရတာ မယုံနိုင်လောက်အောင်ပါပဲ။ ပထမအကျော့ကနေ နောက်ဆုံးအကျော့ထိ အကောင်းဆုံးရလဒ်ကို ထိန်းသိမ်းနိုင်ခဲ့လို့ အခုလို ထိုက်ထိုက်တန်တန် ချန်ပီယံဆု ရရှိခဲ့တာပါ။ တစ်ပတ်လုံးအားပေးခဲ့ကြတဲ့ပရိသတ်တစ်ဦးချင်းစီကိုလဲ အများကြီးကျေးဇူးတင်ပါတယ်။ ဒီထိလာပြီး အားပေးခဲ့တဲ့ ကျွန်တော့်အစ်ကိုကိုလဲ အများကြီး ကျေးဇူးတင်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : DP Tour

Trs : STA



# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကိုယ်စီအနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့နှင့် ပဲခူးမြို့တို့တွင်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကိုယ်စီ အနိုင်ရရှိခဲ့ကြောင်း သိရသည်။




မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ရန်ကုန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် ဂိုမက်၊ ပွဲချိန် မိနစ် ၇၀ တွင် ဆမ်ဘာတို့က သွင်းယူခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၂၀တွင် သန်းပိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်စီးတီးအသင်းမှ ဂိုမက်က ဆွတ်ခူးခဲ့သည်။

အလားတူ ညနေ ၃နာရီခွဲက ပဲခူးမြို့ Grand Royal အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် မက်ဆာကီနှင့် ပွဲချိန် ၅၂ မိနစ်တွင် အက်ဆွန်ဂျူနီယာတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရှမ်းယူနိုက်တက် အသင်းနှင့် အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့သည့် ခံစစ်ကစားသမား သက်ဟိန်းစိုးက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

STA

# 2026 Il Lombardia စက်ဘီးစီးပြိုင်ပွဲ ချန်ပီယံဆုကို ပေါ်လ်ဆီဆက်ဆွတ်ခူး

ရောမ အောက်တိုဘာ ၁၁

အီတလီနိုင်ငံတွင် အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည့် 2026 Il Lombardia စက်ဘီးစီးပြိုင်ပွဲတွင် ပြင်သစ်စက်ဘီးစီးသမားပေါလ်ဆီဆက်က ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

2026 Il Lombardia စက်ဘီးစီးပြိုင်ပွဲသည် အဆင့်အတန်းမြင့်ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး မြေပြန့်လမ်းကြောင်းများအပြင် တောင်တက်လမ်းများကိုပါ ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

2026 Il Lombardia စက်ဘီးစီးပြိုင်ပွဲကို ၂၃၉ ကီလိုမီတာပြိုင်ပွဲအဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပေါလ်ဆီဆက်က ၅ နာရီ ၄၉ မိနစ် ၂၈ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီးနောက် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကာ ၎င်းနောက်တွင် စပိန်စက်ဘီးစီးသမား အန်းရစ်မက်ကက ၄၈ စက္ကန့် အကွာဖြင့် ဒုတိယ၊ အီတလီ စက်ဘီးစီးသမားဆစ်ကိုနီက ၁ မိနစ် ၅ စက္ကန့်အကွာဖြင့် တတိယတို့ကို ဆွတ်ခူးခဲ့သည်။

အဆိုပါပြိုင်ပွဲ မြေပြန့်လမ်းပိုင်းတွင် ပြိုင်ပွဲဝင်များသည် ကွာခြားမှု မရှိခဲ့သော်လည်း တောင်တက်လမ်းပိုင်းတွင် ပေါလ်ဆီဆက်က အသာစီးရယူနိုင်ခဲ့ပြီးနောက် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပေါလ်ဆီဆက်သည် အသက် ၂၀ နှစ်သာရှိသေးသည့်အတွက် Il Lombardia စက်ဘီးစီးပြိုင်ပွဲ၏ အသက်အငယ်ဆုံးချန်ပီယံအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : TNT Sports
Trs : STA




# ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲ ၃၂ ဦး ရှုံးထွက်အဆင့်မှ အမေရိကန်တင်းနစ်ကစားသမား ဘင်ရှဲလ်တန် ထွက်ခွာခဲ့ရ

ပေကျင်း အောက်တိုဘာ ၁၁

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲ ၃၂ ဦး ရှုံးထွက်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ဘင်ရှဲလ်တန်က ပြင်သစ်တင်းနစ်ကစားသမား အာသာရီကီကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဘင်ရှဲလ်တန်က ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၃)အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ၃၂ ဦး ရှုံးထွက်အဆင့်မှပင် စောစီးစွာထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

ရှန်ဟိုင်းမာစတာ တင်းနစ်ပြိုင်ပွဲ ၃၂ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် ဘင်ရှဲလ်တန်က အာသာရီကီနှင့် ကစားခဲ့ရာ ပထမပွဲ ငယ်တွင် (၆-၇)ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၆-၇)ရလဒ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှ စောစီးစွာထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

ဘင်ရှဲလ်တန်သည် ထိပ်တန်းပြိုင်ပွဲတစ်ရပ်ဖြစ်သည့် U.S.Open တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲ အဆင့်ထိ တက်ရောက်နိုင်ခဲ့သော်လည်း ရှန်ဟိုင်းမာစတာ တင်းနစ်ပြိုင်ပွဲတွင် ပုံစံကောင်း ပျောက်ဆုံးခဲ့ကာ ၃၂ ဦးရှုံးထွက် အဆင့်မှပင် ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၁) သတ်မှတ်ခံထားရသည့် ဂျာမနီ တင်းနစ်ကစားသမား ဇီရက်ဗ်က ၁၆ ဦးရှုံးထွက်အဆင့်နှင့် အဆင့်(၂) သတ်မှတ်ခံထားရသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ၃၂ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ Ref : AGTP Tennis

Trs : STA

# မြန်မာဖူဆယ်လိဂ်ယူ-၁၆ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Ftutal Stadium တွင် ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာဖူဆယ်လိဂ် ယူ- ၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက Jullniss အသင်းနှင့် SGF FC အသင်းတို့ ကစားခဲ့ရာ လေးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး နံနက် ၁၀ နာရီက အဇန်ဂျာဂျူနီယာ အသင်းနှင့် မာရှိန်အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကာ နံနက် ၁၁ နာရီခွဲက TKA Star FC အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်းတို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး မွန်းလွဲ ၁ နာရီက Bushido FC အသင်းနှင့် ဗစ်တိုးရီးယား အသင်းတို့ ကစားခဲ့ရာ ဗစ်တိုးရီးယားအသင်းက ကိုးဂိုး ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်ပြီးမွန်းလွဲ ၂ နာရီခွဲက မင်းမဟော်အသင်းနှင့် မဟာဘားမားအသင်းတို့ ကစားခဲ့ရာ မဟာဘားမားအသင်းက သုံးဂိုး နှစ်ဂိုး၊ ညနေ ၄ နာရီက ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ယူနိုက်တက်စီးတီးအသင်းတို့ ကစားခဲ့ရာ ရွှေပြည်သာယူနိုက်တက် အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များ အပြီးတွင် ဗစ်တိုးရီးယားအသင်းက ရမှတ် ၃၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေကြောင်း သိရသည်။

STA

# တရုတ်အိုးပင်းအမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ဒါဘရိုစကီးနှင့် စတီဖာနီတို့အတွဲ ချန်ပီယံဆုဆွတ်ခူး




ပေကျင်း အောက်တိုဘာ ၁၁

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် တရုတ်အိုးပင်းအမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ကနေဒါတင်းနစ်မယ် ဒါဘရိုစကီးနှင့် ဘရာဇီးတင်းနစ်မယ် စတီဖာနီတို့အတွဲက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင် ဒါဘရိုစကီးနှင့် စတီဖာနီတို့အတွဲက တရုတ်တင်းနစ်မယ်ကျန်ရှုအိုင်နှင့် ချက်တင်းနစ်မယ် စီနီယာကိုဗာတို့အတွဲနှင့် ကစားခဲ့ရာဒါဘရိုစကီးနှင့် စတီဖာနီတို့အတွဲက ပထမပွဲငယ်တွင်(၆-၁) ရလဒ်ဖြင့်အနိုင်ရခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၆-၂)ရလဒ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ကျန်ရှုအိုင်နှင့် စီနီယာကိုဗာတို့အတွဲက ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၁)သတ်မှတ်ခံထားရပြီး ဒါဘရိုစကီးနှင့်စတီဖာနီတို့အတွဲက အဆင့်(၂) သတ်မှတ်ခံထားရသော်လည်း ဗိုလ်လုပွဲစဉ်တွင် ဒါဘရိုစကီးနှင့် စတီဖာနီတို့အတွဲက အကောင်းဆုံး လက်စွမ်းပြကစားခဲ့ခြင်းဖြစ်သည်။

အလားတူ တရုတ်အိုးပင်းအမျိုးသားနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင်လည်း ဗြိတိန်တင်းနစ်ကစားသမားများဖြစ်သည့် ဂျူလီယန်ကက်နှင့် ဂလက်ပူးလ်တို့အတွဲက နယ်သာလန် တင်းနစ်ကစားသမားများဖြစ်သည့် ဒေးဗစ်ပေါလ်နှင့် ဆန်ဒါအာရန်းတို့အတွဲကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်းသိရသည်။

Ref : AGTP Tennis
Trs : STA

# နှမ်းသီးနှံစိုက်ပျိုးရေးမှ အရည်အသွေးမြင့် ထုတ်လုပ်မှုဆီသို့

ခွာညို(စိုက်ပျိုးရေး)

မြန်မာနိုင်ငံ၌ ဆီထွက်သီးနှံအမျိုးအစားပေါင်းများစွာအနက် နှမ်းသည် ပြည်တွင်းနှင့် စားသုံးဆီဈေးကွက်၌ ဝယ်လိုအားအမြဲမပြတ်ရှိနေခြင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သော သီးနှံဖြစ်ခြင်းတို့ကြောင့် မြန်မာတောင်သူများ အစဉ်အဆက်စိုက်ပျိုးလာခဲ့ကြသည်။ ထို့ပြင် နှမ်းတွင် ဆီပါဝင်မှုမြင့်မားခြင်း၊ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆီထုတ်လုပ်ရေးတွင် အသုံးပြုနိုင်ခြင်းတို့ကြောင့် အရည်အသွေးကောင်းမွန်သောနှမ်းထုတ်လုပ်နိုင်ရေးသည်အရေးကြီးသော ရည်မှန်းချက်တစ်ရပ်ဖြစ်လာသည်။

ခေတ်သစ်စိုက်ပျိုးရေး လယ်ယာစီးပွားစီမံခန့်ခွဲမှုအရ အထွက်နှုန်းပမာဏကောင်းမွန်ရုံသက်သက်ဖြင့် လယ်ယာလုပ်ငန်းတစ်ရပ်အောင်မြင်သည်ဟု မဆိုနိုင်ပေ။ စိုက်ပျိုးစရိတ်ကျခံမှု၊ မြေဆီလွှာပြုပြင်မှု၊ ပိုးမွှားနှိမ်နင်းမှုနှင့် ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများကို စနစ်တကျ နည်းလမ်းမှန်ကန်စွာ လျှော့ချပြီး အသားတင်အမြတ်အစွန်းရရှိအောင် စီမံခန့်ခွဲနိုင်မှသာ တောင်သူများ၏ ရေရှည်ခိုင်မာသော စီးပွားရေးကို အာမခံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နှမ်းသီးနှံကို စီးပွားဖြစ်စိုက်ပျိုးရာတွင် မျိုးစေ့ရွေးချယ်ခြင်းမှ ရောင်းချသည့်အချိန်ထိ လုပ်ငန်းစဉ်တစ်ခုလုံးကို စနစ်တကျဆောင်ရွက်ရန်လိုအပ်သည်။ သီးနှံအထွက်နှုန်းတစ်ခုတည်းကို သာမျှော်မှန်းခြင်းမဟုတ်ဘဲ နှမ်းစေ့၏ သန့်ရှင်းမှု၊ အရောင်၊ အစိုဓာတ်၊ ဆီပါဝင်မှုနှင့် ဈေးကွက်လိုအပ်ချက်များကိုပါ တစ်ပြိုင်နက်တည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ သို့ဖြစ်ရာ နှမ်းသီးနှံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်သည်။

**မျိုးရွေးချယ်ခြင်းနှင့် မြေပြုပြင်ခြင်း**

နှမ်းသီးနှံ၏ တစ်ကေပန်းတိုင်အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သော မျိုးစေ့ရရှိရေးအတွက် ပထမဆုံးနှင့်အဓိကအကျဆုံးမှာ မိမိဒေသ၏ရေမြေရာသီဥတုနှင့် အကိုက်ညီဆုံးဖြစ်သော မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်းနှင့် စနစ်တကျ မြေပြုပြင်ခြင်းဖြစ်သည်။ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်းသည် နောက်ပိုင်းစိုက်ပျိုးရေးလုပ်ငန်းများ၏ရလဒ်ကို အလွန်သက်ရောက်စေသည်။ ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသည့်မျိုးကိုရွေးချယ်ပြီး မျိုးစေ့အရည်အသွေးကောင်းမွန်မှု၊ အပင်ပေါက်ရာခိုင်နှုန်းကောင်းမွန်မှု၊ ရောဂါဒဏ်ခံနိုင်မှုနှင့် ဆီပါဝင်မှုတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

ဆင်းရတနာ-၃၊ ဆင်းရတနာ-၁၄ သို့မဟုတ် နှမ်းနက်ကဲ့သို့သော ဈေးကွက်ဝင်ရောဂါဒဏ်ခံမျိုးစေ့များကို ရွေးချယ်စိုက်ပျိုးရမည်ဖြစ်ပြီး အပင်ပေါက်ရာခိုင်နှုန်းမြင့်မားသော၊ ရောဂါပိုးမွှားကင်းစင်သော သန့်စင်သည့်မျိုးစေ့ကိုသာ သုံးစွဲသင့်သည်။ မစိုက်ပျိုးမီ မျိုးစေ့အတွင်းအညစ်အကြေးနှင့် အခြားမျိုးစေ့များရောနှောပါဝင်မှုကို စစ်ဆေးခြင်းတို့ပြုလုပ်သင့်သည်။ မျိုးစေ့ကောင်းမွန်မှသာ စိုက်ခင်းအတွင်း အပင်ပေါက်ညီညာပြီး အပင်အရေအတွက် မှန်ကန်စွာ ရရှိနိုင်မည်ဖြစ်သည်။

နှမ်းသည် ရေဝပ်မှုကို မခံနိုင်သည့်သီးနှံဖြစ်သောကြောင့် ရေစီးရေလာကောင်းမွန်ပြီး ရေမဝပ်သောမြေကို ရွေးချယ်ခြင်းသည် အရေးကြီးပေသည်။ နှမ်းသည် ရေဝပ်ဒဏ်ခံနိုင်ရည်မရှိသဖြင့် ရေဝပ်နေမှုကြာမြင့်ပါက အပင်ကြီးထွားမှုနှင့် အထွက်နှုန်းကို ထိခိုက်စေနိုင်သည်။ နှမ်းသည် သေးငယ်ပြီး နူးညံ့သည့်အစေ့အဆန်ဖြစ်သဖြင့် မြေပြုပြင်ရာတွင် မြေဆီလွှာကို လေဝင်လေထွက်ကောင်းမွန်ပြီး မြေမှုန့်ရရှိသည်ထိ ထွန်ယက်ပေးရန်လိုအပ်ပြီး ယခင်သီးနှံအကြွင်းအကျန်များကို စနစ်တကျ ရှင်းလင်း၍ မြေသားကောင်းမွန်စွာ ကြေမွအောင် ပြင်ဆင်ပေးသင့်သည်။ မြေပြုပြင်စဉ်ကာလတွင် သဘာဝမြေဩဇာနှင့် နွားချေးဆွေးများကို ထိရောက်စွာထည့်သွင်းပေးခြင်းဖြင့် မိုးနည်းရပ်ဝန်းရှိမြေများတွင် မြေတွင်းအော်ဂဲနစ်ပစ္စည်းတိုးတက်စေရန် သဘာဝမြေဩဇာများ အသုံးပြုခြင်းသည် မြေဆီလွှာ၏ အစိုဓာတ်နှင့် အာဟာရထိန်းသိမ်းနိုင်စွမ်းကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**သီးနှံပြုစုထိန်းသိမ်းခြင်းနှင့် အပင်ဦးရေ စီမံခန့်ခွဲခြင်း**

နှမ်းစေ့သည် အရွယ်အစားသေးငယ်သဖြင့် စိုက်ပျိုးချိန်မျိုးစေ့ချရာတွင် ဂရုစိုက်ရန်လိုအပ်သည်။ တစ်ကေပန်းတိုင် အထွက်နှုန်းပြည့်မီရေးအတွက် သီးနှံစိုက်ပျိုးပြီးနောက် အပင်ပြုစုထိန်းသိမ်းခြင်းနှင့် အပင်အရေအတွက်ပြည့်မီရေးသည် အဓိကသော့ချက်ဖြစ်သည်။ တစ်ကေအပင်အရေအတွက် အလွန်ထူထပ်ခြင်း၊ အလွန်ကျဲခြင်းနှစ်မျိုးစလုံးသည် အထွက်နှုန်းကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် တစ်ကေအပင်အရေအတွက်နှင့် စိုက်ရမည့်ပင်ကြား၊ တန်းကြား အကွာအဝေးများအတိုင်း စိုက်ပျိုးရန်လိုအပ်သည်။ စိုက်ပျိုးပြီး အပင်ပေါက်စုံပါက အပင်အကွာအဝေးမှန်ကန်စေရန်နှင့် အပင်တစ်ပင်နှင့်တစ်ပင်ကြား အာဟာရနှင့်အလင်းရောင်လုယူမှုကို တားဆီးနိုင်ရန် အပင်မှုန်းခြင်းကို အချိန်မီပြုလုပ်ပေးရမည်။

**ပိုးမွှားရောဂါနှင့် ပေါင်းမြက်စီမံခန့်ခွဲခြင်း**

ပိုးမွှားရောဂါနှင့် ပေါင်းမြက်စီမံခန့်ခွဲမှုတွင် စိုက်ပျိုးချိန်မှစ၍ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ကို ကျင့်သုံးရန်လိုအပ်သည်။ မျိုးစေ့မှတစ်ဆင့်ပါလာတတ်သော မျိုးစေ့ဆောင်ရောဂါများကို ကာကွယ်ရန် မျိုးစေ့ကို မှိုသတ်ဆေးဖြင့် စနစ်တကျ လူးနယ်၍ စိုက်ပျိုးရမည်ဖြစ်ပြီး ရွက်စားပိုး၊ ရွက်လိပ်ပိုး၊ သီးတောင့်ထိုးပိုး၊ ငမြှောင်တောင်ကဲ့သို့သော ပိုးမွှားများကျရောက်မှုကို စိုက်ခင်းအတွင်း ပုံမှန်စစ်ဆေးပေးရမည်။ ထို့ကြောင့် စိုက်ခင်းကို ပုံမှန်စစ်ဆေးပြီး အရွက်သဏ္ဌာန်ပြောင်းလဲခြင်း၊ အပင်ညှိုးခြင်း၊ အရွက်အရောင်ပြောင်းခြင်း၊ ပင်စည်ပုပ်ခြင်း၊ အပင်ကြီးထွားမှုမမှန်ခြင်းနှင့် ပိုးမွှားတွေ့ရှိခြင်းတို့ကို စောစီးစွာ သိရှိရန်လိုသည်။ ပိုးမွှားစတင်ကျရောက်သည့်ကာလတွင် သဘာဝဆေးဝါးများ သို့မဟုတ် သီးသန့်ဆေးဝါးများဖြင့် ထိရောက်စွာ နှိမ်နင်းခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။ ပိုးမွှားနှင့်ရောဂါထိန်းချုပ်ရာတွင် ဘက်စုံပိုးမွှားကာကွယ်ရေးစနစ်ကိုအခြေခံ၍ သီးလှည့်စိုက်ခြင်း၊ ပိုးမွှားရောဂါကင်းရှင်းသော မျိုးစေ့အသုံးပြုခြင်း၊ မိတ်ဆွေပိုးမွှားများ ထိန်းသိမ်းခြင်းနှင့်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို အညွှန်းပါအတိုင်း အသုံးပြုခြင်းတို့ကို ဆောင်ရွက်သင့်သည်။

ထို့ပြင် အပင်ငယ်စဉ်အချိန်တွင် ပေါင်းမြက်ရှင်းလင်းပေးခြင်းဖြင့် ပေါင်းမြက်များက အပင်၏ အာဟာရ၊ ရေဓာတ်နှင့် နေရောင်ခြည်ကို လုယူမှုကို ဟန့်တားနိုင်ကာ နှမ်းပင်၏ ဇီဝရုပ်ဖြစ်ပျက်မှုကို ကောင်းမွန်စေမည်ဖြစ်သည်။ လူဖြင့်ရှင်းလင်းခြင်း၊ စက်ကိရိယာအသုံးပြုခြင်းနှင့် ဒေသအလိုက်သင့်လျော်သော ပေါင်းမြက်စီမံခန့်ခွဲမှုနည်းလမ်းများကို ပေါင်းစပ်အသုံးပြုနိုင်သည်။

**ရေ၊ အာဟာရနှင့် အပင်ကြီးထွားမှုကို ဟန်ချက်ညီစွာ စီမံခန့်ခွဲခြင်း**

နှမ်းသည် မိုးရေကို အဓိကထား၍ စိုက်ပျိုးနိုင်သည့် သီးနှံဖြစ်သော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် မိုးရွာသွန်းမှုမမှန်ခြင်းတို့ကြောင့် အချို့ဒေသများတွင် ရေအခက်အခဲဖြစ်ပေါ်နိုင်သည်။ အပင်ငယ်စဉ်နှင့်ပန်းပွင့်ချိန်၊ သီးတောင့်တည်သည့်ကာလများတွင် မြေအစိုဓာတ်လုံလောက်စေရန် စောင့်ကြည့်သင့်သည်။ ရေကိုလိုအပ်သည်ထက်ပို၍ပေးခြင်းသည် ရေဝပ်မှုကိုဖြစ်စေနိုင်သဖြင့် ရေပေးသွင်းမှုကို မြေအခြေအနေနှင့်ရာသီဥတုအလိုက် ချိန်ညှိရန်လိုအပ်သည်။

ဓာတ်မြေဩဇာအသုံးပြုရာတွင် တစ်ကြိမ်တည်း အလွန်အကျွံထည့်သွင်းခြင်းထက် သီးနှံအဆင့်ဆင့်၏လိုအပ်ချက်နှင့် ကိုက်ညီအောင်စီမံခြင်းက ပိုမိုထိရောက်နိုင်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် မြေများသည် အော်ဂဲနစ်နည်းပါးပြီး ရေထိန်းနိုင်စွမ်းနည်းသည့် အခြေအနေများရှိနိုင်သဖြင့် သဘာဝမြေဩဇာနှင့် မြေဆီလွှာစီမံခန့်ခွဲမှုကိုပါ တွဲဖက်လုပ်ဆောင်ရန် အရေးကြီးသည်။ ဓာတ်မြေဩဇာကျွေးမွေးရာတွင် အပင်အစပျိုးကြီးထွားချိန်အတွက် နိုက်ထရိုဂျင်ဓာတ်၊ အမြစ်စနစ်သန်မာပြီး သီးတောင့်ဖွံ့ဖြိုးစေရန် ဖော့စဖရပ်နှင့် ပိုတက်စီယမ်ဓာတ်တို့ကို မျှတစွာသုံးစွဲရမည်ဖြစ်သည်။ ထို့ပြင် နှမ်းသည် ဆီထွက်သီးနှံဖြစ်သည့်အတွက် ဆာလဖာဓာတ်နှင့် အနည်းလို အာဟာရဓာတ်ပက်ဖျန်းပေးခြင်းသည် အစေ့အဆန်အောင်မြင်စေရုံမျှမက အစေ့အတွင်း ဆီထွက်ရာခိုင်နှုန်းကိုပါ သိသိသာသာ တိုးတက်စေသည့်အတွက် သီးနှံအရည်အသွေးကို များစွာအထောက်အကူပြုသည်။

**ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲခြင်း**

နှမ်းစိုက်ပျိုးရေးတွင် စိုက်ပျိုးမှုအဆင့်သာမက ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းပြီးနောက် စီမံခန့်ခွဲမှုသည်လည်း အလွန်အရေးကြီးသည်။ ထို့ကြောင့် မျိုးအလိုက်ရင့်မှည့်မှုအခြေအနေများကို စောင့်ကြည့်ပြီး သင့်လျော်သောအချိန်တွင် ရိတ်သိမ်းရန်လိုအပ်သည်။ ရိတ်သိမ်းပြီးနောက် အပင်များကို သင့်လျော်စွာ ခြောက်သွေ့အောင်ပြုလုပ်ပြီး အစေ့များကို သန့်ရှင်းစွာခွဲထုတ်ရမည်။ မိုးရွာချိန်နှင့် တိုက်ဆိုင်ပါက နှမ်းပင်နှင့်အစေ့များ ခြောက်သွေ့ရန်ကြာမြင့်ပြီး အရည်အသွေးကျဆင်းနိုင်သည်။ အထွက်နှုန်းထွက်ရှိမှု ကောင်းမွန်သော်လည်း ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုများရှိပါက အသားတင်အမြတ်အစွန်း လျော့နည်းသွားနိုင်သဖြင့် မှန်ကန်သော ရိတ်သိမ်းနည်းစနစ်များကို ကျင့်သုံးရမည်။ အောက်ခြေရွက်များဝါ၍ ကြွေကျချိန်နှင့် သီးတောင့်များ အဝါရောင်ပြောင်းကာ အောက်ခြေအသီး စတင်ကွဲအက်ချိန်တွင် ရိတ်သိမ်းရမည်ဖြစ်သည်။ ရိတ်သိမ်းချိန်စောလွန်းပါက အစေ့မအောင်ဘဲ အဆန်မပြည့်ဖြစ်တတ်ပြီး နောက်ကျပါက သီးတောင့်များကွဲ၍ အစေ့များမြေသို့ ကြွေကျဆုံးရှုံးတတ်သည်။ ရိတ်သိမ်းပြီးနောက် စည်းနှောင်၍ နှမ်းထောင်ကာ စနစ်တကျ အခြောက်ခံရမည်ဖြစ်ပြီး နှမ်းနယ်လှေ့ရိုက်ရာတွင် အမှိုက်၊ သဲနှင့် ခဲများမပါဝင်စေရန် မိုးကာစ သို့မဟုတ် ဖျာများခင်း၍ ရိုက်ရမည်။ သန့်စင်ပြီးနောက် အစိုဓာတ်ပမာဏ ရှစ်ရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းအတွင်းရောက်အောင် စနစ်တကျ နေလှန်း၍ လေလုံသော အိတ်များဖြင့် သိုလှောင်ထားရှိရမည်။

**ဈေးကွက်ချိတ်ဆက်ခြင်းနှင့် အရည်အသွေးမြင့် ထုတ်လုပ်ခြင်း**

နှမ်းသီးနှံ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းသာမက ဈေးကွက်ချိတ်ဆက်ဆောင်ရွက်မှုသည်လည်း အဓိကသော့ချက်တစ်ခုဖြစ်သည်။ ဆီစက်များအတွက် ဆီထွက်နှုန်းကောင်းသော နှမ်းလိုအပ်သကဲ့သို့ အစားအစာနှင့် ပြည်ပတင်ပို့မှုဈေးကွက်အတွက် အစေ့အရောင်၊ သန့်ရှင်းမှု၊ အရွယ်အစား၊ အစိုဓာတ်နှင့် အခြားအရည်အသွေးစံနှုန်းများကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ထို့ကြောင့် စိုက်ပျိုးမည့်ရာသီမတိုင်မီကတည်းက မည်သည့်ဈေးကွက်သို့ ရောင်းချမည်၊ မည်သည့်မျိုးသည်ဈေးကွက်နှင့် ကိုက်ညီမည်၊ မည်သည့်အရည်အသွေးကို ထိန်းသိမ်းရမည်ဆိုသည်ကို ကြိုတင်စီမံထားသင့်သည်။ ဤနည်းဖြင့် ထုတ်လုပ်ပြီးမှ ဈေးကွက်ရှာခြင်းအစား ဈေးကွက်လိုအပ်ချက်ကိုသိရှိပြီး ထုတ်လုပ်ခြင်းဆိုသည့် စီးပွားရေးပုံစံသို့ ပြောင်းလဲနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နှမ်းစိုက်တောင်သူများ၊ ကုန်သည်များ၊ ဆီစက်ပိုင်ရှင်များနှင့် ပြည်ပတင်ပို့သူများကြား အကျိုးတူစနစ်ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆောက်သွားရန်လိုအပ်သည်။ အရည်အသွေးမြင့် နှမ်းသီးနှံတင်ပို့နိုင်ရေးအတွက် ဓာတုဓာတ်ကြွင်းသန့်စင်မှု၊ မှိုတောက်ဆင်းကင်းစင်မှုနှင့် သန့်ရှင်းသပ်ရပ်မှု စသည့်စံချိန်စံညွှန်းများကို မပျက်မကွက်လိုက်နာရမည်ဖြစ်ပြီး ရိုးရိုးကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက်တန်ဖိုးမြှင့် သီးနှံထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ပါက ပြည်တွင်းပြည်ပဈေးကွက်များတွင် ဈေးပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် နှမ်းသီးနှံအရည်အသွေးမြင့် ထုတ်လုပ်မှုဆီသို့ တက်လှမ်းရာတွင် အထွက်နှုန်းကောင်းမွန်ရေးသည် ပထမအဆင့်ဖြစ်သော်လည်း စိုက်ပျိုးစရိတ်စနစ်တကျချွေတာရေး၊ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုနည်းပါးရေးနှင့် စံချိန်စံညွှန်းမီ အရည်အသွေးဖြင့် ဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်ရေးတို့သည် မရှိမဖြစ်အရေးပါသော သော့ချက်များဖြစ်ကြသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့် လယ်ယာစီးပွားစီမံခန့်ခွဲမှုနည်းလမ်းများကို ပေါင်းစပ်ကျင့်သုံးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဖိအားများကြားမှ သီးနှံအထွက်နှုန်းမှန်ကန်စေရုံမက မိသားစုစီးပွားရေးနှင့် နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍကိုပါ ရေရှည်ခိုင်မာစွာ မြှင့်တင်နိုင်မည်ဖြစ်ပါသည်။



# ပန်းမြိုင်လယ်မှဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel က ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် အောက်တိုဘာ ၁၁**

Hein Production က ရိုက်ကူးထုတ်လုပ်သည့် ပန်းမြိုင်လယ်မှဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel က အောက်တိုဘာ ၂၅ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ဝင်းလွင်ထက်ထံမှ သိရသည်။

အဆိုပါ ပန်းမြိုင်လယ်မှဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာကြီး လယ်တွင်းသားစောချစ်၏ ပန်းမြိုင်လယ်မှဥယျာဉ်မှူးဝတ္ထုကို သက်ဦးမောင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဝင်းလွင်ထက်က Hein Production အတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ရုံတင်ပြခဲ့ပြီးတော့ အောင်မြင်တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားလဲ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကား ရိုက်ကူးခဲ့ချိန်ကလဲ တော်တော်တာဝန်ကြီးပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားမှာတော့ ဆရာကြီးလယ်တွင်းသားစောချစ်ရဲ့ပန်းမြိုင်လယ်မှဥယျာဉ်မှူးဆိုတဲ့ ဝတ္ထုကို ကျောရိုးယူရိုက်ကူးထားပြီးတော့ ဆရာကြီးရဲ့အတ္ထုပ္ပတ္တိကိုလဲ ထည့်သွင်းထားပါတယ်"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ နက္ခတ်၊ ဘုန်းရှိန်ခန့်၊ အောင်ပိုင်၊ ကေညီ၊ ဇော်မှိုင်း၊ ညီကျော်၊ စိုးပြည့်သဇင်၊ မေမြင့်မိုရ်၊ နှင်းယု၊ လွန်း ခြယ်၊ ပြုံးဟန်သာကို၊ ဝင်းမင်းသန်း၊ စမ်းစမ်းဝင်း၊ မျိုးမျိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရ သည်။ ASH

# Sicario-3 ဇာတ်ကားသစ်၌ သရုပ်ဆောင်သုံးဦး ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၁**

Sicario-3 ထိတ်လန့်သည်းဖို ဇာတ်ကားသစ်တွင် မင်းသမီး အမ်မလီဘလန့်၊ မင်းသား ဘင်နီစီယိုဒယ်တိုရိုနှင့် ဂျို့ဘရိုလင်တို့ ပါဝင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

Sicario-3 ဇာတ်ကားကို ဒါရိုက်တာ ပက်ဒရစ်မက်ကင်းလေက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စတီဗင်နိုက်က ရေးသားပေးထားပြီး လက်ရှိတွင် Sicario-3 ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

ပထမဆုံး Sicario ဇာတ်ကား (2015) တွင် မင်းသမီး အမ်မလီဘလန့်၊ မင်းသား ဘင်နီစီယိုဒယ်တိုရိုနှင့် ဂျို့ဘရိုလင်တို့ ပါဝင်ခဲ့ကြသည်။

ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ဗ်က ရိုက်ကူးပေးခဲ့သည့် အထက်ပါဇာတ်ကားသည် ဝင်ငွေအရရော အနုပညာအရပါ အထူးအောင်မြင်မှုရရှိခဲ့သည်။

လက်ရှိတွင် Sicario-3 ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဖိုးဝရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဘလိုင်းဘောက် ရုပ်ရှင်ဇာတ်ကား Celebrity Show ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၁**

ဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဘလိုင်းဘောက်ရုပ်ရှင်ဇာတ်ကား Celebrity Show ကို အောက်တိုဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် နေဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ဘလိုင်းဘောက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ဒီဒီထက်အောင်က ရေးသားထားပြီး ဖိုးဝရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဒီဒီထက်အောင်ကပင် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဒီနဲ့ကတော့ ဒုတိယမြောက်ရိုက်ဖြစ်တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ကျွန်တော် ဒီဒီထက်အောင်နဲ့ ပထမဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားက စာရိတ္တရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ဒီဒီနဲ့ကျတော့ ပြောမနာဆိုမနာ ဖြစ်နေတော့ ကျွန်တော်ဖြစ်ချင်တာ၊ သူဖြစ်ချင်တာ ညှိနှိုင်းလို့ရတဲ့အတွက် ဒီရုပ်ရှင်ကားကို ရိုက်ဖြစ်သွားတာပါ။ ဘလိုင်းဘောက်က ချစ်စရာကောင်းပါတယ်။ အဲဒီချစ်စရာကောင်းတာလေးပေါ်မှာ သံယောဇဉ်နဲ့ချောက်ချားစရာလေးတွေ ရောထားပါတယ်။ နောက် မိခင်မေတ္တာကိုလဲ မြင်ရမယ်။ ဒီရုပ်ရှင်ကားမှာတော့ အမျိုးသမီးအပေါ်မှာ စိုးရိမ်စိတ်တွေများနေတဲ့ အိမ်ထောင်ရှင်အမျိုးသား တစ်ယောက်အနေနဲ့ မြင်ရမှာပါ"ဟု သရုပ်ဆောင် နေဝင်းက ပြောပြသည်။




အဆိုပါ ဘလိုင်းဘောက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ မင်းဦး၊ ဗညားဘုန်းပြည့်၊ ပိုးမမီသာ၊ ချောရတနာ၊ ဆုထက်၊ ချိုမဒီသွင်၊ ကလေးသရုပ်ဆောင် သားချောနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# The Batman Part II ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု ယာယီရပ်နားထား

**လန်ဒန် အောက်တိုဘာ ၁၁**

The Batman Part II ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ဝါနာဘရားသားကုမ္ပဏီက ယာယီ ရပ်နားထားကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို တာဝန်ယူရိုက်ကူးပေးနေသော ဒါရိုက်တာ မက်ရီးဗက်က မိသားစုအရေးအတွက် ခွင့်ယူထားမှုကြောင့် ဇာတ်ကားရိုက်ကူး ထုတ်လုပ်မှုလုပ်ငန်းကို ယာယီရပ်နားထားရခြင်းဖြစ်သည်။

မိသားစုပြဿနာတစ်ရပ်ကို ဒါရိုက်တာမက်ရီးဗက် ဖြေရှင်းနေရချိန်တွင် The Batman Part II ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယာယီရပ်ဆိုင်းထားကြောင်း ဝါနာဘရားသားကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဝါနာဘရားသားကုမ္ပဏီသည် The Batman Part II ဇာတ်ကားကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ ရိုက်ကူးနေခြင်းဖြစ်သည်။

The Batman Part II ဇာတ်ကားတွင် မင်းသား ရောဘတ်ပက်တင်ဆန်၊ ဆီဘက်ရှန်စတန်း၊ မင်းသမီး စကားလက်ဂျိုဟန်ဆင်တို့ ပါဝင်သရုပ်ဆောင်နေပြီး အဆိုပါဇာတ်ကားကို ၂၀၂၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် စည်သူဝင်း၊ ဝင့်ယမုံနိုင်တို့က ငွေကျပ် သိန်း ၂၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အနုပညာလောကသားများက အလှူငွေများကို ပါဝင်လှူဒါန်းလျက်ရှိရာ သရုပ်ဆောင် စည်သူဝင်း၊ ဝင့်ယမုံနိုင်တို့က ငွေကျပ် သိန်း ၂၀ ကို အောက်တိုဘာ ၁၀ ရက်က လာရောက် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံကြီးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ် အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါတယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက အလှူငွေတွေ ပါဝင် လှူဒါန်းနေကြပါတယ်။ အောက်တိုဘာ ၁၀ ရက်က သရုပ်ဆောင် စည်သူဝင်း၊ ဝင့်ယမုံနိုင်တို့က အလှူငွေကျပ် သိန်း ၂၀ လာရောက် လှူဒါန်းပါတယ်။ ဒီနှစ်မှာတော့ ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဝဇီရာကဇာတ်ရုံကြီးမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အရင်နှစ်တွေကတော့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးက ရွှေရတုခန်းမမှာ ကျင်းပခဲ့ပါတယ်။ နေရာအခက်အခဲကြောင့် သက်ကြီးရုပ်ရှင် မိဘတွေအားလုံးကို မဖိတ်ကြားနိုင်ပါဘူး။ ဒီနှစ်ကတော့ ကျန်းမာရေးအရ မတက်ရောက်နိုင်သူတွေကလွဲရင် တက်ရောက်နိုင်သူအားလုံးကို ဖိတ်ကြားမှာ ဖြစ်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။ ASH

# Systematic demolition of illegal buildings used in online scams/gambling continues

Continued systematic demolition of illegal buildings used in online scams and gambling in Shwe Kokko (Part-II).



Before demolition.



Demolition with the use of machinery.

Controlled demolition using explosives on illegal buildings used for online gambling in the Shwe Kokko (Part-II).



Preparing and setting explosive charges.

**Nay Pyi Taw October 11**

The government has placed emphasis on combat against online scams and gambling as a national responsibility and effectively raided them to in complete prevention of taking root in the country in coordination with local forces as well as with neighboring governments.

Out of remaining 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be knocked down with the use of machinery, four to be detonated and 34 to be brought down floor by floor due to their proximity to residential buildings and systematic demolition works have begun since 6 October.

In doing so, two 5-storey buildings to be demolished with the use of machinery were being levelled down, completing 85 percent and 10 percent of demolition works of respective building so far. Moreover, explosive preparations were being carried out for a 13-storey building out of ones to be detonated.

The government has placed a special emphasis on total eradication of online scams and gambling, which have posed a threat to the global socioeconomic space and national security, in cooperation with neighboring governments and regional countries. 100

# All sesame plantations reaped in Sagaing Township

**Sagaing October 11**

Local farmers have harvested all plantations of sesame in Sagaing Township of Sagaing Region this year, according to the township Agriculture Department.

Sagaing Township, up to 21,718 acres of rainfed sesame were cultivated during this year's monsoon crop season. Harvesting of these sesame fields began in August, and 100% of the cultivated acreage has now been harvested to date, yielding over 10 baskets per acre.

"During this year's monsoon crop season, up to 21,718 acres of rainfed sesame were planted in Sagaing Township. At present, 100 per cent of these cultivated sesame fields have been harvested. We also carried out initiatives to expand sesame cultivation acreage, enhance crop yield, and promote farming through GAP (Good Agricultural Practices) methods," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

This year, the Sagaing Township Department of Agriculture provided educational awareness to rainfed sesame farmers on expanding cultivation acreage, proper planting methods, adopting GAP systems, and using pure, certified, and high-yielding seed varieties.

Crops produced through the GAP system offer superior quality and command higher prices compared to those grown using conventional methods. With additional benefits such as accessibility not only to domestic markets but also to export markets, farmers adopting GAP cultivation stand to gain greater profitability and improve their socioeconomic livelihoods. 206

# Myaung Township sees harvesting all plantations of maize

**Myaung October 11**

Local farmers have harvested all plantations of maize in Myaung Township of Sagaing Region, according to the township Agriculture Department.

In Myaung Township, up to 2,165 acres of maize were cultivated during this year's monsoon crop season. Harvesting of these maize fields began in September, and 100 per cent of the cultivated acreage has now been harvested to date, yielding an average of 42.19 baskets per acre.

"During this year's monsoon crop planting season, up to 2,165 acres of grain maize were planted in Myaung Township. At present, 100 per cent of these maize fields have been fully harvested. In terms of maize cultivation, we were able to plant more than the targeted acreage. We also conducted awareness campaigns to ensure the crops thrived and to prevent pest and disease infestations," said U Myint Thu, Head of the Myaung Township Department of Agriculture.

This year, the Township Department of Agriculture supported grain maize and sweet corn farmers in Myaung Township by conducting training sessions and field demonstrations. They also raised awareness on agricultural techniques, preventive measures against the fall armyworm, and Integrated Pest Management (IPM) practices, including the use of neem-based insecticides as well as ginger and chili pest repellents.

In Myaung Township, grain maize cultivation yields over 50 baskets per acre with production costs of around K500,000 per acre, while sweet corn yields around 15,000 ears per acre with production costs exceeding K500,000 per acre. 206

# Budalin Township sees completion of harvesting more than 1,000 acres of sunflower

**Budalin October 11**

Statistics of Budalin Township Agriculture Department mentioned that local farmers have harvested more than 1,000 acres of sunflower in Budalin Township of Sagaing Region this year.

In Budalin Township, up to 4,892 acres of sunflower were planted during this year's monsoon crop season. Harvesting of these cultivated sunflower fields began in August, with 1,803 acres harvested to date, yielding an average of 18.03 baskets per acre.

"During this year's monsoon crop planting season, 4,892 acres of sunflower were planted in Budalin Township. Harvesting of these sunflower fields is currently underway, and over 1,000 acres have been harvested to date. To reduce palm oil imports from abroad, we will work to expand the cultivation of sunflower, which is an oilseed crop. As an oil crop, sunflower yields more oil per acre compared to other crops like groundnut and sesame," said U Phyo Wai, Head of the Budalin Township Department of Agriculture.

To expand sunflower cultivation in Budalin Township, the Township Department of Agriculture has stepped up educational training programs, actively conducting training sessions to build capacity among staff and prospective sunflower farmers.

To support farmers growing sunflower in Budalin Township this year, arrangements have been made to provide seeds, offer urea fertilizers at subsidized prices, and distribute resulting sunflower seed varieties through a farmer-to-farmer exchange system. 206

# All sown acreage of groundnut harvested in Pwintbyu Township



Farmers prepare harvested paddy to be dried in a field.

**Pwintbyu October 11**

Officials of the Pwintbyu Township Agriculture Department said that local farmers have harvested all sown acreage of groundnut in Pwintbyu Township of Magway Region.

A total of 6,065 acres of groundnut were cultivated in Pwintbyu Township during this year's monsoon crop season. Harvesting of the groundnut fields began in the second week of September, and all 6,065 acres have now been fully harvested, yielding 55.05 baskets per acre, according to reports.

"This year, 6,065 acres of groundnut were cultivated in Pwintbyu Township during the monsoon crop season, and all the cultivated acres have now been fully harvested. Farmers also managed to cultivate more acres than the planned target. As groundnut cultivation has been successful and productive, farmers have been expanding the cultivated acreage year by year," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

During this year's monsoon crop season, the Pwintbyu Township Agriculture Department provided support to groundnut farmers to ensure successful cultivation and good yields, prevent pest infestations, control weeds and promote the use of high-quality, pure seed varieties. Departmental staff visited the fields to conduct inspections and collect field-monitoring records.

Daw Moe Moe Wai also said that efforts should be made to expand groundnut cultivation, as increasing yields would help meet local edible oil consumption needs. Any surplus could be sold to generate income, thereby contributing to improvements in local livelihoods and socioeconomic development.

Ye Win Naing (NyaungU)

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to grow more than 25,000 acres of chickpea in Taze Township

**Taze October 11**

Statistics of Taze Township Agriculture Department in Sagaing Region stated that local authorities have earmarked to grow 25,997 acres of chickpea as cold season crops in Taze Township this year.

A total of 25,997 acres of chickpea are planned for cultivation in Taze Township during the 2026-2027 winter crop season, with planting scheduled to begin in October and continue through December this year, according to reports.

"This year, we have set a target of cultivating 25,997 acres of chickpea in Taze Township during the upcoming winter crop season. We will make efforts to ensure that the planned acreage is fully achieved. Chickpea cultivation has been increasing year by year. In collaboration with farmers, we will provide the necessary high-quality seeds and agricultural inputs, as well as post-harvest technology training, to improve crop yields and quality," said U Ohn Kyaw Myint, Head of the Taze Township Agriculture Department.

Farmers select Yezin-8 and Yezin-11 chickpea varieties, which are suitable for local conditions and produce good yields. The cost of cultivating one acre of chickpea is reported to exceed K300,000.

During this year's winter crop season, the Agriculture Department is working with farmers to provide the high-quality seeds, agricultural inputs and post-harvest technology training needed to improve the yields and quality of various pulse crops. In addition, the department will coordinate with lead farmers to conduct awareness-raising and educational activities encouraging the use of beneficial Trichoderma fungi in pulse cultivation.

Sagaing Region has the largest area under pulse cultivation and production in Myanmar. Pulses and beans are grown as a major crop and can also be cultivated as successive or intercrops. As a result, farmers continue to grow pulses as cash crops to generate income.

206

# Farmers reap over 2,000 acres of sunflower in Dabayin Township

**Dabayin October 11**

According to the township Agriculture Department in Dabayin of Sagaing Region, local farmers have harvested more than 2,000 acres of sunflower in Dabayin Township.

A total of 4,925 acres of sunflower were cultivated in Dabayin Township during this year's monsoon crop season. Harvesting of the sunflower fields began in August, and 2,420 acres had been harvested as of today, yielding 21.50 baskets per acre, according to reports.

"This year, 4,925 acres of sunflower have been cultivated in Dabayin Township during the monsoon crop season, and harvesting is currently underway. More than 2,000 acres have been harvested as of today. We will continue to promote the expansion of sunflower cultivation, an oilseed crop, to reduce imports of palm oil from abroad. Sunflower produces more oil per acre than other oilseed crops such as groundnut and sesame," said Daw Aye Myat Mon, Head of the Dabayin Township Agriculture Department.

To expand sunflower cultivation in Dabayin Township, the Township Agriculture Department has stepped up farmer education and training programmes. It has also intensified training to enhance the capacity of departmental staff and farmers who plan to grow sunflower.

This year, arrangements have been made to provide seeds to sunflower farmers and sell urea fertiliser at affordable prices. Sunflower seeds produced by farmers have also been distributed through farmer-to-farmer seed exchange systems.

206

# Myinmu Township plans to grow more than 8,000 acres of wheat in coming cold season

**Myinmu October 11**

Local authorities set plans to grow more than 8,000 acres of wheat as cold season crops in Myinmu Township of Sagaing Region this year, according to the township Agriculture Department.

A total of 8,851 acres of wheat are planned for cultivation in Myinmu Township during the 2026-2027 winter crop season, with planting scheduled to begin in October and continue through December this year, according to reports.

"This year, we have set a target of cultivating more than 8,000 acres of wheat in Myinmu Township during the upcoming winter crop season. We will make efforts to achieve the planned acreage. We will also conduct awareness and educational discussions with farmers on wheat cultivation, provide guidance on irrigation and fertiliser application rates to increase yields, and offer assistance with weed control. Efforts will also be made to increase wheat production and promote the use of high-quality seeds," said U Soe Paing, Head of the Myinmu Township Agriculture Department.

During the crop-growing season, the Myinmu Township Agriculture Department will work to ensure that all winter crops are cultivated in accordance with their respective acreage targets, improve wheat yields, promote the systematic cultivation and production of high-quality wheat, and prevent pest infestations.

The cost of cultivating one acre of wheat is approximately K300,000, and the average yield is 21 baskets per acre. Wheat is planted in October, November and December, with harvesting taking place in February, March and April.

The Myinmu Township Agriculture Department will provide training to wheat farmers to help increase yields, facilitate access to high-quality seeds, and sell urea fertilizer at affordable prices.

206

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၇၁၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နှမ်း ၂၁၇၁၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲတတ်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)


**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။




# မိုင်းတုံမြို့နယ် လွယ်ခမ်းလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မိုင်းတုံ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွယ်ခမ်းလုံကျေးရွာအုပ်စု လွယ်ခမ်းလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က လွယ်ခမ်းလုံကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၅၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၅၅သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။

သော်ဇင်ထူး

# ပုသိမ်မြို့နယ်တွင် နာနတ်သီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် နာနတ်သီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ် သစ်သီးဈေးကွက်တွင် ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်ပြီး ယနေ့ထိ နာနတ်သီးများ ဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ထွက်ရှိသည့်နာနတ်သီးများ တစ်ရက်လျှင် အလုံးရေ ၂၀၀၀၀ မှ ၂၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပုသိမ်မြို့နယ်ကနေ ထွက်ရှိတဲ့ နာနတ်သီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသဈေးကွက်က ဝယ်လက်တွေကပါ အဝယ်များနေပါတယ်။ အရောင်းဝယ်ကောင်းနေတဲ့ နာနတ်သီးတွေက ပိုးမွှားကင်းပြီး အရည်အသွေးကောင်း



မွန်တာတွေ ရပါတယ်။ နာနတ်သီးတွေ အရောင်းအဝယ်ကောင်းတော့ နာနတ်သီးစိုက်သူတွေ၊ ကုန်တင်ကုန်ချ လုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု ပုသိမ်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် နာနတ်သီး အလုံးရေ၁၀၀ လျှင် အရွယ်အစားပေါ် မူတည်ပြီး ငွေကျပ် ၂၉၀၀၀၀ မှ ၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါအရောင်းအဝယ် ကောင်းမွန်နေသည့် နာနတ်သီးများကို ပုသိမ်ဈေးကွက်အပြင် ကျုံပျော်၊ ကျောင်းကုန်း စသည့် ဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ပုသိမ်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# အုတ်တွင်းမြို့နယ် ဂွေးကုန်းကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အုတ်တွင်း အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးကုန်းကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဂွေးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီဝင်များကို အဆိုပါလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးရေးအလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် ဂွေးကုန်း ကျေးရွာ၌ အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃ ဒသမ ၆၇ သိန်း အသုံးပြု၍ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၁၅ ရက်က စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ချိုလေး


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သို့တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၉)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

---

◆ **အားကစားပြိုင်ပွဲများမှ**

သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ အဆင့်အလိုက် ဖလိုင်းဝိတ်တန်း၊ ဝယ်တာဝိတ်တန်း၊ ဟဲဗီးဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်(က)တန်းဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း ဗိုလ်လုပွဲစဉ်၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်(ခ)တန်း ဗိုလ်လုပွဲစဉ်၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက် ဗိုလ်လုပွဲစဉ်၊ အမျိုးသား ဓားတစ်လက်အတိုက် (က)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသားဓားနှစ်လက်အတိုက် (ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသမီး ဓားတစ်လက်အတိုက် ဗိုလ်လုပွဲ ပွဲစဉ်၊ ခွဲမှူးဆရာအဆင့် ဓားနှစ်လက်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် အချုပ်၊ အဖြည် စွမ်းရည်ပြပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စံပယ်(၆) အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကိုကျင်းပရာ အခြေခံအထိခြောက်ချက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်းမှလည်းကောင်း၊ လေးပေါက်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်းမှလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၅၆ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ တပ်နယ် အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့် ဗိုလ်လုပွဲပွဲစဉ်များကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား ၆၃ ကြိမ်မြောက် အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့သည် ဇေယျာသီရိတပ်မတော်အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သည်။

ပြိုင်ပွဲပထမပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအနေဖြင့် အုပ်စုပထမဖြင့် တက်ရောက်လာသောအသင်းဖြစ်သည်နှင့်အညီ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းဘက်သို့ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးတိုက်စစ်ဆင်ကစားခဲ့ပြီး ပထမပိုင်းပွဲကစားချိန်ပြီးခါနီးအချိန် ၄၅ မိနစ် ၂၅ စက္ကန့်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုးစတင်သွင်းယူခဲ့ပြီး ပထမပိုင်းပွဲကစားချိန်အပြီးတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအနေဖြင့် ချေပဂိုးပြန်လည်ရရှိနိုင်ရေးအတွက် ကြိုးပမ်းကစားခဲ့သော်လည်း ပွဲကစားချိန်ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် အောက်တိုဘာ ၁၆ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)











၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားစဉ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)၏အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့်နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ


ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ စက်ယန္တရားများအသုံးပြု၍ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အပျက်အစီးများဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများ ဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိသဗ္ဗာ၊ ပညင်း၊ညင်းမော်ပြင်းထိန်၊ပိန်းရှောင်၊စန်းလှမ်း၊ အင်းဇောက်၊ပဉ္စသီမော်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၁)

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ၊ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

နေပြည်တော် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိမမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံအလျားပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်ထိ လျှော့ကျခဲ့သည့်အတွက် အရေးပေါ်ရေပိုလွှဲမှဆည်ရေများလျှော့ချလျက်ရှိပြီး တမံအနီးရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများကိုဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်၍ အလျားပေ ၅၀ ခန့်၊ အနံ လေးပေခွဲခန့်၊ မြေသားရှစ်လက်မခန့်နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီခွဲခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ ကြား၊ ဆည်ပေါင်ကားလမ်း၏ အလျားပေ ၂၀၀ ခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ခြောက်ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် သုံးပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီခွဲခန့်တွင် ၎င်းနေရာမှပင် အလျားပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံ နိမ့်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေကို နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့(အောက်တိုဘာ ၁၁ ရက်) ညနေပိုင်းတွင် တမံရှိရေ ၃၁၂ ဒသမ ၇၀ ပေသာ ကျန်ရှိတော့သဖြင့် ၁ ပေ ၈ လက်မခန့် လျှော့နည်းသွားကြောင်း သိရသည်။

ထို့ပြင် ရေလှောင်တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်စု၊ ကျေးရွာ ၃၀၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်စု၊ ကျေးရွာ ၂၀ စုစုပေါင်း ကျေးရွာအုပ်စု ၁၂ စုရှိ ကျေးရွာ ၅၀ မှ ဒေသခံပြည်သူများကို ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ၊ ကုန်းမြင့်နေရာများသို့ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။


မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

### ■ ဂေါက်သီးရိုက်ပြိုင်ပွဲမှ

ယာမာချီတာက စုစုပေါင်းရိုက်ချက် ၆၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ကိုးချက်ထိ လျှော့ရိုက်နိုင်ခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာမာချီတာက “ဒီနေ့နောက်ဆုံးနေ့ရလဒ်က အကျေနပ်ဆုံးပါ။ အရင်နေ့တွေကထက် နောက်ဆုံးနေ့မှာရိုက်ချက်တွေပိုပြီးကောင်းခဲ့ပါတယ်။ ကျွန်မ ဟာဝိုင်အီကနေလာခဲ့ရတော့ ခရီးပန်းခဲ့တယ်ဆိုပေမယ့် ပရိသတ်တွေရဲ့အားပေးမှုတွေကြောင့် အခုလိုချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တာပါ။ တောင်ကိုရီးယားပရိသတ်တွေကိုလဲ ကျေးဇူးအများကြီးတင်ပါတယ်”ဟု ပြောကြားခဲ့သည်။

Armco Korea Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယာမာချီတာသည် ပြိုင်ပွဲစတင်ခဲ့သည့် အောက်တိုဘာ ၈ ရက်မှစတင်ပြီး ပထမအကျော့မှ နောက်ဆုံးစတုတ္ထအကျော့ထိ စုစုပေါင်းရိုက်ချက် ၂၆၆ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်ထိ လျှော့ရိုက်နိုင်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲပြီးဆုံးချိန်တွင် ယာမာချီတာ၏နောက်၌ ချက်ဂေါက်သီးရိုက်မယ်ကော့စ်ကိုဗာက စုစုပေါင်းရိုက်ချက် ၂၆၉ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျှော့ရိုက်ကာ ဒုတိယ၊ ဟောင်ကောင်ဂေါက်သီးရိုက်မယ် ဂင်နီဒင်းနှင့်တရုတ်(တိုင်ပေ)ဂေါက်သီးရိုက်မယ် ယာနီတက်အန်တို့က စုစုပေါင်းရိုက်ချက် ၂၇၂ ချက်စီဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၆ချက်လျှော့ရိုက်ကာ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြကြောင်း သိရသည်။

Ref : European Tour

Trs : STA

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေး



**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေးခြောက်လွှာရှိ Galaxy Hall ခန်းမသို့ရောက်ရှိပြီး နိုင်ငံကျော်အနုပညာရှင်များပါဝင်သည့် The First Galaxy Wedding Expo 2026 မင်္ဂလာပြပွဲကိုဖွင့်လှစ်ပေးပြီး မင်္ဂလာဝတ်စုံ၊ဒီဇိုင်နာများ၊ မိတ်ကပ်ပညာရှင်များ၊ ပန်းအလှပညာရှင်များ၊ ဓာတ်ပုံလုပ်ငန်းများ၊ ပိုးထည်တိုက်များ စသည့် ပြပွဲဆိုင်ခန်းပေါင်း ၃၀ ခန့်ဖြင့် အထူးဈေးရောင်းပြပွဲနှင့် သုမင်္ဂလာဈေးအတွင်း စည်ကားရောင်းဝယ်ဖောက်ကားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွဲကောက်ရေတံခွန်အနီး ဂဲလောင်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့်ယခင်မူလဘေလီတံတားနေရာတွင် အကျယ် ၂၄ ပေ အရှည် ပေ ၆၀ ခံနိုင်ဝန် တန် ၂၀ Steel plate girder တံတားအသစ် အဆင့်မြှင့်တင်တည်ဆောက်ပြီးစီး၍ ဖြတ်သန်းသွားလာအသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို တံတားရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေး တို့ကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်(၇)တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ခွဲ)အလက(၁) ရှေ့နှင့် ပြင်ဦးလွင်ဘူတာကြားရှိ အောင်ဇေယျလမ်းမကို ပေ ၁၅၀၀ အရှည်ထိ မူလ ၂၄ ပေအကျယ်ကို ပေ ၅၀ အကျယ် လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုအခြေအနေ ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း မှာကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရပ်ကွက်ကြီး(၃)သို့ ရောက်ရှိပြီး ခရီးသွားပြည်သူများအနားယူအပန်းဖြေရင်း အလွယ်တကူစားသောက်နိုင်ရန် သန့်ရှင်းသပ်ရပ်သည့် ပြင်ဦးလွင်မြို့ ညဈေးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လျာထားနေရာကို ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မြေနေရာတည်ရှိမှုနှင့် ပြေးလမ်းပါဘောလုံးကွင်း တည်ဆောက်သွားမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား ဆောင်ရွက်ရမည့် လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်အဆင်း မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းမိုင်တိုင်အမှတ်(၂၃/၇)သို့ရောက်ရှိပြီး တာဝန်ရှိသူများက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရတနာပုံမြို့သစ်စီမံကိန်း ဇေ ၃၀၀၀ နယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ခါတော်မီပင် ၉၀၇ ပင်နှင့် မဲဇလီပင် ၁၄၅၀ တို့ကို နယ်နိမိတ်တစ်လျှောက် စိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရတနာပုံမြို့သစ်စီမံကိန်း ဇေ ၃၀၀၀ နယ်နိမိတ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဆီးချိုရောဂါနှင့် အစားအသောက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၁**

ဆီးချိုရောဂါရှိသူများအနေဖြင့် အစားအသောက်ကို အလွန်အကျွံကန့်သတ်ခြင်း သို့မဟုတ် မိမိနှင့်မသင့်လျော်သော အစားအသောက်ရွေးချယ်မှုများ ပြုလုပ်ခြင်း အစား မိမိ၏ကျန်းမာရေးအခြေအနေနှင့် ကိုက်ညီသော အစားအသောက်များကို သိရှိရွေးချယ်တတ်စေရန်၊ သွေးတွင်းသကြားဓာတ် ထိန်းချုပ်မှုအတွက် အထောက်အကူပြုသော နေထိုင်စားသောက်မှုပုံစံများကို လက်တွေ့ကျကျ လိုက်နာနိုင်စေရန်နှင့် ဆီးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများကို လူမှုအသိုင်းအဝိုင်းအတွင်း ပိုမိုပျံ့နှံ့လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံ ဆီးချိုနှင့် ဟော်မုန်းရောဂါ အထူးကုဆရာဝန်များအသင်းတို့က ပူးပေါင်းစီစဉ်သည့် ဆီးချိုရောဂါနှင့် အစားအသောက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ OK-KALA ဆေးရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဆီးချိုရောဂါဆိုတာ ဘာလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်လိုကုသရမလဲဆိုသည့် အကြောင်းအရာများ၊ ဆီးချိုရောဂါထိန်းသိမ်းရာတွင် အလွန်အရေးကြီးသည့် "အစားအသောက်စားသုံးမှု"အကြောင်း၊ ဆီးချိုရောဂါနှင့် အစားအသောက်တို့၏ ဆက်စပ်မှု၊ အခြေခံအာဟာရဆိုင်ရာ အသိပညာများ၊ နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချနိုင်မည့် အစားအသောက် ရွေးချယ်နည်းများ၊ စားသုံးသင့်သည့် ပမာဏသတ်မှတ်နည်းများနှင့် အစားအသောက်ထုပ်ပိုးမှုများအပေါ်ရှိ အာဟာရဆိုင်ရာအချက်အလက်များကို ဖတ်ရှုနားလည်နိုင်ရန် နည်းလမ်းများကို မြန်မာနိုင်ငံ ဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကု ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းတို့မှ ကျွမ်းကျင်သူများက ရှင်းလင်းပြောကြားကြသည်။

"ဆီးချိုရောဂါဆိုတာ အခြားရောဂါတွေလို ဆေးပေးလိုက်ရုံနဲ့ ပြီးသွားတာမျိုး မဟုတ်ဘဲ ဝေဒနာရှင် ကိုယ်တိုင် ဘယ်လိုစားသောက်နေထိုင်ရမလဲဆိုတာကို သိရှိဖို့ အရေးကြီးပါတယ်။ ဆိုရှယ်မီဒီယာတွေမှာ ပျံ့နှံ့နေတဲ့ သတင်းအချက်အလက်တစ်ဝက်ကျော်လောက်က တကယ့်အစစ်အမှန်သတင်းမဟုတ်ဘူး။ ရောဂါဖြစ်တာနဲ့ မိသားစုထမင်းဝိုင်းမှာ ဝင်ထိုင်ခွင့်မရှိဘဲ ဘာမှမစားရဆိုပြီး တွေးပူကြတတ်တယ်။ တချို့ကလဲ ထမင်းမစားနဲ့၊ ချာပါတီစား၊ ဆန်မစားနဲ့ဆိုပြီး အမျိုးမျိုးပြောကြတယ်။ ဆီးချိုဝေဒနာရှင်အတွက် သီးသန့်အိုးခွဲပြီး ချက်စရာမလိုပါဘူး။ မိသားစုထမင်းဝိုင်းမှာ အတူတူစားသုံးလို့ရပါတယ်။ ဈေးကြီးပေး သိန်းချီတန်တဲ့ အမှုန့်ဘူးတွေကို ဝယ်သောက်မှပဲ ဆီးချိုကောင်းမှာလားဆိုတဲ့ လွဲချော်တဲ့အယူအဆတွေ၊ မိသားစုနဲ့အတူတူ စားသုံးနိုင်မယ့် မှန်ကန်တဲ့ အစားအသောက်ဗဟုသုတ၊ အသိပညာတွေကို မိမိတို့ကိုယ်တိုင်လဲ၊ လိုက်နာကျင့်သုံးရင်း မိသားစုနဲ့ မိတ်ဆွေတွေဆီကိုပါ လက်ဆင့်ကမ်းမျှဝေပေးဖို့ တိုက်တွန်းပါတယ်"ဟု မြန်မာနိုင်ငံဆီးချိုသွေးချိုအသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာသိန်းမြင့်က ပြောသည်။

ဟောပြောပွဲတွင် ဒေါက်တာအေးစိုးထွန်းက "ဆီးချိုရောဂါရှိသူများအတွက် အခြေခံအာဟာရ ဗေဒဆိုင်ရာသိကောင်းစရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာကြည်ညိုစိုးမြင့်က "လက်တွေ့အသုံးချနိုင်သော အစားအစာရွေးချယ်မှု၊ သင့်တင့်သောပမာဏနှင့် အစားအစာထုပ်ပိုးမှုအပေါ်ရှိ အာဟာရဆိုင်ရာအချက်အလက်များ ဖတ်ရှုနားလည်ခြင်း" ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးကြသည်။



အဆိုပါ ပြည်သူလူထုကျန်းမာရေး အသိပညာမြှင့်တင်ရေး အစီအစဉ်သည် ဆီးချိုရောဂါကို ဆေးဝါးကုသမှုတစ်ခုတည်းသာမက အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံတို့သည်လည်း အရေးပါသည့် အစိတ်အပိုင်းများဖြစ်ကြောင်း ပြည်သူများပိုမို နားလည်သဘောပေါက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူလူထုအတွက် ဆီးချိုပညာပေးရေးအစီအစဉ်များကို နှစ်လတစ်ကြိမ် ပြုလုပ်သွားရန်စီစဉ်ထားကာ လာမည့် ဒီဇင်ဘာလတွင် ဂရန်းဟံသာဆေးရုံတွင် ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**ကျော်ကြီး**

## နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှုလျှော့ပါးရေးအပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံတည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးကို ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီခွဲနောက်ဆုံးထား၍ အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

**ဆက်သွယ်ရန်** - ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ









တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကိုသိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော် (ရေ)ပြင်ပပြကွက်တွင်ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမများအတွက် မုန့်များကိုပေးဝေခဲ့ကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့်အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-





“ကလေးတွေအနေနဲ့ ဒီစစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာတာဆိုတော့ သူတို့က ပြဋ္ဌာန်းစာအုပ်ထဲမှာ သင်ကြားသိရှိခဲ့ရတဲ့ သင်ခန်းစာတွေကို ဒီစစ်သမိုင်းပြတိုက်ကြီးမှာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာခွင့်ရရှိတဲ့အတွက် သူတို့မှာ ဗဟုသုတတွေ အများကြီး တိုးသွားပါတယ်။ ဒီထက်မကလဲ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တွေလဲ ပိုပြီးတော့ တိုးပွားရရှိလာမယ်လို့ ထင်ပါတယ်ရှင့်။ အခုလိုမျိုး ဒီစစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရအောင် ကူညီပံ့ပိုးပေးခဲ့သော တာဝန်ရှိပုဂ္ဂိုလ်များ၊ လူကြီးမင်းများအားလုံးကိုလဲ ကျေးဇူးအများကြီးတင်ပါတယ်’’ဟု ပြောသည်။

“စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အတွက်လဲ ဝမ်းသာရပါတယ်။ စစ်သမိုင်းပြတိုက်မှာ ရှေးမြန်မာမင်းတွေရဲ့ သမိုင်းအကြောင်းတွေ၊ တိုက်လေယာဉ်တွေ၊ စစ်လေယာဉ်တွေရဲ့ အကြောင်းတွေ၊သင်္ဘောတွေရဲ့အကြောင်းတွေ၊ လက်နက်တွေရဲ့အကြောင်းတွေကိုလဲ သိရှိရပါတယ်။ အခုလိုမျိုး လာရောက်လေ့လာခွင့်ရအောင် ကူညီဆောင်ရွက်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေအားလုံးကိုလဲ အထူးကျေးဇူးတင်ပါတယ်” ဟု ပြောသည်။ (မ၀၁)

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲမန္တလေး (မန္တလေးတိုင်းဒေသကြီး)တို့ပူးပေါင်းကျင်းပသည့် နည်းပညာဟောပြောပွဲ ကျင်းပ





**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ မန္တလေး(မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းကျင်းပသည့် နည်းပညာဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးအတွင်းရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူး ဦးကျော်သူဝင်းက အဆောက်အအုံဌာနဥပဒေ၊ နည်းဥပဒေနှင့် လိုက်နာရမည့်အချက်အလက်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ အင်ဂျင်နီယာပညာရှင် ဒေါ်ခင်မေဌေးက Soil Investigation and Its Importance ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အင်ဂျင်နီယာပညာရှင် ဦးဇော်ဝင်းက Public Safety, environmental safety and their Re–sponsibility of (PE)၊ (RSE)၊ (RE) ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသည့် အင်ဂျင်နီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

ထို့ပြင် မန္တလေးမြို့တော်ဝန် ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ မန္တလေး(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးရွှေဇင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် မန္တလေးတိုင်းဒေသကြီးအသင်းခွဲမှ ဆောင်ရွက်ပေးလျက်ရှိသည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းစဉ်များဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ မန္တလေး(မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ဝင်များ မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အသိအမှတ်ပြု (PE)၊ (RSE)၊ (RE) လက်မှတ်ရအင်ဂျင်နီယာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခြေကျင်ဖြင့်သွားလာသူများသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့်နေရာ စသည်တို့မှသာ ဖြတ်ကူးရမည်ဖြစ်သဖြင့် စည်းကမ်းလိုက်နာမှုမရှိပါက အောက်တိုဘာ ၁၂ ရက်မှစတင်၍ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၉၆ အရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ထူးခြားသည့် နေ့အပူချိန်များ ( ၁၁ - ၁၀ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဇော်ဂီတူ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

❍ ကျောက်မျက်ရတနာပြပွဲမှ

ကျောက်စိမ်းနှင့် ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြရာ ပြပွဲတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြပွဲခန်းမအတွင်းရှိ ကျောက်မျက်ရတနာအရောင်းဆိုင်ခန်းများကို စိတ်ဝင်တစားကြည့်ရှုလေ့လာဝယ်ယူကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၇ ရက်ထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအခြေမရှိကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

### ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ရှေ့ဖုံးမှအဆက်

မြေသားတမံပုံစံ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေတူးစက် သုံးစီး၊ မြေထိုးစက် တစ်စီး၊ မြေသယ်ယာဉ် ခုနစ်စီးတို့ဖြင့် ဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်မှ ရေတံခါး နှစ်ပေါက်ဖြင့် ပျမ်းမျှရေ ၄၀၀ ကုဗပေ/စက္ကန့်နှုန်းခန့်ဖြင့် ရေထုတ်လွှတ်နေမှု၊ တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံအိလျှောကျနေရာ တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်းနှင့်အတူ တမံအိလျှောမှုအခြေအနေ၊ ကာကွယ်ထိန်းသိမ်းမှုအခြေအနေနှင့် ရေဝါချောင်းအတွင်း ရေစီးဆင်းဝင်ရောက်မှုအခြေအနေတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မမြရေလှောင်တမံ မြေသားတာပေါင်နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများကို ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားပြီး မမြရေလှောင်တမံမြေသားတာပေါင် နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများကို ဆန်ရိက္ခာများနှင့်ပြည်သူများကြိုတင်ရွှေ့ပြောင်းရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ပြည်သူများကို အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**❑ အယ်လ်နီညိုမှ**

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်း၊ ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြံပြုထားသည်။

**(မိုး/ဇလ)**

**✱ အသိပညာပေးဆောင်ရွက်မှ**

ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများသည် နေ့စဉ်ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာလျက်ရှိသည်နှင့်အညီ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များကြောင့် ခရီးစဉ်ဒေသ၏ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန်၊ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ပြီး ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရန်၊ မြေယာထိန်းသိမ်းမှုလုပ်ငန်းကို မြှင့်တင်ရန် ရည်ရွယ်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကရင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစယဉ်ဌေး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစောခေါင်ပန်ထော့တို့က သွားရောက်ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ ပြည်သူပူးပေါင်းပါဝင်သော ခရီးစဉ်ဒေသများဖြစ်စေရေးအတွက် သက်ဆိုင်ရာခရီးစဉ်ဒေသချစ်သူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့တို့တွင် အခါအားလျော်စွာ အသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ၊ ပုလဲအတွဲ ၂၂၈ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၊ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် တင်ဒါအမှတ် (၅)မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် (၄၆၁) မှ အတွဲအမှတ်(၅၈၀) ထိကိုလည်းကောင်း၊ တင်ဒါအမှတ်(၆)မှ ပုလဲအတွဲ ၁၂၀ ၏ အတွဲအမှတ် (၅၈၁)မှ အတွဲအမှတ်(၇၀၀) ထိကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲ ၂၂၈ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာကျောက်ခင်းကွင်းနေရာအလိုက်ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက မိမိတို့ကြိုက်နှစ်သက်သည့် ကျောက်အတွဲများ တင်ဒါထည့်သွင်းနိုင်ရေး ကြည့်ရှုစစ်ဆေးနေမှုများလှည့်လည်အားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ထို့ပြင် ပြပွဲပဉ္စမနေ့တွင် ရောင်းချမည့် ကျောက်မျက်အတွဲ ၁၆၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီးဈေးနှုန်းတင်သွင်းလွှာများ တင်ဒါပုံးများအတွင်းသို့ထည့်သွင်းကြသည်။

ကျောက်မျက်အတွဲ ၁၆၀ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများ ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်မျက်အတွဲများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။



ထို့အတူ အုပ်စု (အေ၊ ဘီ၊ စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်းအတွဲ ၃၀၇၃ တွဲအနက် အုပ်စု(အေ)နှင့် အုပ်စု (ဘီ) မှ ကျောက်စိမ်းအတွဲ ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်ထိ လည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်ထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိကကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါမြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ အောက်တိုဘာ ၁၇ ရက်ထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့်သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို ယမ်းဖြင့် စနစ်တကျဖြိုချဖျက်ဆီးရန် ပြင်ဆင်နေမှုကိုတွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများ မဖြိုဖျက်မီတွေ့ရစဉ်။

**● ရွှေကုက္ကိုလ်မှအဆက်**

နိုင်ငံအတွင်းလုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ်အဆောက်အအုံ နှစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး အဆောက်အအုံ တစ်လုံးနှင့် ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးအဆောက်အအုံ တစ်လုံးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၁၃ ထပ် အဆောက်အအုံ တစ်လုံးအား ယမ်းပြင်၊ ယမ်းကပ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မြ)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "U Kyaw Khing " TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဘူးရောက်ကျေးရွာနေ ကျော်ခိုင်ကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် စကားအင်းရဲကင်းစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြ)

**☆ ကျောဖုံးမှအဆက်**

အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြ)

**❖ မြန်မာအမျိုးသမီးအသင်းမှ**

ကစားခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၂၈မိနစ်တွင် Wong Tsz Yiu က ဟောင်ကောင်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် ရှင်းသန့်ဖြူစင်ပြုံးက မြန်မာအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် သက်သက်ဝေက မြန်မာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် မြန်မာအသင်းအနေဖြင့် အနိုင်ရလဒ်ကို ထိန်းချုပ်ကစားနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အုပ်စုနှစ်ပွဲကစားခဲ့ရာ ဂူအမ်အသင်းကို ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဟောင်ကောင်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# အမေရိကန်နိုင်ငံတွင် ဟာရီကိန်းမုန်တိုင်း အိုင်ဆေးယပ်စ်ဝင်ရောက်တိုက်ခတ်ပြီး သစ်ပင်များပြိုလဲမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်



**ဝါရှင်တန် အောက်တိုဘာ ၁၁**

အမေရိကန်နိုင်ငံတွင် ဟာရီကိန်းမုန်တိုင်း အိုင်ဆေးယပ်စ် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး သစ်ပင်များပြိုလဲမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များ၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

အမေရိကန်နိုင်ငံတွင် ဟာရီကိန်းမုန်တိုင်း အိုင်ဆေးယပ်စ်သည် အောက်တိုဘာ ၁၀ ရက်က ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လူလေးဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများမှာ သစ်ပင်များ နေအိမ်များပေါ်သို့ လဲကျမှုကြောင့် ပိမိသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ဖလော်ရီဒါ၊ အလာဘားမား၊ ဂျော်ဂျီယာနှင့် မစ္စစ္စပီပြည်နယ်တို့တွင် ဓာတ်ကြိုးများ ပျက်ကျခဲ့မှုကြောင့် လူဦးရေ ၆၇၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်တစ်က ပြောကြားခဲ့သည်။

လက်ရှိတွင် မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများကို စစ်ဆေးအကဲဖြတ်လျက်ရှိသည့်အပြင် သစ်ပင်များပြိုလဲ၍ ပျက်ကျပျက်စီးခဲ့သော လျှပ်စစ်ဓာတ်ကြိုးများ ပြင်ဆင်ရေးအတွက် ဝန်ထမ်း ၁၆၀၀၀ ခန့်ကို စေလွှတ်ထားကာ အမြန်ဆုံး ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ဆန်တီယာဂို အောက်တိုဘာ ၁၁**

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှု ဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ချီလီအရေးပေါ်စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၀၀၀ ထက်မနည်းရှိနေပြီး နေအိမ်တချို့ပျက်စီးမှုများ ရှိနေကြောင်း၊ ရေကြီးရေလျှံမှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းအင်အား အမြောက်အမြားစေလွှတ်ကာ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကူညီပေးလျက်ရှိကြောင်း ချီလီအရေးပေါ် စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။



"ဆန်တီယာဂိုမြို့မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ မာပိုချိုမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုလဲ ဖြစ်ပေါ်နေပြီး လူဦးရေ ၁၀၀၀ ထက်မနည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ မိုးရေချိန်ဟာ ၅ ဒသမ ၇ လက်မထိ မြင့်တက်ခဲ့တဲ့အတွက်ကြောင့် မိုးရွာသွန်းပြီး နာရီပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်"ဟု ချီလီအရေးပေါ် စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဘရာဇီးနိုင်ငံတွင် ၂၀၂၄ ခုနှစ် ရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက Shell ရေနံကုမ္ပဏီကို တရားစွဲဆို

**ဘရာဇီးလီးယား အောက်တိုဘာ ၁၁**

ဘရာဇီးနိုင်ငံတွင် ၂၀၂၄ ခုနှစ်က ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့်ဖြစ်စဉ်နှင့် ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၌ အဓိကတာဝန်ရှိသူအဖြစ် ကမ္ဘာ့အင်အားကြီး ရေနံကုမ္ပဏီဖြစ်သည့် Shell ကုမ္ပဏီကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများအဖွဲ့က ဘရာဇီး တရားရုံးချုပ်တွင် တရားစွဲဆိုမှု ပြုလုပ်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Shell ကုမ္ပဏီအနေဖြင့် ရေနံတူးဖော်ရေးနှင့် ရုပ်ကြွင်းလောင်စာရောင်းချမှုများ ဆောင်ရွက်နေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက်ကြောင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ တရားစွဲဆိုမှုတွင် လျော်ကြေးငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၈ သန်း တောင်းဆိုထားပြီး ဘရာဇီးအစိုးရရှေ့နေများအဖွဲ့လည်း ပါဝင်နေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများအဖွဲ့က ထုတ်ပြန်ထားသည်။

"၂၀၂၄ ခုနှစ် ဘရာဇီးနိုင်ငံတောင်ဘက်ပိုင်းမှာ ပျက်စီးဆုံးရှုံးမှုကြီးမားတဲ့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် ရေကြီးရေလျှံမှု ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုနဲ့ ရင်ဆိုင်ခဲ့ရတာဟာ ရုပ်ကြွင်းလောင်စာတွေကြောင့် ဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာကို အဓိကရောင်းချနေတဲ့ Shell ကုမ္ပဏီမှာ တာဝန်ရှိပါတယ်။ ဒါကြောင့်တရားစွဲဆိုမှု ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုက ကြီးမားခဲ့ပါတယ်။ နစ်နာခဲ့ရတဲ့ ဘရာဇီးပြည်သူတွေအတွက် အခုလို တရားစွဲဆိုခဲ့တာ ဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းချုပ်ရေးလှုပ်ရှားသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံတွင် တောမီးကြောင့် မီးခိုးမြူများ ပျံ့နှံ့လာပြီး လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာ

**ဂျကာတာ အောက်တိုဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးကြောင့် မီးခိုးမြူများ ပျံ့နှံ့လာပြီး လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာကြောင်း အင်ဒိုနီးရှားနိုင်ငံ အာဏာပိုင်များ၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားနှင့် ကာလီမန်တန်ဒေသများ၌ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားကာ လေထုညစ်ညမ်းနေသည့် အပြင် လေတိုက်ခတ်မှုကြောင့် မီးခိုးမြူများသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော မလေးရှားနှင့် စင်ကာပူနိုင်ငံထိ ပျံ့နှံ့လျက်ရှိကြောင်း၊ ထို့ပြင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ဆက်စပ်သည့် ခြောက်သွေ့ပူပြင်းသော ရာသီဥတုကြောင့် တောမီးများကိုငြိမ်းသတ်ရန် ပိုမိုခက်ခဲလာကြောင်း သိရသည်။

ထို့ကြောင့် စင်ကာပူနိုင်ငံက မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် လိုအပ်ပါက အင်ဒိုနီးရှားနိုင်ငံကို ကူညီပေးရန် အသင့်ရှိကြောင်း စင်ကာပူနိုင်ငံ ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဂရေ့စ်ဖူက အောက်တိုဘာ ၁၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဝန်ကြီးနှင့် ဆက်သွယ်ပြောဆိုထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံအာဏာပိုင်များက ယခုကာလအတွင်း ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများအနေဖြင့် အပြင်ထွက်လှုပ်ရှားမှုများကို လျှော့ချရန်၊ မီးခိုးမြူထူထပ်သည့် နေရာများကို ရှောင်ရှားရန်နှင့် လေထုအရည်အသွေးဆိုင်ရာ သတိပေးချက်များကို စောင့်ကြည့်လိုက်နာရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အိန္ဒိယနိုင်ငံ တီလန်ဂါနာပြည်နယ်တွင် မိုးခေါင်မှုဖြင့် ရင်ဆိုင်နေရသော ဒေသများသို့ ပြည်နယ်ဝန်ကြီးချုပ် သွားရောက်စစ်ဆေး

**နယူးဒေလီ အောက်တိုဘာ ၁၁**

အိန္ဒိယနိုင်ငံ တီလန်ဂါနာပြည်နယ်တွင် မိုးခေါင်မှုဖြစ်ပွားနေပြီး မိုးခေါင်မှုဖြင့် ရင်ဆိုင်နေရသောဒေသများသို့ ပြည်နယ်ဝန်ကြီးချုပ်ရက်ဒီက သွားရောက်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ပြည်နယ်ဝန်ကြီးချုပ်ရုံးက ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် တောင်သူများ အခက်တွေ့နေရသဖြင့် ပြည်နယ်ဝန်ကြီးချုပ် ရက်ဒီက တောင်သူများကို ကူညီထောက်ပံ့ပေးရေးအတွက် တောင်သူများနှင့်တွေ့ဆုံခဲ့ကြောင်း၊ ခရိုင်ပေါင်း ၃၃ ခရိုင်ရှိသည့်အနက် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ခရိုင်ပေါင်း ရှစ်ခရိုင်ထိ ရှိနေသည်ဟု ပြည်နယ်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"တီလန်ဂါနာပြည်နယ်တစ်ဝန်း မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒေသတချို့မှာတော့ မိုးရွာသွန်းမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ ပုံမှန်ရွာသွန်းတဲ့ ပမာဏထက် ၁၇ ရာခိုင်နှုန်းလျော့နည်းခဲ့တယ်။ မိုးခေါင်မှုကြောင့် တောင်သူတွေ တော်တော်လေး အခက်တွေ့နေတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် မြေပြင်ကွင်းဆင်းပြီးတော့ လိုက်လံကြည့်ရှု စစ်ဆေးနေပါတယ်။ အခက်တွေ့နေတဲ့ တောင်သူတွေနဲ့လဲ တွေ့ဆုံခဲ့ပြီးတော့ လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ခရိုင်ပေါင်း ရှစ်ခရိုင်ရှိပြီး ကျေးလက်ဒေသပေါင်း ၃၀၀ လောက်ထိ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတယ်"ဟု တီလန်ဂါနာပြည်နယ် ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ချိုမြိန်တဲ့အဆိပ်

အေး(သတ္တဗေဒ)



(၁)

လက်ကနာရီကို ကြည့်လိုက်မိချိန် ချိန်းထားတဲ့အချိန်ထက် ငါးမိနစ်နောက်ကျနေပြီ။ မြန်မာစာမေဂျာစာသင်ခန်းကနေ ကန်တင်းရှိရာ အမြန်ပြေးသွားနေရတယ်။ အခုချိန်လောက်ဆို ကျွန်တော့်ချစ်သူလေး စိတ်ကောက်နေပြီထင်တယ်။ အချိန်မလေးစားရင် လမ်းခွဲမယ်တဲ့။ သူ့အကြိုက်မသိရင်လဲ ဖြတ်မယ်တဲ့။ အလိုမလိုက်နိုင်ရင် မတွဲနဲ့တဲ့။ အင်္ဂလိပ်စာမေဂျာမှာ ကွင်းတံဆိပ်ရရှိထားသူမို့ ချစ်သူခင်သူပေါများပြီး ယောကျ်ားလေးတွေနဲ့ အရောတဝင်ပေါင်းသင်းဆက်ဆံတာကိုလဲ သဘောထားပြည့်ဝပေးနိုင်ရမယ်တဲ့။ ပြီးတော့ သူ့အရေးကိစ္စမှန်သမျှကို ဦးစားပေးခေါင်းစဉ်တပ်ပြီး သူခေါ်တဲ့ အချိန်တိုင်း အကြောင်းပြချက်မရှိ အရောက်လာနိုင်ရမယ်တဲ့။

"မင်းထိုက် နင်ဘာဖြစ်လို့ နောက်ကျရတာလဲ၊ ငါနဲ့ ငါ့သူငယ်ချင်းတွေကို နင်စောင့်ခိုင်းရဲတယ်ပေါ့လေ"

"မဟုတ်ပါဘူး ဆုရယ်၊ ကိုယ်အတန်းချိန် မပြီးသေးလို့ပါ။ အရင်ကဆို ဆရာက ဒီလိုသောကြာနေ့ညနေဆို ဆယ်မိနစ်စောပြီး အတန်းပြီးတာ။ ဒီနေ့ကျမှ အချိန်ပြည့်သင်လိုက်တော့ ကိုယ်ထွက်လာတာ နည်းနည်းနောက်ကျသွားတယ်။ အဲလိုမှန်းသာသိရင် ကိုယ် ဒီအတန်းချိန်ကိုပျက်လိုက်ပါတယ်။ ကိုယ့်ဘဝမှာ ဆုကသာ အရေးကြီးဆုံးပါ။ ကိုယ့်ကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါနော် ဆု"

"ငါပြောထားပြီးသားနော် မင်းထိုက်။ အချိန်မလေးစားရင် လမ်းခွဲမယ်လို့"

"မလုပ်ပါနဲ့ ဆုရယ်။ ဆုကျေနပ်အောင် ကိုယ်ဘာပြန်လုပ်ပေးရမလဲ ပြောပါ။ လမ်းခွဲမဲ့စကားတော့ မပြောပါနဲ့နော်"

"ကောင်းပြီလေ။ အဲဒါဆို နင် ငါ့သူငယ်ချင်း ညီညီထွန်းတို့အုပ်စုကို သိတယ်မလား။ အခု သူတို့က အင်္ဂလိပ်စာမေဂျာ စာသင်ဆောင်ဘက်မှာရှိတယ်။ ငါတို့တွေ စနေ၊ တနင်္ဂနွေပိတ်ရက်မှာ ကုန်တိုက်ကို သွားလည်ဖို့ပြောထားကြတာ။ အဲဒါ မနက်ဖြန် ဆယ်နာရီ အရောက်လာခဲ့လို့ သွားပြောပေး"

"ရပါတယ် ငါသွားပြောပေးပါ့မယ်"

ချစ်သူပြောတဲ့ အင်္ဂလိပ်စာ စာသင်ခန်းထဲရောက်တော့ ညီညီထွန်းတို့အုပ်စုကို မတွေ့ရ။ ဘေးဘီဝဲယာ လိုက်လံကြည့်ရှုပေမဲ့ မမြင်မတွေ့တဲ့အဆုံး ချစ်သူဆီကိုပဲ ဖုန်းဆက်ရတော့တယ်။

"နင်သွားတာ နှေးကွေးလေးလံလိုက်တာ မင်းထိုက်ရယ်။ ညီညီထွန်းတို့အုပ်စုက ကန်တင်းကိုတောင် ရောက်နေကြပြီ"

"အဲဒါဆိုကိုယ်အခုဘာဆက်လုပ်ပေးရမလဲဟင်"

"ကန်တင်းကိုပဲ ပြန်လာခဲ့ပေါ့။ နင်အဲလောက်တုံးလို့ နင်နဲ့မတွဲချင်တာ သိလား။ ဒါပဲ နင်မြန်မြန်လာခဲ့။ ငါ စောင့်ရတာ မကြိုက်ဘူးနော်"

"အင်းပါ ဒါဆိုလဲ ကိုယ်ပြန်လာခဲ့ပါ့မယ်"

"ဟာ မင်းထိုက်၊ မိုးရေထဲ ဘယ်သွားမလို့လဲ"

အတန်းဖော် ကျွန်တော့်သူငယ်ချင်း ကျော်စိုးနဲ့ လမ်းမှာတွေ့တော့ ကျော်စိုးက ထီးမိုးပေးပြီး မေးတယ်။

"ရပါတယ် ငါ့ကို မဆောင်းပေးပါနဲ့တော့၊ ငါက စိုနေပြီးသားပဲလေ။ မင်းသာ လုံအောင်ဆောင်းစမ်းပါ ကျော်စိုးရဲ့။ ငါ အခု ကန်တင်းဘက်သွားမလို့"

"ဘာလဲ မင်းရဲ့ ချစ်မြတ်နိုးရပါတယ်ဆိုတဲ့ ဆုမြတ်နိုးဆီကိုလား။ လာပါ မင်းထိုက်ရယ်၊ မိုးရေထဲ ဖျားနေအုံးမယ်။ ငါ လိုက်ပို့ပေးပါ့မယ်ကွာ"

သူငယ်ချင်းကျော်စိုးက ကျွန်တော်နဲ့အတူ ထီးဆောင်းပြီး ကန်တင်းဘက် လိုက်ပို့ပေးတယ်။ ဒါပေမဲ့ ကန်တင်းရောက်တဲ့အချိန်မှာ စားသောက်ဆိုင်တွေထဲ လူရှင်းနေတယ်လေ။ မိုးအေးလို့ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတွေ ပြန်ကုန်ကြပြီထင်ပါရဲ့။ ကျွန်တော်ကတော့ ချစ်သူကိုပဲ ရှာနေမိတယ်။ ဘယ်လိုရှာရှာ မတွေ့တဲ့အဆုံး ဖုန်းဆက်ရပြန်တယ်။

"မင်းထိုက်ရယ် နင်ဟာလေ ဘာလုပ်လုပ် တအားနှေးကွေးလေးလံတာပဲ။နင်က အခုမှ ကန်တင်းရောက်တယ်ပေါ့လေ။ ငါက အိမ်တောင်ပြန်ရောက်တော့မယ်။ ဘတ်စကားပေါ်မှာမို့ ဒါပဲနော်။ ကျောင်းပြန်ဖွင့်တဲ့နေ့မှ တွေ့မယ်"

"ဟင်း..."

"မင်းထိုက်ရယ် မင်းရဲ့သက်ပြင်းကလဲ ငါတောင်လွင့်ထွက်သွားတော့မယ်ထင်တယ်။ ဘာတဲ့လဲ ထုံးစံအတိုင်း မင်းကို အနိုင်ကျင့်ပြန်ပြီမဟုတ်လား"

"မဟုတ်ပါဘူး ကျော်စိုးရာ။ ငါ့ဘက်က သူ့အပေါ် ဘယ်လောက်ထိ သည်းခံမေတ္တာထားပြီး ချစ်ပေးနိုင်မလဲဆိုတာ သူ့ဘက်က အချစ်စမ်းနေတာပါ"

"အဲဒီလောက်ထိ အချစ်မရူးစမ်းပါနဲ့ သူငယ်ချင်းရာ။ ဆုမြတ်နိုးက မင်းကို တကယ်မချစ်ဘဲ သက်သက်နှိပ်စက်နေတယ်ဆိုတာ သိသာနေတာပဲကို။ ပြီးတော့ သူတို့အင်္ဂလိပ်စာမေဂျာက မဟာတန်းကျောင်းသား ပိုင်သက်ဆိုတဲ့လူနဲ့ တွဲသွားတွဲလာလုပ်နေတာကို မင်း မသိချင်ယောင်ဆောင်နေတာလား မင်းထိုက်။ ကိုယ့်ဘက်က ပေးဆပ်ရုံသက်သက်ပဲဆိုရင် ဒါဟာ အချစ်မဟုတ်ဘူး သူငယ်ချင်းရ"

"မင်းအထင်မှားနေတာပါ ကျော်စိုး၊ ဆုက ငါ့ကို ပြောပြထားပြီးသား။ သူ့မှာ ယောကျ်ားလေးမိတ်ဆွေ အပေါင်းအသင်း အများကြီးရှိတယ်တဲ့။ မင်း အထင်လွဲပြီး လျှောက်ပြောမနေနဲ့ကွာ။ နောက်တစ်ခါပြောရင် ငါခွင့်လွှတ်မှာမဟုတ်ဘူး"

(၂)

ဒီကနေ့ ကျွန်တော့်မွေးနေ့။ ညကတည်းက ချစ်သူဆီကနေ မွေးနေ့ဆုတောင်းစကား လက်ခံရရှိထားတာမို့ ဒီနှစ်မွေးနေ့ဟာ ကျွန်တော့်အတွက် ပျော်ရွှင်ကြည်နူးရတဲ့ နေ့လေးပေါ့။ သူနဲ့အတူ လျှောက်လည်ကြရအောင်လို့ပြောလာချိန် ကျွန်တော် သိပ်ပျော်ပြီး မနက်ကတည်းက ကြိုတင်ချိန်းထားတဲ့ တက္ကသိုလ်ဓမ္မာရုံရှေ့က ညောင်ပင်အောက်မှာ ဖုန်းသုံးရင်း ထိုင်စောင့်နေမိတယ်။

"မင်းထိုက် နင် ဒီနေ့တော့ အစောကြီးရောက်နေပါလား"

"ဒီပုံတွေက ဘာတွေလဲ ဆု။ ဒါကရော ကွင်းတံဆိပ်ရရှိထားသူမို့ ချစ်သူခင်သူပေါများပြီး ယောကျ်ားလေးတွေနဲ့ အရောတဝင် ပေါင်းသင်းဆက်ဆံတာပါလို့တော့ လာမပြောနဲ့နော်"

ကျွန်တော်ပြလိုက်တဲ့ ဓာတ်ပုံတွေကိုကြည့်ပြီး သူအံ့အားသင့်သွားတာကို ကျွန်တော်သတိထားမိတယ်။ သူ့ဘက်က ဘယ်လိုဖြေရှင်းချက်ပေးမလဲ ဆိုတာကိုလဲ ကျွန်တော်နားထောင်နေမိတယ်။ ကျွန်တော့်စိတ်ထဲ ဆုတောင်းမိတယ်။ ဒီပုံတွေက အစစ်အမှန် မဟုတ်ပါစေနဲ့။

"ဟာကွာ ကိုကိုကလဲ ဘာလို့ပုံတွေရိုက်ထားတာလဲမသိဘူး။ပြီးတော့ ဘာလို့သူ့ဆီပို့ရတာပါလိမ့်"

"ဆု ဒါဆို ဒီပုံတွေက အစစ်အမှန်တွေပေါ့ ဟုတ်လား။ ကိုယ့်ဘက်က ဆုအပေါ် ဘာများမှားခဲ့တာရှိလို့ ဒီလိုမျိုး လုပ်ရက်ရတာလဲကွာ"

"မင်းထိုက် နင်ကလဲဟာ၊ ဒီကိစ္စလောက်လေးကို ဒီလောက်ထိ ပုံကြီးချဲ့မနေပါနဲ့၊ ငါအစကတည်းက ပြောထားပြီးသားလေ။ ငါနဲ့တွဲချင်ရင် သဘောထားပြည့်ဝပေးနိုင်ရမယ်လို့"

"ငါ့ဘက်က မင်းအပေါ် သဘောထားပြည့်ဝခဲ့တယ်ကွ။ မင်း သူငယ်ချင်းတွေရှေ့မှာ ငါ့အပေါ် အနိုင်ယူတာကိုလဲ သည်းခံခွင့်လွှတ်ပေးခဲ့တယ်။ သူငယ်ချင်းတွေပါဆိုပြီး ယောကျ်ားလေးတွေနဲ့ လက်ချင်းချိတ်လို့ ထီးအတူဆောင်းသွားတာကအစ ငါ့ဘက်က သဘောထားမသေးသိမ်ခဲ့ဘူး။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်နဲ့ခုတင်ပေါ်မှာ အတူတွဲအိပ်ရဲတဲ့ မင်းရဲ့လုပ်ရပ်ကိုတော့ ငါရွံမိတယ် ဆုမြတ်နိုး"

"ဘာဖြစ်တာလဲ မင်းထိုက်။ အခုတော့ မင်းတွေ ငါတွေနဲ့ ချက်ချင်းပြောင်းလဲသွားပါလား။ ငါက မိန်းကလေးပဲလေ။ ငါ့ဘဝအတွက် သင့်တော်မဲ့လူကို ငါ့ဘက်က ရွေးချယ်ခွင့်ရှိတာပဲ မဟုတ်လား"

"ဒါဆို မင်းက ဒီကောင့်ကို ရွေးချယ်ထားတယ်ဆို လက်ရှိတွဲနေတဲ့ မင်းချစ်သူ ငါက ဘာလဲ။ ပြောစမ်းပါ မင်းအတွက် ငါက အခိုင်းသက်သက်ပဲလား"

"မင်းထိုက် နင်ဘာဖြစ်နေတာလဲ။ အခုခေတ်မှာ ရည်းစားနှစ်ယောက်ထားတာ ဘာဆန်းတာမို့လဲ၊ နင်ကျေနပ်ရင် ငါနဲ့ဆက်တွဲ၊ မကျေနပ်ရင် လမ်းခွဲလိုက်လေ၊ နင် ငါ့ကိုပြတ်နိုင်ရင် လမ်းခွဲကြတာပေါ့"

"ကောင်းပြီလေ မင်းနဲ့ငါ ဒီနေ့ကစပြီး ဘာမှ မပတ်သက်တော့ဘူး။ မင်းရွေးချယ်တဲ့လမ်း မှန်ကန်ပါစေလို့ပဲ ဆုတောင်းပေးလိုက်ပါတယ်"

(၃)

"မင်းထိုက် မင်းအတန်းပျက်တာ များနေပြီနော်၊ ဆရာလဲ အတန်းပျက်များတဲ့ မင်းနာမည်ကို မှတ်မိနေပြီ၊ တော်ကြာ အတန်းတက်ချိန်မပြည့်လို့ စာမေးပွဲဖြေခွင့် မရဘဲနေလိမ့်မယ်"

"ကျော်စိုး ငါသူ့ကို မမေ့နိုင်ဘူးဖြစ်နေတယ်၊ သတိရတိုင်း ပြေးတွေ့ချင်စိတ်ဖြစ်နေမိတယ်ကွာ။ ငါဘယ်လိုလုပ်ရပါ့မလဲ သူငယ်ချင်းရယ်"

"မဖြစ်နိုင်တော့တဲ့အရာကို တမ်းတလွမ်းဆွတ်မနေပါနဲ့ မင်းထိုက်ရာ။ လောကမှာ တန်ဖိုးမရှိဆုံးအရာက ကိုယ့်အပေါ် စိတ်ရင်းလုံးဝမပါတာရယ်၊ ကြင်နာမှုလုံးဝမရှိတာရယ်ပဲ။ မင်းနဲ့စတွဲတဲ့နေ့ကစလို့ ဆုမြတ်နိုးက မင်းအပေါ် စိတ်ရင်းမှန်နဲ့ ကြင်နာနွေးထွေးမှုတွေ ရှိခဲ့လို့လားကွာ"

"သူ ဘာလို့များ ငါ့အပေါ် ဒီလိုလုပ်ရက်ရတာလဲ။ ငါကတော့ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် ငါ့ရဲ့ ချစ်ခြင်းမေတ္တာတွေကို သူနားလည်လာလိမ့်မယ်လို့ မျှော်လင့်ခဲ့မိတာ အခုတော့ကွာ..."

"သူငယ်ချင်း လောကမှာရှောင်ရမဲ့လူ သုံးမျိုးရှိတယ်ကွ။ ကိုယ့်ဘက်က ဆွဲထားနိုင်မှ မြဲမဲ့သူ၊ သာရင်ပေါင်း နာရင်ဖယ်ခွာသွားတဲ့သူ၊ လိုအပ်တဲ့ချိန်ဆို ပျားရည်လိုချိုမြပြီး မလိုအပ်တဲ့အချိန်ကျရင်တော့ တမာရွက်လိုခါးသက်နေတတ်သူ၊ မင်းဘက်ကတော့ သူ့အပေါ် ချိုမြိန်တဲ့အချစ်တွေ ပေးခဲ့သလောက် သူ့ဘက်က မင်းအပေါ် ချိုမြိန်တဲ့အဆိပ်တွေ ပေးခဲ့တော့ မင်းအခု အသည်းကွဲရောဂါကို အလူးအလဲခံစားနေရပြီမလား"

"ဟုတ်ပါတယ် မင်းပြောတာမှန်ပါတယ် ကျော်စိုး။ သူပေးခဲ့တဲ့ အဆိပ်တွေကြောင့် ငါ့မှာ အသည်းကွဲရောဂါဖြစ်ကျန်ခဲ့ပြီ"

(၄)

ရာသီတွေ အလီလီပြောင်းရွှေ့ခဲ့လေပြီ။ ဒီကနေ့ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသူ၊ ကျောင်းသားတွေ ကျောင်းအပ်လက်ခံတဲ့နေ့။ ကျောင်းသားရေးရာဌာနမှာ လူတွေစုံလို့။ ကျောင်းသားကတ်အတွက် ဓာတ်ပုံရိုက်တဲ့နေရာမှာလဲ လူတွေတိုးလို့။ ကန်တင်းထဲမှာလဲ စားသောက်ဖွယ်ရာမျိုးစုံနဲ့ ရောင်းကောင်းနေကြတယ်။ တက္ကသိုလ်တစ်ဝင်းလုံးကို ကျွန်တော် လျှောက်ပတ်ကြည့်ပြီးတော့ နောက်ဆုံးရောက်လာမိတဲ့နေရာက ဓမ္မာရုံရှေ့က ညောင်ပင်ကြီးဆီ။ ကျွန်တော်နဲ့သူ ဒီနေရာမှာ လမ်းခွဲပြီးကတည်းက

စာမျက်နှာ ၂၅ သို့ á

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၄၈၇၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**အရာတော် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၄၈၇၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၉၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၈၇၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၀ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၆၉၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ၁၄၈၇၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

---

á စာမျက်နှာ ၂၄ မှအဆက်

မဆုံဖြစ်တော့တာ နှစ်ကာလကြာညောင်းခဲ့ပြီ။ ညောင်ပင်ကြီးတောင် သက်တမ်းအိုရင့်လာပြီလေ။ ညောင်ပင်အောက်က ခုံတန်းပေါ်မှာ ခဏထိုင်ပြီးရင် တာဝန်ကျရာစာကြည့်တိုက်ထဲသွားတော့မယ်လို့ ရည်ရွယ်ပြီး ထိုင်မိတဲ့အချိန်မှာပဲ ခေါ်သံတစ်ခုကြားလိုက်ရတယ်။

"မင်းထိုက်၊ နင် မင်းထိုက်မဟုတ်လားဟင်"

"ဟင်... မင်းက ဆု၊ ဆုမြတ်နိုး"

"ဟုတ်ပါတယ် ကျွန်မဆုမြတ်နိုးပါ။ မတွေ့ဖြစ်ခဲ့တဲ့ နှစ်ကာလတွေ အတော်ကြာခဲ့ပြီနော်"

"ဟုတ်တယ်။ ဒါနဲ့ ဆုမြတ်နိုးက ရန်ကုန်တက္ကသိုလ်ထဲ ဘာကိစ္စများရှိလို့လဲ"

သူ့ဘေးမှာလဲ တက္ကသိုလ်ကျောင်းသူအရွယ်လေးတွေ ပါလာတာမို့ ကျွန်တော်လဲ သူ့နာမည်အပြည့်အစုံကိုပဲ ခေါ်လိုက်တော့တယ်။

"ဒါ ကျွန်မသမီးလေ။ ဒီနှစ်မှ ပထမနှစ် စတက်ရမှာ။ ဒီဘက်က ကလေးတွေကတော့ သမီးရဲ့သူငယ်ချင်းတွေပေါ့။ သမီးက မြန်မာစာမေဂျာရတယ်။ အဲဒါကြောင့် ဒီနေ့ ကျောင်းလိုက်အပ်ပေးရင်းနဲ့ မြန်မာစာဌာနကိုလဲ လိုက်ပြပေးချင်လို့ လိုက်လာမိတာ။ ကျွန်မကိုယ်တိုင်လဲ တက္ကသိုလ်ဝင်းထဲ မရောက်ဖြစ်တာကြာခဲ့ပြီလေ"

"သြော်... ဆုမြတ်နိုးရဲ့သမီးတောင် ဒီအရွယ်ရောက်နေပြီပဲ"

"ဒါနဲ့ မင်းထိုက် နင်ကကော ရန်ကုန်တက္ကသိုလ်ဝင်းထဲ ဘယ်လိုရောက်နေတာလဲ။ နင်လဲ ငါ့လိုပဲသားသမီးကို ကျောင်းလိုက်အပ်ပေးတာလား"

"ငါ့မှာ ကျောင်းလိုက်အပ်ပေးရမဲ့ သားသမီးမရှိပါဘူး။ အခုချိန်ထိ တစ်ယောက်ထဲပါပဲ။ ငါက ဒီရန်ကုန်တက္ကသိုလ်မှာ စာကြည့်တိုက်မှူးတာဝန်ထမ်းဆောင်နေတာလေ။ ဒီတက္ကသိုလ်ထဲမှာ ငါအမြဲရှိနေတာ"

"သြော်... ဟုတ်လား။ နင့်ဘဝက ကောင်းလိုက်တာဟယ်။ သမီးဒါအမေ့ကျောင်းနေဖက်မိတ်ဆွေတစ်ယောက်ပေါ့။ ဒီကဆရာလဲ မြန်မာစာမေဂျာနဲ့ပဲ ကျောင်းပြီးခဲ့တာလေ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ဆရာ"

"အေးပါ သမီး။ နောက်လဲ စာသင်ချိန်ပြီးတဲ့အခါ အချိန်ရရင် စာကြည့်တိုက်မှာ သုတ၊ ရသစာပေတွေကို လာရောက်လေ့လာဖတ်ရှုဖို့ ဆရာက ဖိတ်ခေါ်ပါတယ်ကွယ်။ စာအုပ်စာပေတွေဆိုတာ လူသားတိုင်းရဲ့ အဖော်မွန်ကောင်းပါ"

"ဟုတ်ကဲ့ပါ ဆရာ။ သမီး အတန်းချိန်ပြီးတဲ့အခါ အချိန်ရရင် စာကြည့်တိုက်ဘက် လာခဲ့ပါ့မယ်ရှင့်"

"သမီးတို့တွေ ဟိုနားက စမ်းချောင်းကို သွားကြည့်ချင် သွားကြည့်ကြလေ။ အမေနဲ့ဆရာ ခဏစကားပြောလိုက်အုံးမယ်ကွယ်"

ကျွန်တော်နဲ့ စကားပြောချင်တယ်ဆိုပြီး သူ့သမီးလေးနဲ့ ကလေးမလေးတစ်စုကို စမ်းချောင်းဘက် သွားခိုင်းလိုက်တယ်။ ကျွန်တော့်ဘက်ကတော့ ဘာမှအထွေအထူး ပြောစရာစကားမရှိပေမဲ့ သူပြောမဲ့စကားကိုပဲ မိတ်ဆွေဟောင်းတစ်ယောက်အနေနဲ့ လက်ခံနားထောင်ပေးရုံသာ။

"မင်းထိုက် ငါ နင့်အပေါ် ပြုမူဆက်ဆံမိခဲ့တာတွေအားလုံးအတွက် တကယ်တောင်းပန်ပါတယ်။ ငါ့အပေါ် ဘယ်သူက စစ်မှန်တဲ့မေတ္တာတရားနဲ့ သည်းခံခွင့်လွှတ်ပြီး ချစ်ပေးခဲ့လဲဆိုတာ သမီးလေးကိုယ်ဝန်ရှိချိန်မှာ ငါလူရွေးမှားသွားမှန်း ကောင်းကောင်းကြီးနားလည်သဘောပေါက်ခဲ့တယ်။ ဒါပေမဲ့ ငါ့ဘဝက အချိန်လွန်မှ နောင်တရသလို ဘာကိုမှ ပြန်လည်ပြင်ဆင်ခွင့် မရှိတော့ဘူးလေ"

"ဘာတွေဖြစ်ခဲ့လို့လဲ ဆုမြတ်နိုး။ ငါသတင်းကြားမိသလောက်တော့ နင် မဟာတန်းက ကျောင်းသားကိုပိုင်သက်နဲ့ လက်ထပ်လိုက်တာပဲ မဟုတ်လား"

"ဟုတ်တယ်။ ငါတွဲ့ရပြီးချိန်မှာ လက်ထပ်ခဲ့တယ်။ ဒါပေမဲ့ဟာ သူ ငါ့အပေါ် သစ္စာမရှိဘူး။ သမီးလေးကို ကိုယ်ဝန်လွယ်ထားရချိန်မှာ သူဖောက်ပြန်တယ်။ ငါလဲ သိသိချင်း ထုပ်ပူဒေါသထွက်ပြီး သူနဲ့ငါ စကားများရန်ဖြစ်ကြတယ်။ အစက ငါမသိအောင် ဖောက်ပြန်တဲ့သူက ငါလဲသိသွားရော ပေါ်ပေါ်ထင်ထင်တွေတွဲပြပြီး စိတ်ထင်ရာစိုင်းနေတော့တာပဲ။ နောက်ဆုံး ငါသည်းမခံနိုင်တဲ့အဆုံး သမီးလေး မွေးဖွားပြီးလသားအရွယ်မှာပဲ သူနဲ့ငါ ကွာရှင်းလိုက်ကြတယ်"

"နင့်အကြောင်း အခုလိုကြားသိရတော့ ငါတကယ်စိတ်မကောင်းပါဘူး ဆုမြတ်နိုး"

"ငါတကယ်ကို နောင်တရတယ်။ နင့်ကို မရွေးချယ်ခဲ့မိလို့လေ"

"ပြီးခဲ့တာတွေအားလုံးက အတိတ်ကဇာတ်လမ်းတစ်ပုဒ်ပါပဲ"

"နင့်အကြောင်း ငါကြားသိတာတောင် နင့်အပေါ် ငါပြန်လှည့်မကြည့်ခဲ့ဘူး။ ငါ့ကြောင့် နင်အသည်းကွဲပြီး အတန်းတွေပျက် စိတ်လေခဲ့တာလေ။ နင် ငါ့ကို စိတ်နာပြီးမမုန်းဘူးလားဟင် မင်းထိုက်"

"မုန်းချင်ပေမဲ့ မေ့မရခဲ့တာလေ။ ဒါပေမဲ့ ငါမင်းကို ကျေးဇူးတင်ပါတယ် ဆုမြတ်နိုး။ မင်းနဲ့လမ်းခွဲပြီးမှ ဂုဏ်မဲ့အချစ်ရူးဆိုတဲ့ နာမည်ပျောက်ကွယ်ခဲ့တယ်။ အဲဒီလို စိတ်တည်ငြိမ်မှုရအောင် ငါ့ဘဝကို လမ်းပြပေးခဲ့တာကတော့ စာကြည့်တိုက်ပဲ။ ဒါကြောင့် စာကြည့်တိုက်မှာပဲ အလုပ်ဝင်လျှောက်ပြီး အခုချိန်မှာ ငါစာကြည့်တိုက်မှူးဖြစ်နေပြီလေ"

"နင်ဒီလိုမျိုး အဆင်ပြေပြေဖြစ်နေတာသိရတော့ ငါဝမ်းသာပါတယ် မင်းထိုက်ရယ်။ ငါ့အပေါ် နားလည်မှုပေးလို့လဲ ကျေးဇူးတင်ပါတယ်ဟာ"

"ငါ စာကြည့်တိုက်ထဲ သွားရတော့မှာမို့ နှုတ်ဆက်ပါတယ်နော် ဆုမြတ်နိုး"

ကျွန်တော် သူ့ကို ပြုံးပြနှုတ်ဆက်လိုက်တယ်။ အခုတော့ သူ့ကို ကျောခိုင်းထွက်ခွာလာနိုင်ခဲ့ပြီ။ သူကတော့ ကျွန်တော့်ကျောပြင်ကို ငေးကြည့်ရင်း တစ်ချိန်က ကျွန်တော်နဲ့သူ လမ်းခွဲခဲ့တဲ့ ဓမ္မာရုံရှေ့က ညောင်ပင်ကြီးအောက်မှာ ကျန်ရစ်နေခဲ့ပါတော့တယ်။

---

## အောင်မြင်မှုသို့

– ရှေ့သို့ချီ မရပ်တမ်း
လှမ်းကြစို့ ကိုယ်စီတွင်၊
ရိုးသားစွာ နိုးကြားလျက်
ကြိုးစားကာပင်၊
ခွဲ လုံ့လ ဝီရိယစဉ်
သိသတိလျှင် ဘဝရေး၊
တတ်ပညာ ဗဟုသုတ
ရှာကြကွဲ့လေး။

– မှားမှန် ဆင်ခြင်မနေး
စိတ်အတွေး ဖြူစင်ဖွယ်၊
စေတနာ မေတ္တာဓာတ်နှင့်
မြင့်မြတ်ဖို့ရှယ်၊
မွန်မြတ်သည့် သဒ္ဓါကြွယ်
မဟာနွယ် တို့လူမျိုး၊
တို့မြန်ပြည် အလှလွှမ်းကာ
ငြိမ်းချမ်းခဲ့ရိုး။

– ဘုန်းတေဇာ သမ္ဘာမငြိုး
စိတ်တန်ခိုး ထက်မြက်သည်၊
စည်းကမ်းမှု နည်းစနစ်
ကြီးမြင့်စေမည်၊
စည်းလုံးခြင်း အင်အားတည်
ခိုင်မြဲချည် လက်ချင်းယှက်၊
ချစ်ခင်ကြင်နာ မပျက်ထုံး
အမုန်းမဖက်။

– ခေတ်သမိုင်း အဆက်ဆက်
တိုးတက်၍ ဖွံ့ဖြိုးစွာ၊
ပြည်သူတွေ ညီတူအားနှင့်
ဝင့်ကြွားစေကာ၊
နိုင်ဝန်ထမ်း လန်းလျက်သာ
မြန်းဆက်ရာ အစဉ်မြဲ၊
ရည်ရွယ်ရာ အောင်မြင်မှုသို့
ပေါင်းစုလို့နွဲ။ ။

ကိုရွှေတောသား(ဆင်ကူး)

---


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပြင်ဦးလွင်မြို့အနီး အကျိုးရှိသည့်ခရီး

**သက်နိုင်(ပြင်ဦးလွင်)**

ကျောင်းအားလပ်ရက်တစ်ရက်မှာ မိမိရဲ့တပည့်လေးတွေ ရေကူးချင်ကြတယ်ဆိုတာကြောင့် နီးနီးနားနား ပြင်ဦးလွင်မြို့နယ်အတွင်းရှိနေတဲ့ ရေကူးကန်ကို ရောက်ရှိလာကြရာကနေ ရေကူးခဲ့ကြအပြီး ငါးဖမ်းချင်ကြသေးတယ်လို့ ထပ်မံပူဆာကြလို့ သုံးထပ်ရေတံခွန်ရှိရာကို ရောက်လာကြတယ်။ သုံးထပ်ရေတံခွန်ရောက်တော့ ငါးဖမ်းလို့မရနိုင်သလို အန္တရာယ်လဲများတယ်။ ဒါကြောင့် အန္တရာယ်ကင်းပြီး ငါးဖမ်းလို့ရနိုင်တဲ့ ရန်ကုန်နတ်ကျုံးတောရကျောင်းအနီးကို ဆက်လက်ထွက်ခွာလာခဲ့ရတယ်။

သုံးထပ်ရေတံခွန်ဖြစ်ပေါ်နေရတာက ပြင်ဦးလွင်မြို့ ကန်တော်လေး ရေကန်ကြီးကနေ စတင်ချောင်းဖျားခံစီးဆင်းလာတဲ့ ဂဲလောင်ချောင်းရေတွေကြောင့်ဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့မှာ အထင်ကရနေရာတစ်ခုဖြစ်တဲ့ BE Fall ခေါ် ပွဲကောက်ရေတံခွန်ကလဲ ဂဲလောင်ချောင်းရေတွေသာဖြစ်ပါတယ်။ အမှန်တကယ်တော့ ဂဲလောင်ချောင်းရေတွေဆိုတာ ပြင်ဦးလွင်တစ်မြို့လုံးက စွန့်ပစ်ကြတဲ့ ရေတွေဖြစ်တယ်။ ဒီရေတွေပေါင်းစု စီးဆင်းသွားပြီး ချောင်းကြီးတစ်ခုအဖြစ်နဲ့ ရေတံခွန်တွေဖြစ်ပေါ်လာရတယ်။ မိမိနဲ့ကလေးတစ်သိုက်က ငါးဖမ်းလို့ရနိုင်တဲ့ နေရာကိုရောက်ရှိဖို့အတွက် ဒီချောင်းကြီးအတိုင်း အောက်ဘက်ကို စုန်ဆင်းလမ်းလျှောက်လာကြရတယ်။ လမ်းတစ်လျှောက်လုံးမှာ သစ်ပင်ကြီးငယ်တွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ၊ အနိမ့်အမြင့်အတက်အဆင်း ကျောက်တုံးကျောက်ဆောင်တွေ ပြည့်နှက်နေတဲ့ တောလမ်းကျဉ်းလေးအတိုင်း လျှောက်လှမ်းလာကြရတယ်။ ဒီလမ်းဒီနေရာတွေကို သွားလာကြတဲ့သူတွေ နည်းပါးကြပါတယ်။ အခုလဲ လမ်းတစ်လျှောက်လုံးမှာ မိမိနဲ့ကလေးတွေသာရှိနေတယ်။

မိုင်ဝက်ကျော်ရှည်လျားတဲ့ တောလမ်းလေးအတိုင်း ဆင်းလိုက်တက်လိုက်၊ ကွေ့လိုက်ဝိုက်လိုက်နဲ့ လျှောက်လာခဲ့ကြပြီး မကြာခင်မှာ ရန်ကုန်နတ်ကျုံးတောရကျောင်းဝင်းအနီးကို ရောက်လာခဲ့ကြတယ်။ ပထမဦးဆုံးအနေနဲ့ ဂဲလောင်ချောင်းပေါ်မှာ တည်ဆောက်ထားတဲ့တံတားကို စတင်ဖြတ်သန်းကြရတယ်။ ရေပြင်ကျယ်ကျယ်ရှိတဲ့နေရာမှာ တံတားကို တည်ဆောက်ထားတာဖြစ်တဲ့အတွက် တံတားက အနည်းငယ်ရှည်လျားနေပြီး အောက်မှာရှိနေတဲ့ ရေပြင်ကျယ်နဲ့အတူလှပနေတယ်။ တံတားကိုဖြတ်သန်းလျှောက်လာပြီးကြတာနဲ့ ကျောင်းဝင်းဧရိယာအတွင်းကို ရောက်ရှိလာခဲ့ကြပါပြီ။ ကျောင်းဝင်းအတွင်းမှာ သစ်ရိပ်ဝါးရိပ်တွေနဲ့အတူ ဘုရားစေတီအမျိုးမျိုးတွေ၊ ရုပ်ပွားတော်တွေ၊ ထိုင်ဖို့နားဖို့စားပွဲထိုင်ခုံတွေကို ကျောက်တွေ၊ သစ်သားတွေ၊ ဝါးတွေနဲ့ ပြုလုပ်ထားပြီး ချောင်းဘေးမှာ စနစ်တကျချထားပေးတာကို တွေ့မြင်နေရတယ်။ ရောက်ရှိလာတဲ့နေရာမှာ ချောင်းကအတော်အတန်ကျယ်ဝန်းနေပြီး ကျောက်ဆောင်၊ ကျောက်တုံးတွေရဲ့ အကြိုအကြားကနေ ချောင်းရေတွေက ခွဲဖြာစီးဆင်းနေရတာကြောင့် ရေပမာဏက နေရာတိုင်းမှာ နည်းပါးနေကြတယ်။ ဒါကြောင့်လဲ ရေကအလွန်တိမ်နေသလို ရေထဲကို အန္တရာယ်ကင်းကင်းနဲ့ ဆင်းနိုင်ကြတယ်။ ကလေးတွေကတော့ သစ်ရိပ်ဝါးရိပ်တွေ၊ ဘုရားစေတီတွေ၊ ရုပ်ပွားတော်တွေ သာယာလှပနေတဲ့ ရှုခင်းတွေကို မခံစားတတ်၊ မခံစားနိုင်ကြဘဲ သူတို့ဆန္ဒရှိကြတဲ့အတိုင်း ရေတိမ်ချောင်းအတွင်းထဲကို ခုန်ပေါက်ပြေးလွှားပြီး ဆင်းသွားကြတယ်။

တသွင်သွင်စီးဆင်းနေတဲ့ ချောင်းအတွင်းမှာ ကျောက်ဆောင်နိမ့်လေးတွေ၊ ချိုင့်ခွက်ကလေးတွေ ရှိနေကြတယ်။ ရေတွေကလဲ ကြည်လင်အေးမြနေတယ်။ အချို့ချိုင့်ခွက်လေးတွေအထဲမှာ ငါးလေးတွေကူးခပ်နေတာကို တွေ့မြင်နေရတယ်။ ကလေးတွေက ဒီငါးလေးတွေကို လိုက်လံဖမ်းဆီးပြီး ဝမ်းသာပျော်ရွှင်နေကြတော့တာပါ။ ဒါ့ပြင် ကလေးတချို့က သူတို့ဖမ်းဆီးရမိတဲ့ ငါးလေးတွေကို ထည့်ဖို့အတွက် ရေသန့်ဘူးခွံ၊ ပလတ်စတစ်အိတ် စတာတွေကို ရှာဖွေကြရင်းနဲ့ အလုပ်ရှုပ်နေကြရသေးတယ်။ ချောင်းရေတွေထဲမှာ ငါးလေးတွေသာမက ပုစွန်



ရန်ကုန်နတ်ကျုံးတောရကျောင်းအနီး ဂဲလောင်ချောင်းရေစီးဆင်းနေမှုကို တွေ့ရစဉ်။

တွေ၊ ကဏန်းလေးတွေ ရှိနေကြလို့လဲ ဒီမှာပုစွန်၊ ဒီမှာကဏန်းဆိုပြီး ကလေးတွေရဲ့ အော်ဟစ်ဆူညံသံတွေကို ကြားနေရတယ်။ ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ ထုတ်ပြန်ကြေညာထားတဲ့ စည်းကမ်းချက်တွေအရ အရက်သေစာ၊ ဘီယာ သောက်စားမူးယစ်ခြင်းမပြုရ၊ စည်းကမ်းမဲ့ အမှိုက်မပစ်ရ၊ ချစ်သူစုံတွဲများ အမြင်မတော်သည့် အပြုအမူအနေအထိုင်များမလုပ်ရ စတဲ့စည်းကမ်းချက်တွေသာ ရှိနေပြီး ရေမချိုးရ၊ ငါးမမျှားရဆိုတဲ့ စည်းကမ်းတွေ ထုတ်ပြန်မထားလို့တော်သေးတယ်။ ဒါပေမဲ့ မိမိရဲ့ကလေးတွေကလဲ ငါးဖမ်းကြတယ်ဆိုပေမဲ့ အပျော်သဘောမျိုးနဲ့ ငါးသေးငါးမွှားလေးတွေကို တစ်ကောင်စ၊ နှစ်ကောင်စဖမ်းဆီးရမိကြတာပါ။ ငါးဖမ်းကိရိယာတွေလဲမပါ၊ ဖမ်းမိတဲ့ငါးလေးတွေကို ကြော်စားဖို့၊ ချက်စားဖို့၊ ရောင်းစားဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေလဲမရှိ၊ သူတို့ရဲ့သေးသွယ်တဲ့ လက်ကလေးတွေနဲ့ ကြိုးကြိုးစားစား ပျော်ပျော်ရွှင်ရွှင် ကလေးသဘာဝ ဖမ်းယူနေကြတာဖြစ်တယ်။

ငါးလေးတွေ၊ ပုစွန်လေးတွေ၊ ကဏန်းလေးတွေကို အိမ်မှာပြန်မွေးဖို့ဆိုပြီး ဖမ်းယူနေကြရင်းနဲ့ အချို့ကလေးတွေက ရေအောက်မှာရှိနေတဲ့ ကျောက်တုံး၊ ကျောက်ခဲစိမ်းစိမ်းလေးတွေကို ဝမ်းသာအားရ ကောက်ယူလာကြပြီး ကျောက်စိမ်းတုံးလေးတွေတွေ့တယ်၊ ရောင်းလို့ရလား၊ ရောင်းရင် ဘယ်လောက်ရလဲ၊ အဖေ့ကိုပေးမယ်၊ အမေ့ကိုပေးမယ်ဆိုတဲ့ ကလေးတွေကြောင့် သူတို့ရဲ့မိဘအပေါ် သိတတ်မှုအတွက် ပီတိဖြစ်ရတယ်။ သူတို့ကောက်ယူပြသနေတဲ့ ကျောက်စိမ်းတုံးလေးတွေဆိုတာက နှစ်ရှည်လများ ရေညှိတက်နေတဲ့ ရိုးရိုးသာမန်ကျောက်တုံး၊ ကျောက်ခဲလေးတွေပါ။ ကလေးတွေဆိုတော့ အစိမ်းရောင်ကျောက်တွေကိုမြင်တာနဲ့ အဖိုးတန်တဲ့ ကျောက်စိမ်းတုံးတွေဆိုပြီး ထင်မှတ်နေကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့လေးတွေ ပျော်ရွှင်နေကြတာကို တွေ့မြင်နေရပြီး မိမိကိုယ်တိုင်ကလဲ စိတ်ချမ်းသာနေရတယ်။ အော်ဟစ်ငိုကြွေးနေတဲ့ ကလေးတွေကို တွေ့မြင်ရတာထက် ဝမ်းသာပျော်မြူးနေတဲ့ ကလေးတွေကိုသာ တွေ့မြင်ချင်တဲ့စိတ်ဆန္ဒက လူတိုင်းမှာ ရှိနေကြမှာပါ။

အချိန်က ညနေ ၄ နာရီကျော် ၅ နာရီနီးပါးရှိနေပါပြီ။ ကလေးတွေကတော့ ရေထဲကနေ ကုန်းပေါ်ကို ပြန်တက်လာကြဖို့ အစီအစဉ်မရှိကြသေးဘဲ ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေကို ဖမ်းလို့ကောင်းနေဆဲပါ။ ဒါကြောင့်လဲ အပေါ်ကို ပြန်တက်ကြဖို့အတွက် သတိပေးရတော့တယ်။ သူတို့လက်ထဲမှာလဲ ငါးလေးတွေ၊ ပုစွန်လေးတွေ ရရှိနေကြပြီဖြစ်တာကို တွေ့မြင်နေရတယ်။ လာခဲ့ကြတော့ဆိုပြီး နှစ်ခါ၊ သုံးခါပြောမှ ကုန်းပေါ်ကို တက်လာခဲ့ကြတော့တယ်။ ကုန်းပေါ်ကို အားလုံးပြန်တက်လာခဲ့ကြပြီး ရန်ကုန်နတ်ကျုံးတောရကျောင်းတိုက်အတွင်းကနေ ပြန်လည်ထွက်ခွာလာခဲ့ရတယ်။ ကလေးတွေရဲ့ လက်ထဲမှာ ရေသန့်ဘူးခွံလေးတွေ၊ ပလတ်စတစ်အိတ်လေးတွေနဲ့ ငါးလေးတွေ၊ ပုစွန်လေးတွေပါလာခဲ့ကြတယ်။

ရန်ကုန်နတ်ကျုံးတောရကျောင်းဆိုတာက မကြာသေးခင်နှစ်ကာလအနည်းငယ်ကမှ စတင်ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ဒီနေ့ထိ တည်ရှိနေတဲ့ နတ်ကျုံးဆိုတာကတော့ ပုဂံခေတ်ကတည်းက တည်ရှိနေခဲ့တယ်ဆိုတာကို မြို့သမိုင်းစာအုပ်က ဖော်ပြနေတယ်။

ကလေးတွေအားလုံး တောရကျောင်းဝင်းထိပ်မှာရှိနေတဲ့ တံတားလေးအပေါ်ကနေ မဖြတ်သန်းခင် နဂါးရုံဘုရားကို ဖူးမြော်ကန်တော့ကြတယ်။ နဂါးရုံဘုရားက တံတားထိပ်အနီးမှာ တည်ရှိနေတာပါ။ နဂါးရုံဘုရားကိုဖူးမြော်အပြီးမှာ လာလမ်းအတိုင်းသုံးထပ်ရေတံခွန်ရှိရာကို ဆက်လက်လမ်းလျှောက်လာခဲ့ကြတယ်။ ဒီလိုလမ်းလျှောက်လာကြရင်းနဲ့ ပြင်ဦးလွင်မြို့သူ၊ မြို့သားတိုင်းသိရှိကြတဲ့ ဦးနှောင်းဂူကို ဝင်ရောက်လေ့လာကြဖို့ စီစဉ်လိုက်တယ်။ ဒါပေမဲ့ ဂူအနီးကို ရောက်ခါနီးမှ ဂူအတွင်းမှာ ခွေးမကြီးတစ်ကောင်က ခွေးကလေးတွေ သားပေါက်နေတယ်ဆိုတာကြောင့် ဝင်လို့မရကြတော့ပါဘူး။ ဦးနှောင်းဂူဆိုတာက မြန်မာနိုင်ငံ လွတ်လပ်ရေးခေတ်ကြိုကာလတုန်းက ရသေ့ကြီးဦးနှောင်းဆိုသူ တရားကျင့်ကြံအားထုတ်ခဲ့တဲ့ ဂူငယ်လေးဖြစ်ပါတယ်။ ဂူအတွင်းမှာ လူတစ်ယောက်သက်သောင့်သက်သာ အိပ်စက်အနားယူ၊ တရားကျင့်ကြံအားထုတ်လို့ရနေတယ်။ ဂူရဲ့အနီးဝန်းကျင်မှာလဲ တောရကျောင်းလေးတွေရှိနေတာကြောင့် သံဃာတော်တချို့က ရံဖန်ရံခါ ဂူထဲဝင်ပြီး တရားထိုင်၊ တရားကျင့်တာမျိုးတွေ လုပ်တတ်ကြတယ်။ ဂူလေးက အနည်းငယ်ကျဉ်းတယ်ဆိုပေမဲ့ မိုးလုံလေလုံရှိပါတယ်။ ဒါ့ပြင် ဂူပတ်ဝန်းကျင်မှာ သစ်ရိပ်၊ ဝါးရိပ်တွေ၊ တောင်ကမ်းပါးတွေ၊ ဂဲလောင်ချောင်းရေတွေနဲ့ သာသာယာယာရှိနေပြန်တယ်။ လူသူအရောက်အပေါက်၊ အသွားအလာနည်းပါးတာကြောင့်လဲ အမြဲလိုလို တိတ်ဆိတ်နေတတ်ပါတယ်။

ဦးနှောင်းဂူကို ကျော်လာခဲ့ပြီး ဂဲလောင်ချောင်းရဲ့အနီးကုန်းမြင့်ပေါ်တက်လိုက်တာနဲ့ များပြားလှတဲ့ ဘုရားစေတီတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေကို တွေ့မြင်ဖူးမြော်လိုက်ကြရတယ်။ ဒီလိုဘုရားစေတီတွေ၊ ရုပ်ပွားတော်တွေကို တစ်နေရာတည်းမှာ များပြားစွာတွေ့မြင်ရတဲ့အတွက်ကြောင့်လဲ ကလေးတွေ ဝမ်းသာပျော်ရွှင်သွားကြတာကို သတိထားမိလိုက်သလို လက်ညှိုးလေးတွေထိုး၊ လက်အုပ်လေးတွေချီရင်း မေးခွန်းတွေ မေးမြန်းကြတော့တယ်။ မုဒြာအမျိုးမျိုးနဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ၊ စေတီတော်တွေကို ပြသပြီး ရှင်းပြရတယ်။ ကလေးတွေက ရုပ်ပွားတော်တိုင်း၊ စေတီတော်တိုင်းမှာ ရှိခိုးကန်တော့ကြပြီးတာနဲ့ ဒီလိုရှိခိုးကန်တော့ရင် ကုသိုလ်ရသလားဆိုပြီးတော့လဲ ထပ်မံမေးမြန်းကြတယ်။ မိမိက ကုသိုလ်ရကြောင်း၊ ကောင်းတာလုပ်တာဖြစ်ကြောင်းပြောပြ၊ ရှင်းပြပြီးတာနဲ့ ဒါဆိုရင် ဒီလိုကုသိုလ်ရတာတွေလုပ်ပြီးရင် ဖမ်းထားတဲ့ငါးတွေကို အိမ်ယူမသွားတော့ဘူး၊ ချောင်းထဲမှာ ပြန်လွှတ်ပေးတော့မယ်ဆိုပြီး နီးစပ်ရာ ချောင်းရေထဲကို သူတို့ဖမ်းထားခဲ့ကြတဲ့ ငါးလေးတွေ၊ ပုစွန်လေးတွေ၊ ကဏန်းလေးတွေကို ပြန်လွှတ်ပေးကြတော့တယ်။

ငါးလေးတွေကို ရေထဲပြန်လွှတ်ပေးနေကြတဲ့ အချိန်မှာ ကလေးတွေရဲ့မျက်နှာမှာ ဝမ်းသာကြည်နူးမှုတွေကို တွေ့မြင်နေရသလို အားလုံးက ပျော်ရွှင်နေကြတာကိုလဲ သတိထားမိလိုက်တယ်။ ဘုရားစေတီတွေ၊ ရုပ်ပွားတော်တွေကို ရှိခိုးကန်တော့အပြီး ငါးတွေကို ကုန်အောင်လွှတ်ပြီးကြတာနဲ့ လာလမ်းအတိုင်း သုံးထပ်ရေတံခွန်ကိုဖြတ်ပြီး ကားရှိရာကို ပြန်လာခဲ့ကြတယ်။ အလာခရီးတုန်းက ငါးဖမ်းကြရတော့မယ်ဆိုတဲ့ စိတ်လေးတွေနဲ့ ပျော်ရွှင်မြူးထူးနေကြတဲ့ ကလေးတွေက အခုအပြန်ခရီးမှာလဲ ဝမ်းသာပျော်ရွှင်နေကြတယ်။ ဒါပေမဲ့ ဝမ်းသာပျော်ရွှင်ပုံချင်း မတူညီကြတာကို သူတို့ကိုယ်တိုင် သိမြင်ခံစားမိမယ်လို့ ထင်ပါတယ်။

ဒီနေ့ခရီးစဉ်က အခြားမြို့ရွာတွေကိုသွားတဲ့ မိုင်ရာထောင်ချီခရီးမဟုတ်ဘဲ မိမိတို့ပြင်ဦးလွင်မြို့အနီးက အကျိုးရှိတဲ့ ခရီးတစ်ခုဖြစ်သွားခဲ့ရပါတယ်။ ကလေးတွေကိုယ်တိုင် ရေကူး၊ မြင်းစီး၊ ငါးဖမ်းကြရင်းနဲ့ ဘုရားစေတီတွေကို ဖူးမြော်ကြရသလို ဗဟုသုတတွေ၊ ကုသိုလ်တွေ၊ ကောင်းတဲ့အသိအမြင်အတွေးအခေါ်တွေကို ရရှိသွားခဲ့ကြရတယ်။ ဒါကြောင့်လဲ ကလေးတွေအားလုံးက နောက်ထပ်ကျောင်းပိတ်ရက်တွေမှာ ကျန်တဲ့နေရာတွေကို လိုက်လံပို့ဆောင်ပေးဖို့ တောင်းဆိုပူဆာကြတော့တယ်။ ကျောင်းပိတ်ရက် အလျဉ်းသင့်ရင်တော့ ထပ်မံပို့ဆောင်ပေးမယ်လို့ ပြောဆိုပြီး ပြန်လာခဲ့ကြရတယ်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကလေး အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၂၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်း ၁၂၇၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

# လက်ပံတန်းမြို့နယ် မိုးအိုင်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**လက်ပံတန်း အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် မိုးအိုင်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက မိုးအိုင်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်း ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသက်စိုးထံမှ သိရသည်။

**အေးမြတ်**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်ထံမှ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဩဂုတ်လအတွင်းက ငါးရှဉ့်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး စက်တင်ဘာလအတွင်း ငါးရှဉ့် ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ငါးရှဉ့်တွေ သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအား တက်ခဲ့တာကလဲ ပြည်တွင်းငါးရှဉ့်မွေးမြူရေး လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာကြောင့်လို့ သိရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက



တင်ပို့ပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဆက်လက် ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလိုငါးရှဉ့်တွေ ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးသူတွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တောင်ကြီးမြို့နယ် ပင်ငိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဆီးကျေးရွာအုပ်စု ပင်ငိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ပင်ငိုကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၇၁၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပင်ငိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၇၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



# ရေနံချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သဖန်းချောင်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါသဖန်းချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **နော်လူး**

# အယ်လ်နီညိုကာလ သတိပြုကျော်လွှားဖြတ်သန်းကြစို့

မောင်မောင်ထွန်း(ပန်းပျိုးအိမ်)

**❖ အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာ အီကွေတာတစ်လျှောက် အလယ်ပိုင်းနှင့် အရှေ့ပိုင်းပင်လယ်ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက် မြင့်တက်လာခြင်းနှင့် လေထုအတွင်း ဆက်စပ်ပြောင်းလဲမှုများဖြစ်ပေါ်လာသည့် El NioSouthern Oscillation (ENSO)ဖြစ်စဉ်၏ ပူနွေးသည့် အဆင့်တစ်ရပ်ဖြစ်သည်။ သမုဒ္ဒရာတစ်နေရာတွင် ဖြစ်ပေါ်သည့် အပူချိန်ပြောင်းလဲမှုတစ်ခုက ကမ္ဘာ့အခြားဒေသများ၏ မိုးရွာသွန်းမှုပုံစံ၊ အပူချိန်နှင့် လေထုလည်ပတ်မှုများကိုပါပြောင်းလဲစေနိုင်ခြင်းသည် သဘာဝရာသီဥတုစနစ်၏ အပြန်အလှန်ဆက်စပ်မှုကို ပြသနေခြင်းပင်ဖြစ်သည်။ ❖**

ယခုနှစ်၏ ရာသီဥတုအခြေအနေများကို စောင့်ကြည့်လေ့လာကြည့်လျှင် သာမန်နှစ်များနှင့် မတူသည့် ရာသီဥတုပုံစံတချို့ကို တွေ့မြင်နေရသည်။ မိုးရွာသွန်းမှုပုံစံ မမှန်ခြင်း၊ အပူချိန်မြင့်တက်လာခြင်း၊ မိုးလေဝသဖြစ်စဉ်များ အချိန်အခါမတူဘဲ ဖြစ်ပေါ်လာခြင်းတို့သည် လူနေမှုဘဝ၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိလာနိုင်သည်။ ထိုအခြေအနေများအနက် လက်ရှိကမ္ဘာ့ရာသီဥတုကို အထူးသဖြင့် စောင့်ကြည့်ရမည့် ဖြစ်စဉ်တစ်ရပ်မှာ အယ်လ်နီညိုဖြစ်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO)၏ ၂၀၂၆ ခုနှစ် စက်တင်ဘာလထုတ်ပြန်ချက်အရ အပူပိုင်းပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက် သိသိသာသာမြင့်တက်နေပြီး အယ်လ်နီညိုဖြစ်စဉ်သည် ဆက်လက်အားကောင်းလာနိုင်ကြောင်း၊ ၂၀၂၆ ခုနှစ်နှောင်းပိုင်းတွင် အလွန်အားကောင်းသည့်အဆင့်သို့ ရောက်ရှိနိုင်ပြီး ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလထိ ဆက်လက်တည်ရှိနိုင်သည်။

အမေရိကန် အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးအဖွဲ့ (NOAA)၏ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၀ ရက် ထုတ်ပြန်ချက်တွင်လည်း အယ်လ်နီညိုသည် ပိုမိုအားကောင်းလာနေပြီး မြောက်ကမ္ဘာခြမ်း ဆောင်းဦးနှင့် ဆောင်းရာသီကာလအတွင်း very strong event ဖြစ်လာနိုင်ခြေ ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် စက်တင်ဘာလမှ ဖေဖော်ဝါရီလထိ ကာလသည် အယ်လ်နီညို၏ သက်ရောက်မှုများကို အထူးသတိပြုစောင့်ကြည့်ရမည့်ကာလဖြစ်သည်။

**ပစိဖိတ်သမုဒ္ဒရာမှ စတင်သည့် ရာသီဥတုလှိုင်း**

အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာ အီကွေတာတစ်လျှောက် အလယ်ပိုင်းနှင့် အရှေ့ပိုင်း ပင်လယ်ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက် မြင့်တက်လာခြင်းနှင့် လေထုအတွင်း ဆက်စပ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည့် El NioSouthern Oscillation (ENSO)ဖြစ်စဉ်၏ ပူနွေးသည့် အဆင့်တစ်ရပ်ဖြစ်သည်။ သမုဒ္ဒရာတစ်နေရာတွင် ဖြစ်ပေါ်သည့် အပူချိန်ပြောင်းလဲမှုတစ်ခုက ကမ္ဘာ့အခြားဒေသများ၏ မိုးရွာသွန်းမှုပုံစံ၊ အပူချိန်နှင့် လေထုလည်ပတ်မှုများကိုပါ ပြောင်းလဲစေနိုင်ခြင်းသည် သဘာဝရာသီဥတုစနစ်၏ အပြန်အလှန်ဆက်စပ်မှုကို ပြသနေခြင်းပင်ဖြစ်သည်။

အယ်လ်နီညိုသည် ပုံမှန်အားဖြင့် နှစ်နှစ်မှ ခုနစ်နှစ်အတွင်း တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိပြီး တစ်ကြိမ်လျှင် ကိုးလမှ ၁၂ လထိ ကြာမြင့်နိုင်သည်။ ထို့ပြင် အများအားဖြင့် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း အားအကောင်းဆုံးအဆင့်သို့ ရောက်လေ့ရှိသည်ဟု WMOက ဖော်ပြထားသည်။ သို့ရာတွင် အယ်လ်နီညိုအားကောင်းလေလေ မြန်မာနိုင်ငံတွင် သက်ရောက်မှုတိတိကျကျ ပိုဆိုးလေလေဟု တိုက်ရိုက်သတ်မှတ်၍ မရပေ။ WMO ကလည်း ဖြစ်စဉ်၏ အားကောင်းမှုတစ်ခုတည်းဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ သက်ရောက်မှုပမာဏကို တိုင်းတာ၍ မရကြောင်း၊ ဒေသနှင့် ရာသီအလိုက် ကွာခြားနိုင်ကြောင်း သတိပေးထားသည်။ ထို့ကြောင့် ကြောက်ရွံ့ခြင်းထက် သိရှိခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းက ပို၍ အရေးကြီးသည်။

**မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒဌာန သတိပေးချက်**

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန (DMH) ကလည်း အယ်လ်နီညိုဖြစ်စဉ်ကို လအလိုက် စောင့်ကြည့်သုံးသပ်ပြီး သတင်းထုတ်ပြန်လျက်ရှိသည်။ ၂၀၂၆ ခုနှစ်ဇွန်လတွင် အယ်လ်နီညိုအခြေအနေပေါ်ပေါက်လာနိုင်ပြီး နှစ်ကုန်ပိုင်းတွင် အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ် ဖြစ်ပေါ်လာနိုင်ကြောင်း DMHက သတိပေးခဲ့သည်။ ဇူလိုင်လတွင် အယ်လ်နီညိုသည် အလယ်အလတ်အဆင့်သို့ ရောက်လာပြီး နှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့်အဆင့် ဖြစ်လာနိုင်ကြောင်း ထပ်မံထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၁ ရက် ထုတ်ပြန်ချက်တွင် အလွန်အားကောင်းသည့် အယ်လ်နီညိုအခြေအနေဖြစ်လာနိုင်ကြောင်း၊ စက်တင်ဘာလအတွင်း အားကောင်းလာနိုင်ပြီး ၂၀၂၆ ခုနှစ် နှောင်းပိုင်းတွင် အလွန်အားကောင်းသည့်အဆင့်သို့ ရောက်နိုင်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် စက်တင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်တွင် ပစိဖိတ်အီကွေတာဒေသ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုအခြေအနေများသည် အလွန်အားကောင်းသည့် အယ်လ်နီညိုအခြေအနေကိုပြသနေပြီး ၂၀၂၆ ခုနှစ် နှောင်းပိုင်းတွင် အမြင့်ဆုံးအခြေအနေသို့ ရောက်နိုင်ကြောင်း DMH က ထပ်မံအသိပေးထားသည်။

မြန်မာနိုင်ငံအတွက် အယ်လ်နီညို၏ အဓိကစိုးရိမ်စရာများမှာ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ခြောက်သွေ့မှုနှင့် ရေရှားပါးမှုအန္တရာယ်တို့ဖြစ်သည်။ မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှုပုံစံနှင့် ENSO ဆက်နွယ်မှုကို လေ့လာထားသည့် သုတေသနများတွင်လည်း အယ်လ်နီညိုဖြစ်စဉ်များနှင့် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ ခြောက်သွေ့မှုတို့ကြား ဆက်နွယ်မှုများကို တွေ့ရှိထားသည်။ သို့သော် မြန်မာနိုင်ငံ၏မိုးရာသီသည် ENSO တစ်ခုတည်းဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ Indian Ocean Dipole (IOD)နှင့် အခြားလေထု၊ သမုဒ္ဒရာဆိုင်ရာ အခြေအနေများကလည်း အရေးပါသည်။

၂၀၂၆ ခုနှစ်တွင်လည်း Positive IOD ဖြစ်စဉ် ဖွံ့ဖြိုးလာနိုင်ကြောင်း WMO နှင့် ASEAN ရာသီဥတုခန့်မှန်းချက်များတွင်ဖော်ပြထားသဖြင့် အယ်လ်နီညိုတစ်ခုတည်းကိုသာ ကြည့်၍ ရာသီဥတုအခြေအနေကို ဆုံးဖြတ်မည့်အစား အခြားရာသီဥတုညွှန်းကိန်းများနှင့် ပေါင်းစပ်စောင့်ကြည့်ရန် လိုအပ်သည်။

အယ်လ်နီညိုကာလတွင် မိုးနည်းခြင်းသာမက နေ့အပူချိန် မြင့်တက်ခြင်းသည်လည်း အရေးကြီးသည့် အကျိုးဆက်တစ်ရပ်ဖြစ်နိုင်သည်။ မြန်မာနိုင်ငံ၏ အပူချိန်ပြောင်းလဲမှုကို လေ့လာထားသည့် သုတေသနများအရ ENSO နှင့် IOD တို့သည် မြန်မာနိုင်ငံ၏ အပူချိန်နှင့် ရာသီဥတုအစွန်းရောက်ဖြစ်စဉ်များအပေါ် သက်ရောက်နိုင်ပြီး El Nio နှင့် Positive IODတို့၏ ပေါင်းစပ်သက်ရောက်မှုသည် ပိုမိုပူပြင်းခြင်း၊ ခြောက်သွေ့ခြင်းနှင့် အပူလှိုင်းအန္တရာယ်များနှင့် ဆက်နွယ်နိုင်ကြောင်း တွေ့ရှိထားသည်။

ထို့ကြောင့် လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့် နေ့စဉ်လူနေမှုဘဝတို့တွင် ရာသီဥတုအခြေအနေကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ မိုးနည်းလျှင် ရေကိုချွေတာသုံးစွဲရမည်။ အပူချိန်မြင့်လျှင် အပူဒဏ်ကာကွယ်ရမည်။ ခြောက်သွေ့လျှင် မီးဘေးကို အထူးသတိပြုရမည်။ မိုးလေဝသသတိပေးချက်ရှိလျှင် ကြိုတင်ပြင်ဆင်ရမည်။ ဤသည်တို့မှာ ရိုးရှင်းသော်လည်း လက်တွေ့အရေးကြီးသော ရာသီဥတုခံနိုင်ရည် တည်ဆောက်ခြင်းပင်ဖြစ်သည်။

**တောင်သူလယ်သမားများအတွက် အချိန်မီသတင်းသည် အရေးကြီး**

ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကို အမြန်ဆုံးခံရသူများအနက် တောင်သူများသည် ရှေ့ဆုံးတွင် ပါဝင်သည်။ မိုးစောမည်၊ မိုးနောက်ကျမည်၊ မိုးနည်းမည် ဆိုသည့်အချက်များသည် မျိုးစေ့ရွေးချယ်မှု၊ စိုက်ပျိုးချိန်၊ ရေသုံးစွဲမှုနှင့် ရိတ်သိမ်းချိန်တို့နှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ထို့ကြောင့် ရာသီဥတုခန့်မှန်းချက်ကို နားထောင်ခြင်းသည် ရာသီဥတုသတင်းကိုသာ နားထောင်ခြင်းမဟုတ်။ မိမိ၏ စားဝတ်နေရေးနှင့် စီးပွားရေးဆုံးဖြတ်ချက်ကို အချက်အလက်နှင့် အခြေခံဆုံးဖြတ်ခြင်းဖြစ်သည်။

တောင်သူများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ထုတ်ပြန်ချက်များ၊ ဒေသအလိုက် မိုးရွာသွန်းမှုခန့်မှန်းချက်များနှင့် စိုက်ပျိုးရေးဆိုင်ရာ အကြံပြုချက်များကို ပေါင်းစပ်အသုံးပြုသင့်သည်။

**ရေကို ယနေ့ကတည်းက စီမံထားကြစို့**

အယ်လ်နီညို၏ သက်ရောက်မှုများထဲတွင် ရေရှားပါးမှုသည် အထူးအလေးထားရမည့် အချက်တစ်ရပ်ဖြစ်သည်။ ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်များကို ကြိုတင်စစ်ဆေးထားခြင်း၊ မိုးရေကို စနစ်တကျသိုလှောင်ခြင်းနှင့် ရေဆုံးရှုံးမှုကို လျှော့ချခြင်းတို့သည် အိမ်ထောင်စုအဆင့်မှ စတင်နိုင်သည့် အရေးကြီးသော ကြိုတင်ကာကွယ်မှုများဖြစ်သည်။

ခြောက်သွေ့သည့် ကာလကြာရှည်လာပါက တောမီး၊ မြက်ခြောက်မီး၊ စိုက်ခင်းမီးနှင့် မီးခိုးမြူပြဿနာများကိုလည်း အလေးထားရမည်။ ASEAN ရာသီဥတုစောင့်ကြည့်ရေးဌာန၏ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ခန့်မှန်းချက်များတွင် အယ်လ်နီညိုနှင့် ဆက်စပ်သည့် ခြောက်သွေ့သောအခြေအနေများကြောင့် ဒေသတချို့တွင် မီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူအန္တရာယ်မြင့်တက်နိုင်ကြောင်း သတိပေးထားသည်။ ထို့ကြောင့် ခြောက်သွေ့သောရာသီတွင် တောမီး၊ လယ်ယာမီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်သင့်သည်။ မီးတစ်စသည် သစ်တောတစ်ခုကို လောင်ကျွမ်းစေနိုင်သကဲ့သို့ လေထုအရည်အသွေးကိုလည်း ထိခိုက်စေနိုင်သည်။

ယနေ့ခေတ်တွင် မိုးလေဝသသတင်းအချက်အလက်ရရှိရန် အခွင့်အလမ်းများစွာရှိလာပြီဖြစ်သည်။ သို့သော် သတင်းများပြားလာခြင်းနှင့်အတူ မမှန်ကန်သည့် ခန့်မှန်းချက်များလည်း ပျံ့နှံ့လာနိုင်သည်။ ထို့ကြောင့် မည်သည့်သတင်းကိုမဆို ချက်ချင်းယုံကြည်ခြင်းထက် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ WMOနှင့်ယုံကြည်ရသည့် နိုင်ငံတကာမိုးလေဝသဌာနများ၏ ထုတ်ပြန်ချက်များကို ဦးစားပေးကြည့်ရှုသင့်သည်။

**အစွန်းရောက်ရာသီဥတုကို ကြံ့ကြံ့ခံနိုင်ဖို့**

အယ်လ်နီညိုကို လူသားတို့က တားဆီး၍ မရနိုင်ပေ။ ပစိဖိတ်သမုဒ္ဒရာ၏ အပူချိန်ကိုလည်း မိမိတို့အိမ်တံခါးမှ ထိန်းချုပ်၍ မရနိုင်ပေ။ သို့သော် ရေကို စနစ်တကျသုံးစွဲနိုင်သည်။ အပူဒဏ်ကို ကြိုတင်ကာကွယ်နိုင်သည်။ လယ်ယာစိုက်ပျိုးရေးအစီအစဉ်ကို ရာသီဥတုနှင့်အညီ ပြင်ဆင်နိုင်သည်။ မီးဘေးအန္တရာယ်ကို လျှော့ချနိုင်သည်။ မိုးလေဝသသတင်းကို အချိန်မီရယူနိုင်သည်။ အရေးပေါ်အခြေအနေအတွက် မိသားစုအလိုက် အစီအစဉ်ပြုလုပ်နိုင်သည်။

သို့သော် အယ်လ်နီညိုသည် ဘေးအန္တရာယ်ကျရောက်မည်ဟု ကြိုတင်ကြေညာထားခြင်း မဟုတ်ပေ။ အန္တရာယ်ဖြစ်နိုင်ခြေမြင့်တက်လာသည့်အတွက် ကြိုတင်ပြင်ဆင်ရန် အချက်ပေးနေခြင်းသာဖြစ်သည်။ ထို့ကြောင့် စိုးရိမ်ခြင်းထက် ပြင်ဆင်စရာများပြင်ဆင်ကြရမည်။ ထိတ်လန့်ခြင်းထက် သတင်းမှန်ကို နားထောင်ကြရမည်။ ခန့်မှန်းချက်ကို လျစ်လျူမရှုဘဲ လက်တွေ့လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲကြရမည်။ အယ်လ်နီညိုသည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သော်လည်း ၎င်း၏သက်ရောက်မှုများက ကမ္ဘာ့အနှံ့ ရာသီဥတုစနစ်ကို လှုပ်ခတ်စေနိုင်သည်။ မြန်မာနိုင်ငံအတွက်လည်း မိုးရေ၊ အပူချိန်၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် လူမှုဘဝတို့အပေါ် ဖြစ်နိုင်သည့် သက်ရောက်မှုများကို ကြိုတင်တွက်ဆထားရန်လိုအပ်သည်။

ရာသီဥတုကို မိမိတို့စိတ်တိုင်းကျ မပြောင်းလဲနိုင်သော်လည်း ရာသီဥတုပြောင်းလဲမှုအပေါ် မိမိတို့၏တုံ့ပြန်ပုံကိုတော့ ပြောင်းလဲနိုင်သည်။ ထို့ကြောင့် အယ်လ်နီညိုကာလကို သတိရှိရှိ၊ အချက်အလက်မှန်မှန်ဖြင့်၊ ကြိုတင်ပြင်ဆင်မှု အပြည့်ဖြင့်၊ စည်းလုံးညီညွတ်စွာဖြတ်သန်းသွားကြဖို့ လိုအပ်မည်ဖြစ်သည်။ ယနေ့ပြင်ဆင်ထားခြင်းသည် မနက်ဖြန်၏ ဆုံးရှုံးမှုကို လျှော့ချပေးနိုင်သည်။ ရာသီဥတုဘေးကို ရှောင်လွှဲရန်မဖြစ်နိုင်သော်လည်း ရာသီဥတုဘေး၏ သက်ရောက်မှုကို လျှော့ချရန်မှာ မိမိတို့၏လက်ထဲတွင်သာရှိနေသဖြင့် သတိပြုကျော်လွှားဖြတ်သန်းကြပါစို့ဟူ၍ ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**


- World Meteorological Organization (WMO) El Nio set to become very strong, raising risks of extreme weather into 2027, 3 September 2026.
- Myanmar Department of Meteorology and Hydrology(DMH)El NioCondi–tions News, JuneSeptember 2026 ထုတ်ပြန်ချက်များ။

# ငါးစားသုံးခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ပေါက်ပေါက်

နိုင်ငံတကာ အာဟာရဗေဒပညာရှင်များနှင့် ကျန်းမာရေးသုတေသီများ၏ လေ့လာစမ်းစစ်ချက်များအရ ငါးစားသုံးခြင်းဖြင့် ခံစားရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများကို အောက်ပါအတိုင်းသိရသည်။

ဗြိတိသျှဆေးပညာဂျာနယ်တွင် အဆီထူသောငါးများသည် ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက်ထိပ်ဆုံးမှရှိသင့်သောအစားအစာစာရင်းတွင် ပါဝင်ကြောင်း၊ ကိုယ်ဝန်သည်များ ငါးစားခြင်းအားဖြင့် ပေါင်မပြည့်၊ လမစေ့ကလေးများမွေးဖွားခြင်းကို ကာကွယ်နိုင်ကြောင်းဆိုထားသည်။ အမျိုးသမီးများ၏လိုအပ်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် အဆီထူငါးများတွင်ပါဝင်ရာ ရက်သတ္တပတ်လျှင် ငါးဟင်းလျာကိုနှစ်ကြိမ်ခန့်စားသင့်ပြီး တစ်ကြိမ်တွင် အဆီများသောငါး (ဥပမာ ဆော်လမွန်၊ တူနာငါး)တို့ကိုစားသင့်ကြောင်း သတိပေးထားသည်။ ထို့ပြင် ငါးစားခြင်းသည် နှလုံးရောဂါကိုကာကွယ်ပေးနိုင်သလို စိတ်ကျရောဂါကိုလည်း လျော့ပါးသက်သာစေသည်။

ကိန်းဘရစ်ချ်တက္ကသိုလ်မှ စေတနာ့ဝန်ထမ်းဦးရေ ၇၇၀ ကို လေ့လာစမ်းသပ်ခဲ့ရာ အဆီများသောငါးကို သီတင်းရက်သတ္တပတ်လျှင် အနည်းဆုံးနှစ်ကြိမ်နှုန်းဖြင့် အချိန်ကာလတစ်နှစ်ခန့်စားသုံးသော ပန်းနာရင်ကျပ်ဝေဒနာရှင်များတွင် ၎င်းရောဂါသိသိသာသာ လျော့ပါးသက်သာသွားကြောင်း တွေ့ရသည်။ အဆိုပါလေ့လာမှု၌ ဆော်လမွန်နှင့် မက္ကရာယ်ကဲ့သို့ အဆီများသောငါးတို့တွင် အိုမီဂါ-၃ အဆီများပါဝင်ကြရာ ထိုအဆီများက လူသားတို့၏အဆုတ်ထဲရှိ လေဝင်လေထွက်လမ်းကြောင်းတွင် ရောင်ရမ်းကျဉ်းကျုံ့သွားစေမည့် အရာများထွက်ရှိမှုကို လျော့ပါးစေနိုင်စွမ်းရှိကြောင်း သိရသည်။

ဆက်လက်၍ ငါးစားသုံးမှုနှင့်ပတ်သက်ပြီး အနောက်နိုင်ငံများတွင် နည်းလမ်းအဖုံဖုံ သုတေသနပြုကြရာ နယ်သာလန်နိုင်ငံတွင် ငါးစားသုံးခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုနှုန်းနှင့် ဆက်စပ်မှုရှိကြောင်း၊ ငါးဟင်းလျာကို ပုံမှန်စားသုံးသူများသည် ငါးလုံးဝမစားသူများထက် နှလုံးရောဂါဖြစ်ပွားမှုနှုန်းထက်ဝက်မျှလျော့ပါးစေကြောင်း တွေ့ရသည်။

ဂရင်းလန်းကျွန်းရှိ အက်စကီးမိုးလူမျိုးများသည် တစ်နေ့လျှင် ငါး ၁၄ အောင်စခန့်စားသုံးမှုကြောင့် နှလုံးရောဂါဖြစ်ပွားမှုနှုန်း လွန်စွာနည်းပါးသည်။

ဒတ်ချ်လူမျိုးများကို လေ့လာတွေ့ရှိချက်အရ ပင်လယ်ငါးကိုရက်သတ္တပတ်လျှင် တစ်ကောင်မှ နှစ်ကောင်ထိစားသုံးလျှင် နှလုံးသွေးကြောရောင်ရောဂါကို ကောင်းစွာကာကွယ်နိုင်ကြောင်း၊ ငါးစားသုံးခြင်းသည် အကြောအဆစ်ရောင်ရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါများကို သက်သာပျောက်ကင်းစေကြောင်း၊ ငါးများသည် သွေးဖြူဥများ၏ဓာတ်သဘာဝကိုပြောင်းလဲစေမှုဖြင့် ရောင်ရမ်းမှုကို လျော့နည်းစေကြောင်းသိရသည်။

ပြင်သစ်နိုင်ငံ ဘော်ဒိုးတက္ကသိုလ်မှ သုတေသီများကလည်း ရက်သတ္တပတ်လျှင် ငါးဟင်းနှစ်ကြိမ်စားသည့်သက်ကြီးပိုင်းများသည် ဦးနှောက်ကျန်းမာရေးကို ထိန်းထားနိုင်ဖွယ်ရှိကြောင်းဆိုသည်။ လေ့လာချက်အရ ငါးကိုအထိုက်အလျောက် ပုံမှန်စားသုံးခဲ့လျှင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်စေနိုင်သည့် သွေးကြောရောဂါများကိုကာကွယ်ရာ၌ အထောက်အကူပြုသည်။ငါးဟင်းကို ရက်သတ္တပတ်လျှင် နှစ်ကြိမ်နှင့်အထက်ပုံမှန်စားသုံးမှုသည် အသက် ၆၅ နှစ်နှင့်အထက်သက်ကြီးပိုင်းများ၌ ဦးနှောက်သွေးကြောတစ်ရှူးများပျက်စီးမှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်းနှင့် ပျမ်းမျှအသက် ၇၂ နှစ်ရှိသည့် အမျိုးသားနှင့် အမျိုးသမီးဦးရေ ၁၆၀၀ ၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာပြီးနောက် ငါးစားသုံးမှုနှင့် ဦးနှောက်ကျန်းမာရေးတို့ကြား ဆက်စပ်မှုရှိကြောင်းကို ယခုလိုဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်သည်။



အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသီများသည် အာဟာရဓာတ်များကို ဆန်းစစ်ထားသည့် လေ့လာချက်ပေါင်း ၂၀ ကျော်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အိုမီဂါ-၃ ဖက်တီးအက်စစ်ဖြည့်စွက်ဆေးများကို အနည်းဆုံးသီတင်းနှစ်ပတ်သုံးစွဲထားသူများတွင် ရန်လိုစိတ်နှင့် ဒေါသစိတ်ပေါ်ထွက်နိုင်ခြေမှာ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်းသိရသည်။ အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ရန်လိုစိတ်နှင့် ဒေါသစိတ်များသူများ၌ ပုံမှန်အလုပ်မလုပ်သည့် ဦးနှောက်ယန္တရားစနစ်များကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်းနှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်ကို ငါးကွမ်းရှပ်နှင့် ဆယ်လ်မွန်ငါးများမှ ရရှိနိုင်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ငါးအစားများသော ဂျပန်လူမျိုးများနှင့် နော်ဝေးလူမျိုးများအသက်ရှည်ကြသည်။ အကြောင်းမှုကား အနီရောင်အသားများဖြစ်ကြသည့် ခြေလေးချောင်းသတ္တဝါများတွင် လူကိုဘေးဖြစ်စေတတ်သောပြည့်ဝဆီ ပါဝင်မှုပမာဏများပြားနေပြီး ငါးနှင့် အခွံမာရေသတ္တဝါများတွင်မူ ပရိုတင်းဓာတ်ကြွယ်ဝကာကယ်လိုရီနှင့် အဆီပါဝင်မှုနည်းပါးသည်။ ထို့ကြောင့်ငါးစားသုံးခြင်းကလူသားတို့ကျန်းမာရေးအတွက် အကျိုးကျေးဇူးပိုမိုရရှိနိုင်သည်။

**ရောဂါမျိုးစုံအတွက် ငါးဟင်းလျာအဖုံဖုံ**

မြန်မာလူမျိုးတို့၏ မိရိုးဖလာအရ ငါးစားသုံးမှု မြင့်မားကြသည်။ မြန်မာ့ဆေးပညာရပ်များတွင်လည်း ငါးသည်လုံလောက်သောအာဟာရကို ပေးစွမ်းနိုင်ရုံမျှမက ကျန်းမာရေးရှုထောင့်အရ ရောဂါအမျိုးမျိုးတို့ကို သက်သာပျောက်ကင်းစေသည်။

ရှေးလူကြီးများက အရေပြားတွင်ဖြစ်သော နှင်းခူရောဂါအတွက် ငါးခူခေါင်း၊ ကြက်ချေး၊ သက္ကလတ်စ၊ ညောင်ရွက်၊ တမာရွက်တို့ကိုပြာချပြီး အုန်းဆီ၊ နှမ်းဆီ၊ ရေနံချေးတို့နှင့် အနာကိုလိမ်းကျံခြင်းဖြင့် ကုသခဲ့ကြသည်။

သူငယ်နာကြက်ညှာရောဂါအတွက် ငါးခုံးမကို ကင်ပွန်းရွက်နှင့် ဟင်းချက်၍လည်းကောင်း ကြက်ညှာထခြင်းကို သက်သာစေသည်။သွေးဒူလာဆင်းရောဂါအတွက် ငါးတန်သားကို ဆီးဖြူသီးနှင့်ချက်၍ စားသုံးပေးခြင်းဖြင့် ပျောက်ကင်းစေသည်။ မီးယပ်ပူရောဂါအတွက် ငါးတန်သားကို မန်ကျည်းသီးစိမ်းနှင့်ချက်၍လည်းကောင်း သူငယ်မြင်းသရိုက်ရောဂါအတွက် ငါးတန်သားကို ဆီးဖြူသီးနှင့်ချက်၍ ကလေးငယ်အားကျွေးပေးပါ။ ဆီးလွန်ခြင်း သို့မဟုတ် ဆီးမထိန်းနိုင်ခြင်းအတွက် ငါးတန်သားကို ဆန်လှော်နှင့်ချက်၍စားပါ။ နာတာရှည်အိပ်မပျော်ခြင်းအတွက် ငါးတန်သားကြော်ကို နှမ်းလှော်၊ အုန်းနို့၊ ကြက်သွန်ကြော်တို့ဖြင့် သုပ်စားပေးခြင်းဖြင့် အိပ်ပျော်စေသည်။

ဆီးကျောက်တည်၍ ဆီးမသွားနိုင်သောရောဂါအတွက် ငါးပုတ်သင်၏ဦးခေါင်းမှရရှိသော ကျောက်ကို အမှုန့်ဖြစ်အောင်ကြိတ်ပြီး သံပရာရည်နှင့်ဖျော်သောက်ပေးခြင်းဖြင့် သက်သာစေသည်။

အပူအခိုးအောင်းပြီး ရေငတ်ရောဂါအတွက် ငါးပတ်သားကို ဥသျှစ်ရွက်နှင့် ငါးပေါင်းကြော် ပြုလုပ်၍စားသုံးခြင်းဖြင့် သက်သာစေသည်။သူငယ်အူရောင် ဝမ်းဗိုက်ကြီးရောဂါအတွက် ငါးရံ့သား ကိုပဲကြီးနှင့် ကောက်ညှင်းငချိပ်ဆန်ရောချက်ပြီး ကျွေးပေးပါကသက်သာစေသည်။ ကလေးနို့မစို့ပျို့အန်ခြင်းများအတွက် ငါးရံ့သားကင်နှင့်ချဉ်ပေါင်ကြီးရွက်ကိုရောချက်ပြီးကျွေးပေးပါ။ ရှေးလူကြီးများက ငှက်ဖျားရောဂါအတွက် ငါးကြီးသည်းခြေကို တစ်နေ့လျှင်တစ်လုံးနှုန်းဖြင့် ခုနစ်ရက်ဆက်တိုက်မျိုချခြင်းဖြင့် ကုသလေ့ရှိသည်။ ရင်ကျပ်ခြင်းအတွက် ငါးရှဉ့်သွေးကို သံပရာရည်နှင့်ရောစပ်ပြီး သောက်သုံးပါက ပျောက်ကင်းစေသည်။

ဒူလာ၊ သွေးသွန်၊ မီးယပ်သွေးလွန်ရောဂါများအတွက် ငါးရှဉ့်ကျပ်တိုက်ကိုပြုတ်ပြီး အရိုးနွှင်ကာ အသားကို ဆီးဖြူသီးနှင့်ချက်၍စားပေးပါက လျင်မြန်စွာသက်သာစေသည်။ ငါးမြွေထိုးက အစာကြေညက်လွယ်သည်။ လေရောဂါ၊ သည်းခြေဝေဒနာများကို ကောင်းကျိုးပြုသည်။ သလိပ်ပျော်စေသည်။ အကြောအားကောင်းစေသဖြင့် အမျိုးသားများ စားသုံးသင့်သည်။

ငါးသလဲထိုးတွင် ထုံးဓာတ်နှင့်အသားဓာတ်တို့ အဓိကပါဝင်နေသဖြင့် ကျန်းမာရေးအတွက် လွန်စွာအထောက်အကူဖြစ်စေနိုင်သည်။ အစာကြေလွယ်သည်။ အရိုးကိုကောင်းကျိုးပြုသည်။ လေရောဂါ၊ သည်းခြေရောဂါနှင့် အကြောတက်ခြင်းတို့ကို သက်သာစေသည်။

ငါးနုသန်းက ချိုသောအရသာရှိပြီး နှုတ်မြိန်စေသည်။ လေရောဂါ၊ ချွဲသလိပ်နှင့် သည်းခြေရောဂါတို့ကိုသက်သာပျောက်ကင်းစေသည်။ ငါးပြေမက ချိုလေးသောအရသာရှိသည်။ အစာကြေစေသည်။ သွေးတိုးရောဂါရှိလျှင် အနည်းငယ်မျှသာစားသင့်ပါသည်။ ငါးရံ့က ချိုဆိမ့်သောအရသာရှိပြီး နှုတ်ကိုမြိန်စေသည်။ အစာကြေညက်လွယ်၍ လေ၊ သည်းခြေ၊ သလိပ်တို့ကိုနိုင်သည်။ သုက်ကိုပွားစေတတ်သည်။ သို့သော် များများစားမိပါက ဝမ်းချုပ်တတ်သည်။ ငါးကျည်းက သုက်ကိုပွားစေတတ်သည်။ ချွဲသလိပ်ကိုနိုင်သည်။ လူကိုဝဖြိုးစေတတ်သည်။ မူးမော်ရောဂါအတွက် ငါးကျည်းကို ချဉ်ပေါင်ရွက်နှင့် မကြာခဏ ဟင်းချက်စားပေးသင့်သည်။ ငါးဇင်ရိုင်း၏ ပင်ကိုအရသာက လေးပင်သဖြင့် ဆားထည့်မချက်သင့်ပေ။ သည်းခြေရောဂါနှင့် ချွဲသလိပ်ကို ကောင်းကျိုးပြုသည်။ ဝမ်းသွားခြင်း၊ အိပ်ငိုက်ခြင်းကို ဖြစ်ပေါ်စေတတ်သည်။

ငါးခုံးမက ချောင်းဆိုး၊ ချွဲထ၊ လည်ချောင်းနာ၊ ခံတွင်းပျက်ခြင်းနှင့် လေနာရောဂါတို့ကို သက်သာပျောက်ကင်းစေသည်။ အဆိပ်ပြေစေသည်။ များများစားလျှင် ဝမ်းသွားစေတတ်သည်။

ငါးမြင်းသားက အားပြည့်စေသည်။ အိပ်ပျော်စေသည်။ အဆိပ်ပြေစေသည်။ ဝမ်းသက်စေသည်။ နှလုံးကိုကောင်းကျိုးပြုသည်။ လေ၊ သည်းခြေတို့ကိုနိုင်သည်။ ငါးကြင်းသားကလည်း ချိုဆိမ့်သောအရသာရှိသည်။ လေရောဂါ၊ ချွဲသလိပ်ရောဂါတို့ကို ကောင်းကျိုးပြုသည်။ သုက်ကိုပွားစေတတ်သည်။ မူးမော်ရောဂါစွဲကပ်ခြင်းအတွက် ငါးကြင်းသားကို ဆီးသီးနှင့် ဟင်းချက်စားပေးသင့်သည်။

ငါးမြင်းသားက ချွဲသလိပ်ကျေစေသည်။ အားပြည့်စေသည်။ အိပ်ပျော်စေသည်။ အဆိပ်ပြေစေသည်။ ဝမ်းသက်စေသည်။ နှလုံးကိုကောင်းကျိုးပြုသည်။ လေ၊ သည်းခြေတို့ကိုနိုင်သည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါရောဂါများအတွက် အာဟာရလည်းဖြစ်၊ ဆေးဖက်လည်းဝင်သော ငါးဟင်းလျာတို့ကိုစားသုံးခြင်းဖြင့် သက်ရှည်ကျန်းမာကြပါစေကြောင်းရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၂၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ခ)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ (၂.၃၈)ဧကရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် Mandalay Convention Centre အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | (၁၆-၁၀-၂၀၂၆)ရက်နေ့မှ (၃၁-၁၀-၂၀၂၆)ရက်နေ့ထိ |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် | - | (၃-၁၁-၂၀၂၆)ရက်၊ (၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် လျှောက်လွှာတင်သွင်းရမည့်နေရာ | - | စီမံရေးရာဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (ဃ) | တင်ဒါကျင်းပမည့် ရက်/အချိန်/နေရာ | - | (၉-၁၁-၂၀၂၆)ရက်၊ (၁၄:၀၀)နာရီ အစည်းအဝေးခန်းမ(၃)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၈)ထပ်ဆောင်၊ (ပထမထပ်) |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန ဖုန်း ၀၂-၄၀၆၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်သန်းဇော်၏သမီး မအိန္ဒြေမှူးခန့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မအိန္ဒြာမှူးခန့်** ဖြစ်ပါကြောင်း။

**မအိန္ဒြာမှူးခန့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာနေ ဦးကျုံး၏သား **ဦးဝင်း (ခ) ဦးချို** မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်း (ခ) ဦးချို**
**(၉/အမရ(နိုင်)၀၂၅၃၁၁)**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မဇ္ဈူလမ်း၊ ၅၂ x ၅၃ လမ်းကြားနေ **ဦးနီလာ** (ဘ) ဦးမောင်သောင်း(၉/နထက(နိုင်)၁၁၀၄၃၇)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။




ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးနီလာ** သည် ပူးတွဲဖော်ပြပါ **"ဇလပ်နီ"** ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၅၃၃/၂၀၂၀)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **"ဇလပ်နီ"** အမည်ဖြင့် ဇယန်းလက်ဖက်ညွှန့်နှပ်နှင့် ပဲနှစ်ပြန်ကြော် လက်လီ/လက်ကားရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေး သုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **"ဇလပ်နီ"** အမှတ်တံဆိပ်ဖြင့် ဇယန်းလက်ဖက်ညွှန့်နှပ်နှင့် ပဲနှစ်ပြန်ကြော် လက်လီ/လက်ကားရောင်းဝယ်ရေးလုပ်ငန်းသည် **ဦးနီလာ** ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည် အမှတ်အသားဖြစ်ပါကြောင်း၊ တစ်စုံတစ်ယောက်သောသူသည် ကြေညာသူ၏ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို တုပ၍ဖြစ်စေ၊ အသံထွက်ဖလှယ်၍ဖြစ်စေ၊ ရှေ့-နောက် စကားလုံးတိုး/လျှော့၍ဖြစ်စေ၊ ဘာသာ ပြန်ဆိုရာတွင်ဖြစ်စေ၊ အင်တာနက်လူမှုကွန်ယက်ပေါ်၌ဖြစ်စေ၊ လူမှုကွန်ယက်ပြင်ပရှိ အခြားအင်တာနက်ဝက်ဆိုဒ်များတွင်ဖြစ်စေ၊ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ အတုအပပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိရပါက **ဦးနီလာ**၏လုပ်ငန်းအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | | |
|---|---|---|---|
| **ဦးလှဘုန်း(LL.B)** | **ဦးစိုးမိုးထိုက်(LL.B)** | **ဦးပြည့်ကိုကို(LL.B)** | **ဦးဟိန်းလတ်ဇော်(LL.B)** |
| စဥ်-၁၀၃၈၈ | စဥ်-၈၆၀၂ | စဥ်-၁၄၀၁၂ | စဥ်-၁၈၅၈၅ |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(အေ-၁)၊ ၆၇ လမ်း၊ ၃၁ အေ နှင့် ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


ရတနာပုံ ယနေ့ဖတ်စရာ

တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာမျက်နှာ - ၁၇

နှမ်းသီးနှံစိုက်ပျိုးရေးမှ အရည်အသွေးမြင့် ထုတ်လုပ်မှုဆီသို့ ဆောင်းပါး စာမျက်နှာ - ၁၀


## နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊

စာမျက်နှာ ၂၂ ကော်လံ ၁ ☆



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၁

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက်

စာမျက်နှာ ၁၆ ကော်လံ ၁ ◆

## အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်တွင် ဟောင်ကောင်အသင်းကို အနိုင်ရရှိပြီး မြန်မာအသင်း ခြေစစ်ပွဲအောင်မြင်



ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စက်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍

စာမျက်နှာ ၂၂ ကော်လံ ၁ ●

## Armco Korea Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် ယာမာချီတာ ချန်ပီယံဆု ဆွတ်ခူး

ဆိုးလ် အောက်တိုဘာ ၁၁

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပခဲ့သည့် Armco Korea Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် ယာမာချီတာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်ဟု European Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ နောက်ဆုံးအကျော့ပွဲစဉ်များအဖြစ် ယနေ့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ

စာမျက်နှာ ၁၇ ကော်လံ ၁ ■

